# နန္ဒကျော်သူ

---

ချင်းမိန်သိုင်းလုလင်

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

---

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် တိုက်ခိုက်ချေမှုန်းကြ။

လုံစန်းမြို့....

လုံစန်းမြို့သည် မြို့ငယ်ကလေးတစ်မြို့ ဖြစ်၏။

သို့သော် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စည်ကားသော မြို့ငယ်ကလေးတစ်မြို့ ဖြစ်ပါသည်။

လုံစန်းမြို့၏အနောက်ဘောင်ဘက်၌ မြင့်မားသော တောင်တစ်လုံး ရှိ၏။

ထိုတောင်အား အဝေးမှကြည့်လျှင် နဂါးတစ်ကောင်ရစ်ခွေနေသည်နှင့် တူလှ၏။

ထို့ကြောင့် ထိုတောင်ကို နဂါးတောင် (ဝ၇) လုံစန်းတောင်ဟု ခေါ်ဝေါ်ကြ၏။

လုံစန်းတောင်ကလေးအနီးရှိ မြို့ကလေးကိုလည်း လွယ်လွယ်ကူကူပင် လုံစန်းမြို့ဟု အမည်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

သာယာသော နေ့တစ်နေ့ ဖြစ်၏။

နေ့လယ်ခင်းပိုင်း အချိန်တွင် လုံစန်မြို့ကလေး အတွင်းသို့ မြင်းလှည်းတန်းတစ်ခု ဝင်ရောက်လာလေသည်။

မြင်းခွာသံများကား မိုးလုံးညံသွား၏။

မြင်းလှည်းတန်း၏ထိပ်ဆုံးတွင် ထွားကျိုင်းသော လူ၂–ဦးက အလံများ ကိုင်ဆောင်လျက် မြင်းကို ရင်ပေါင်တန်း စီးလာ၏။

သူတို့၏ အလံပေါ်တွင်....

'လင်းယုန်အာမခံဌာန'

ဟူသော စာလုံးကို ထင်ရှားစွာရေးထား၏။

ထို မြင်းလှည်းအား လုံယန်မြို့မှ ကျော်ကြားလှသော လင်းယုန်အာမခံဌာနမှ မြင်းလှည်းတန်းပင် ဖြစ်ပါသည်။

လင်းယုန်အာမခံဌာနခေါင်းဆောင်မှာ ဝူကျန့် ဖြစ်သည်။

ဝူကျန့်သည် တစ်ချိန်က သိုင်းလောကတွင် ကျော်ကြားခဲ့သော သိုင်းသမားတစ်ယောက် ဖြစ်သည်။

ဝူကျန့်၏ လင်းယုန် လက်သည်း တစ်ဆယ့်ရှစ်သွယ်သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ လေသည်။



ယခု မြင်းလှည်းတန်းကို ဦးဆောင်လာသူမှာ ဝူကျန့်၏ စတုတ္ထသားဖြစ်သူ ဝူစိန်ပင် ဖြစ်သည်။

ဝူစိန်သည် အသက် ၂၇ နှစ်မျှခန့် ရှိ၏။

သူသည် ဖခင်ခြေရာနင်းနိုင်သူဟု အများကပြောဆိုကြ၏။

လက်တွေ့တွင်လည်း ဝူစိန်သည် အာမခံဌာန၏ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သူပင် ဖြစ်သည်။

ဝူစိန် ဦးဆောင်လာသော အာမခံဌာန မြင်းလှည်းတန်းသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်တန့်သွား၏။

ဆိုင်လုလင်ကလေးများက ပြေးထွက်ကာကြိုဆိုလိုက်ကြ၏။

ဝူစိန်က....

'ကဲ.... အားလုံး ခဏနားကြမယ်'

သူက အဖွဲ့သားများအားပြောပြီး မြင်းလှည်းတစ်စီးသို့ လျှောက်သွားကာ တံခါးကိုဆွဲဖွင့်လိုက်၏။

'အစ်မကြီး၊ လုံစန်းမြို့ကိုရောက်ပါပြီခင်ဗျာ'

မြင်းလှည်းအတွင်း၌ အမျိုးသမီးနှစ်ယောက် ရှိ၏။

တစ်ယောက်သည် အသက် လေးဆယ်ဝန်းကျင်ခန့် ရှိပြီး တစ်ယောက်မှာမူ အသက် ၁၈-နှစ်ကျော်ခန့်သာရှိ၏။

အပျိုကြီးမှာ လှပဆဲပင်ဖြစ်၏။

ထို့အတူ အမျိုးသမီးငယ်မှာလည်း ချောမောလှ၏။

သူတို့နှစ်ဦး၏ရုပ်ရည်မှာဆင်တူသဖြင့်သားအမိဖြစ်ကြောင်း မပြောဘဲနှင့် သိနိုင်ပေသည်။

အမျိုးသမီးနှစ်ဦးသည် ခရီးပန်းပြီး နွမ်းနယ်နေကြဟန်ရှိပေသည်။

အမျိုးသမီးကြီးတို့သားအမိသည် မြင်းလှည်းပေါ်မှဆင်းကာ ဦးစိန်အား ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်ကွယ်'

ဦးစိန်က ပြုံးလျက်....

'မလိုပါဘူးခင်ဗျာ၊ ကဲ လာကြပါ၊ ဒီလုံစန်းမြို့မှာတော့ ဒီဆိုင်ဟာ အစားအသောက်ကောင်းတဲ့ သန့်ရှင်းတဲ့ အခန်းတွေလည်း ရှိပါတယ်၊ အစ်မကြီးတို့ ဒီမှာပဲ တည်းခိုနိုင်ကြပါတယ်။

အမျိုးသမီးကြီးက....

'မောင်လေးကူညီလို့သာပေါ့ကွယ်၊ မဟုတ်ရင် အစ်မကြီးတို့သားအမိ ယောင်ချာချာဖြစ်နေရမှာ....'

သူတို့သည် စားသောက်ဆိုင် အတွင်းသို့ ဝင်လာခဲ့ကြလေသည်။



စေ့ဟွား—

စေ့ဟွား စားသောဆိုင်နှင့် တည်းခိုခန်းသည် လုံစန်းမြို့၏ အကောင်းဆုံးပင်ဖြစ်သည်။

ခြံဝင်းထိပ် လမ်းမနှင့် ကပ်လျက်တွင် စားသောက်ဆိုင် ဖွင့်လှစ်ထား၏။

ခြံဝင်းအလယ်တွင်မူ အဆောင်များ ဆောက်လုပ်ထားပြီး တည်းခိုခန်းအဖြစ် ဖွင့်လှစ်ထားခြင်းပင် ဖြစ်သည်။

ဦးစိန်တို့သည် စားသောက်ပြီးနောက် ခရီးမဆက်မီ အမျိုးသမီးကြီးတို့အား ထို စေ့ဟွားစားသောက်ဆိုင်တွင် အဆောင်ငယ်တစ်ခု ငှားရမ်းပေးခဲ့လေသည်။

ထို့နောက် ဦးစိန်တို့လူစုသည် ရှေ့သို့ ခရီးဆက်လက် ထွက်ခွာသွားလေတော့သည်။

ပန်းဥယျာဉ်ငယ်တစ်ခု...

လှပသော ပန်းဥယျာဉ်ကလေးဖြစ်၏။

ထိုပန်းဥယျာဉ်ကလေးနှင့် ကပ်လျက် အဆောင်ငယ်တစ်ခု အတွင်း၌ မီးလင်းနေ၏။

သူတို့သည် မအိပ်သေးဘဲ စကားပြောနေကြ၏။

မိန်းကလေးက....

'တော်သေးတာပေါ့၊ လုံစန်းမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်၊ လင်းယုန်အာမခံဌာနရဲ့ ကျေးဇူးပဲနော် မေမေ'

အမျိုးသမီးကြီးက သက်ပြင်းချလိုက်ပြီး....

'ကူညီစောင့်ရှောက်မယ့်သူ တွေ့ရမှာပေါ့သမီးရယ်၊ တကယ်ဆို မေမေက ခရီးထွက်ချင်တာမဟုတ်ဘူးကွယ်။ သမီးကြောင့်သာ'

မိန်းကလေးက....

'မေမေရယ်....သမီး အခု အသက် ၁၉ နှစ်ရှိပြီ၊ သမီးရဲ့ ဖေဖေကို တွေ့မြင်ချင်တာ'

အမျိုးသမီးကြီးက....



'သမီးဖေဖေက ထွက်သွားတာ ကြာခဲ့ပြီပဲ၊ သူ ပြန်မလာချင်လို့ မလာတာကို မေမေက လိုက်ရှာဖွေရတဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး'

အမျိုးသမီးကြီးမှာ သူမခင်ပွန်းအပေါ်တွင် စိတ်နာနေဟန် ရှိပေသည်။

မိန်းကလေးက မိခင်ဖြစ်သူ၏ရင်ခွင်တွင်ခေါင်းဝှေ့လိုက်ပြီး-

'မေမေရယ်.... လုံစန်မြို့အထိ ရောက်အောင်လာပြီးမှတော့ ဒါတွေ ပြောမနေပါနဲ့တော့နော်'

အမျိုးသမီးကြီးက သက်ပြင်းချလိုက်ပြီး....

'အင်းပါ....အင်းပါ... ဒါပေမယ့် သမီး ကတိပေးထားတဲ့ အတိုင်း အချိန်လစ်လပ်ပေးနိုင်မယ့် သူတစ်ပါးမြို့ရွာမှာ မိန်းမသား နှစ်ယောက်တည်း တည်းခိုနေထိုင်ဖို့က မသင့်တော်ဘူး ဆိုတာ သမီး နားလည်ပါ'

မိန်းကလေးက...

'သမီး နားလည်ပါတယ်မေမေ၊ ဖေဖေ့ကို ဒီ လုံစန်းမှာ လွန်ခဲ့တဲ့ ရက် ၂၀ လောက်က တွေ့ခဲ့တယ်ဆိုတော့ တစ်လ မကြာခင် ဖေဖေ့သတင်း စုံစမ်းလို့ရမယ်လို့ သမီး ယုံကြည် မျှော်လင့်ထားပါတယ်'

အမျိုးသမီးကြီးက....

'ကဲ-ကဲ-ခရီးပန်းလာတယ်၊ သမီးစောစော အနားယူတော့'

'မေမေခကာ'

'မေမေ တရားမှတ်လိုက်ဦးမယ်'

မကြာမီ အခဆောင်ငယ်အတွင်းမှ မီးရောင် ပျောက်ကွယ်သွားလေတော့တည်း။

မင်းလမ်းမ—

လုံစန်းမြို့၏ မင်းလမ်းမတစ်နေရာတွင် မီးအိမ်အနီတစ်လုံးချိတ်ဆွဲထားသော ဂေဟာရှိ၏။

ထိုဂေဟာတွင် အမည် ဆိုင်းဘုတ် မရှိပါ။

လူအများက ထိုဂေဟာအား မီးအိမ်နီဂေဟာဟု အမည် ပေးထားကြ၏။



မီးအိမ်အနီထွန်းညှိထားလျှင် ဂေဟာဖွင့်၏။

မီးအိမ်အနီ ငြိမ်းသတ်ထားလျှင် ဂေဟာပိတ်၏။

ဤသည်မှာ မီးအိမ်နီဂေဟာ၏ သင်္ကေတဘာစ်ခုပင် ဖြစ်သည်ကို လုံစန်း မြို့သူမြို့သားတိုင်း သဘောပေါက် နားလည်ထားကြပြီး ဖြစ်ပါသည်။

ယနေ့လည်း သန်းခေါင်ကျော်ပြီဖြစ်ရာ မီးအိမ်နီ ငြိမ်းသတ်ထားသလို ဂေဟာတံခါးလည်း ပိတ်ထားပြီး ဖြစ်သည်။

လမ်းမပေါ်တွင်လည်း လူသွားလူလာ ရှင်းနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတလေ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံမှအပ အခြားအသံမရှိဘဲ တိတ်ဆိတ်နေ၏။

ထိုစဉ်မှာပင် သီချင်းသံ ထွက်ပေါ်လာ၏။

စည်းဝါးမကျ၊ စကားမပီ၊ သံစဉ်မရှိ၊ ဆိုချင်သလို ဆိုလိုက်သော သီချင်းသံပင် ဖြစ်သည်။

လျှာလေးအာလေးနှင့်ဆိုလိုက်သောသီချင်းသံသည် အရက်မူးနေသူ တစ်ဦးထံမှ ဖြစ်သည်ကို ကြားရုံနှင့် သိနိုင်၏။

သီချင်းသံအဆုံးတွင်....

'သိပ်ကောင်းတယ်'

'အလွန်ကောင်းတယ်'

သီချင်းဆိုသူနည်းတူ မှုးယစ်နေဟန်ရှိသူနှစ်ဦးထံမှ ချီးကျူးသံက ထွက်ပေါ်လာ၏။

မကြာမီမှာပင် ခြေသံများ ကြားလိုက်ရပြီး မင်းလမ်းမပေါ်သို့ လူသုံးယောက် ရောက်ရှိလာ၏။

ထိုလူသုံးယောက်အနက် တစ်ယောက်သည် အဖိုးတန်ဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်၏။

အသက် ၂၃-၂၄ ခန့်သာရှိ၏။

သူ၏ရုပ်ရည်ကား အလွန်ချောမော၏။

မင်းသားလေးတစ်ပါးပင် ဖြစ်သည်။

သူ့နံဘေးဝဲယာတွင် အသက် ၃၀ကျော်ခန့် လူနှစ်ယောက်ပါလာ၏။

ထိုလူနှစ်ဦး၏ခါးတွင် ဓားကိုယ်စီချိတ်ဆွဲထား၏။

မင်းသားလေး၏ ကိုယ်ရံတော်နှစ်ယောက်ပင်ဖြစ်သည်။



မကြာမီ မင်းသားလေးတို့လူစုသည် မီးအိမ်နီဂေဟာရှေ့သို့ ရောက်ရှိလာလေသည်။

မင်းသားလေးက ခြေလှမ်းရပ်တန့်လိုက်၏။

'ဟာ....မီးအိမ်နီဂေဟာပါလား၊ ငါတို့ဝင်ပြီး လောင်းကစားရင်ကောင်းမယ်ထင်တယ်ဟိုင်ချီ'

ဟိုင်ချီက မီးအိမ်နီဂေဟာကို လှမ်းကြည့်လိုက်ရာ တံခါးပိတ်ထားသည်ကို တွေ့လိုက်ရသဖြင့်....

'ဂေဟာတောင်ပိတ်နေပြီ၊ မင်းသားလေး ကစားချင်ရင် နောက်နေ့မှပဲ စောစော လာကစားကြတာပေါ့'

မင်းသားလေး၏ မျက်နှာပေါ်တွင် အလိုမကျဟန်အထင်းသား ပေါ်လွင်လာလေသည်။

'ငါ ကစားချင်တာ ကစားခွင့်မရဘူးတဲ့လားကွ'

ဟိုင်ချီက....

'မင်းသားလေး ကစားချင်တဲ့ဆန္ဒရှိရင် ဘယ်သူကဆန့်ကျင်ဝံ့မှာလဲဗျာ'

ဟု မီးလောင်ရာ လေပင့်ပေးလိုက်၏။

ဟိုင်ချီ သက်ပြင်းချလိုက်၏။

မင်းသားလေးက သဘောကျစွာ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား သိပ်မှန်တာပေါ့၊ ကဲ....ထိုင်၊ ကျုပ် ရောက်လာကြောင်း သွားပြောလိုက်ပါ'

ဟိုင်ချီက ချက်ချင်းပင် မီးအိမ်နီဂေဟာတံခါးကို တဒုန်း ဒုန်းနှင့် ထုနှက်လိုက်လေသည်။

'ဘယ်သူလဲကွ လာဆူတာ'

အော်ငေါက်သံနှင့်အတူ တံခါးပွင့်လာ၏။

ဒေါသထွက်နေသော လူထွားကြီး၏ မျက်နှာ ချက်ချင်း ပြေလျော့သွား၏။

အော်ငေါက်သံမှာလည်း တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား လေသည်။

လူထွားကြီးမှာ မီးအိမ်နီဂေဟာမှ လူမိုက်ပင် ဖြစ်၏။

သူ၏ခန္ဓာကိုယ်က ထွားကျိုင်းလှ၏။

သူ၏ လက်သီးတစ်ချက်သည် နွားပေါက် တစ်ကောင်ကို ဘုန်းခနဲ လဲကျသွားနိုင်သည်ဟု ပြောကြ၏။

မီးအိမ်နီ ဂေဟာတွင် ဖြစ်ပွားသော ပြဿနာမှန်သမျှကို လူထွားကြီးကသာ ဒိုင်ခံဖြေရှင်းပေး၏။



သူ့အား အများက ဗလကြီးဟုသာ ခေါ်ကြ၏။

တော်ရုံတန်ရုံ ပြဿနာရှာသူများသည် ဗလကြီး၏မျက်နှာ တွေ့လျှင် ချက်ချင်း နောက်တွန့်သွားကြရ၏။

မဟုတ်ပါက ဗလကြီး၏ ကြီးမားသော လက်သီးချက်ကို ထိမှန်ခံရမည်မှာ သေချာလှသည်။

ယခုလူမိုက်ဗလကြီးသည် ဒေါနှင့်မောနှင့် ထွက်လာရာမှ ဟိုင်ချီအားတွေ့သောအခါ သွားဖြဲပြလိုက်ပြီး –

'ညကြီးမိုးချုပ်မှ ဘာကိစ္စလဲဗျ'

လေသံကလည်း ပျော့ပျောင်းသွား၏။

ဟိုင်ချီက....

'လောင်းကစားအိမ်လာတာ လောင်းကစားဖို့ပဲပေါ့'

ဗလကြီးက....

'ခွင့်လွှတ်ပါဗျာ.... ဆိုင်ပိတ်သွားပါပြီ၊ လူတွေလဲ တစ်ယောက်မှ မရှိတော့ပါဘူး'

ဟိုင်ချီက....

'ကျုပ်တို့မင်းသားလေးက ကစားချင်တာဗျ'

ဗလကြီးက....

'ကျုပ် တောင်းပန်ပါတယ်၊ အခု လောင်းကစားမယ့်လူ တစ်ယောက်မှ မရှိတော့ပါဘူး၊ မနက်ဖြန်မှ လာခဲ့ပါ၊ ကျုပ် ဝိုင်းကောင်းကောင်း စီစဉ်ထားပေးပါ့မယ်'

ဟိုင်ချီ၏လေသံက ပို၍အေးစက်၏။

'ကျုပ်တို့မင်းသားလေးက အခုပဲ ကစားချင်နေတယ်'

ဗလကြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

သူသည် ဗလကြီး၏ကုတ်မှဆွဲကာ တွန်းထုတ်လိုက်၏။

'ဝုန်း'

ဗလကြီးမှာ နောက်သို့ပက်လက်လန် လဲကျသွား၏။

'မ....မလုပ်ပါနဲ့ဗျာ'

ထိုစဉ် အတွင်းခန်းမှ အဘိုးအိုတစ်ယောက် ထွက်လာ၏။

'ဗလကြီး၊ မင်းဟာ ခေါင်းမရှိပါလားကွ၊ မင်းသားလေးက ကစားချင်ရင် ကစားခွင့်ပြုပေးရမှာပေါ့'

ထိုအဘိုးအိုကား မီးအိမ်နီဂေဟာပိုင်ရှင်ပင် ဖြစ်ပါတယ်။

ဗလကြီးက....

'ကစားမယ့်လူ မရှိတော့လို့ပါ သခင်ကြီး'



ဆိုင်ရှင်အဘိုးအိုက....

'မင်းရှိတယ်၊ ငါရှိတယ်၊ ဟောဒီမှာ ဟိုင်ချီလဲ ရှိတယ်'

သူကပြောရင်း ဟိုင်ချီဘက်လှည့်ကာ ဦးညွတ်လိုက်

'မင်းသားလေးကို အထဲကြွဖို့ဖိတ်ခေါ်လိုက်ပါ၊ ပန်းတစ်ရ အရက်သုံးဆောင်ရင်း ပိုက်ကျူးကစားကြမယ်'

ဟိုင်ချီက သဘောကျစွာ ရယ်မောလိုက်လေသည်။

မင်းသားလေး ဟို့ကွမ်း....

လုံစန်းမြို့ တစ်မြို့လုံးကား မင်းသားလေး ဟို့ကွမ်းကို မလွန်ဆန်ဝံ့ပါ။

မင်းသားလေး ဟို့ကွမ်းအား ဆန့်ကျင်ပြောဆိုသူသည် ဒုက္ခရောက်ရဆည်သာ ဖြစ်၏။

မင်းသားလေးဟို့ကွမ်း၏ ဖခင်ဟို့ထန်ကျုံးသည် လုံစန်းမြို့အပါအဝင် မြို့ငါးမြို့ကို အုပ်ချုပ်ရသော မြို့စားကြီးတစ်ဦး ၏။

ဝိုင်းဂေဟာသည် ထိုမြို့ငါးမြို့အနက် အကြီးဆုံးမြို့ဖြစ် တစ်ခု လုံချင်းမြို့တွင် တည်ရှိ၏။

မင်းသားလေးဟို့ကွမ်းကမူ လုံစန်းမြို့တွင် ကြီးမားသော အဆောင်အယောင်နှင့် နေထိုင်ကာ စိတ်ထင်တိုင်းကြဲနေခဲ့လေသည်။

ယခုလည်း ဈေးလမ်းမပေါ်သို့ မင်းသားလေး ဟို့ကွမ်း ရောက်လာသည်နှင့် လူအများသည် ခေါင်းငုံ့ကာ နံဘေးသို့ ကပ်သွားကြ၏။

ထိုအခြင်းအရာကိုတွေ့သောအခါ မင်းသားလေး ဟို့ကွမ်းက သဘောကျကျေနပ်စွာ ပြုံးလိုက်လေသည်။

သူသည် လက်နှစ်ဖက် နောက်ပစ်ကာ ဟန်ပါပါနှင့် လျှောက်၍ ဝင်လာခဲ့လေသည်။

ထိုအခိုက် ဈေးဆိုင်တစ်ခုအတွင်းမှ ထွက်လာသော မိန်းကလေးတစ်ယောက်ကို အမှတ်မထင် တွေ့မြင်လိုက်၏။

အနီပေါ်ဝယ် အနက်ဆောင်ကိုယ်ကျပ်ကို ဝတ်ဆင်ထား၏။



အနီရောင်ပိုးထည်ပွ ဘောင်းဘီပွကို ဝတ်ဆင်ထား၏။

ဖြူဖွေးသော အသားအရေသည် အနီရောင်ဝတ်စုံကြောင့် ၍ပေါ်လွင်နေ၏။

ဆံပင်ကို ကျစ်ဆံမြီးနှစ်ခုခွဲကာ ကျောသို့ချထား၏။

မျက်နှာတွင် ဘာမှုလိမ်းခြယ် မထားပါ။

သူမ၏ မျက်လုံးများက ရွှန်းလဲ့တောက်ပသလို နှုတ်ခမ်း များကလည်း နီတွေးနေ၏။

အလွန်ပင်လှပသော မိန်းကလေးတစ်ယောက်ဟု စိတ်ထဲမှ တ်၍ ရေရွတ်လိုက်၏။

ထို့အတူ သူ၏လှမ်းနေဆဲ ခြေလှမ်းများလည်း တုန့်ခနဲ တန့်သွား၏။

ဟိုင်ချီက မင်းသားလေး ဟို့ကွမ်း၏အမူအရာတို့ကြောင့် သားလေးကြည့်ရာသို့ လှမ်းကြည့်လိုက်၏။

အသက် ၁၈-နှစ်ခန့် မိန်းကလေးတစ်ယောက်သည် ဈေး း မအတိုင်း လျှောက်သွားနေသည်ကိုတွေ့ရ၏။

သာမန် မိန်းကလေးငယ်တစ်ဦး ဖြစ်၏။

မိန်းကလေးသည် သူတို့အား သတိပြုမိဟန်မရှိပါ။

မင်းသားလေး ဟို့ကွမ်းက....

'ထိုင်ပါ'

'အမိန့်ရှိပါမင်းသားလေး'

'အနီရောင်ဝတ်စုံနဲ့ မိန်းကလေးကိုတွေ့လိုက်သလား'

'ဟုတ်ကဲ့'

'သူ့ကို သိသလား'

ဟိုင်ချိက ခေါင်းခါယမ်းလိုက်၏။

'မသိပါဘူး၊ လုံစန်းမြို့က မဟုတ်တာတော့ သေချာ
ပါတယ်'

မင်းသားလေး ဟို့ကွမ်းက....

'ကျုပ်စိတ်ဝင်စားတယ်'

ဟိုင်ချိက....

'ကျုပ် အခုပဲ စုံစမ်းပေးပါမယ်'

မင်းသားလေး ဟို့ကွမ်းက ဟိုင်ချိ၏ပခုံးကိုပုတ်လိုက်ပြီး

'ငါ ပြည့်ပြည့်စုံစုံ သိချင်တယ်'

'စိတ်ချပါ မင်းသားလေး'



ဟိုင်ချိသည် ချက်ချင်းပင်အနီရောင်ဝတ်စုံနှင့် မိန်းကလေး
နောက်သို့ လိုက်သွားလေတော့သည်။

မင်းသားလေး ဟို့ကွမ်းက....

'ဟိုင်ချိ'

'အမိန့်ရှိပါ မင်းသားလေး'

'ငါတို့ပြန်ကြစို့'

ဟိုင်ချိ၏မျက်နှာပေါ်တွင်အံ့အားသင့်သောအရိပ်အယောင်
များ ပေါ်ထွက်လာ၏။

သို့သော် သူသည် မင်းသားလေး ဟို့ကွမ်း အလိုကျပင်
နောက်ကြောင်း ပြန်လှည့်လာခဲ့လေတော့သည်။

ကြီးမားသော ခြံဝင်းတစ်ခု....

ခြံဝင်းတားကြီးမားပြီး တံခါးဝတွင် လှံရှည်ကိုင်အစောင့်
လားယောက်က စောင့်ကြပ်နေကြလေသည်။

ထိုကြီးမားသောခြံဝင်းနှင့်လိုက်ဖက်စွာပင် ခြံဝင်းအလယ်၌ အိမ်ဂေဟာကြီး တစ်လုံးရှိ၏။

အလွန်ပင် ခန့်ညားထည်ဝါသောဂေဟာပင်ဖြစ်၏။

ဂေဟာက ကြီးမားသလို အဆောင်ဆောင်အခန်းခန်းဖြင့် ဖွဲ့စည်းထား၏။

အခန်းတိုင်း အဆောင်တိုင်းတွင် အဖိုးတန်ပရိဘောဂများဖြင့် မွမ်းမံပြင်ဆင်ထား၏။

ဂေဟာ၏ရှေ့တွင် အလွန်လှပသော ဥယျာဉ်တစ်ခုလည်း ရှိ၏။

ထိုဂေဟာကား လုံစန်းမြို့တွင် အလှပဆုံး အခမ်းနားဆုံးသောဂေဟာပင် ဖြစ်ပါသည်။

ထိုဂေဟာရှင်ကား အခြားသူမဟုတ်ပါ။

မင်းသားလေး ဟို့ကွမ်းပင် ဖြစ်၏။

သူ၏ဂေဟာသည် လုံစန်းမြို့အုပ်ချုပ်ရေးမှူး ဂေဟာထက်ပင် ဆယ်ဆမက ခမ်းနားလှသည်ဟုသာ ဆိုရပေမည်။

ထိုခမ်းနားထည်ဝါလှသော ဂေဟာကြီး၏ အခန်းတစ်ခု အတွင်းမှ ရယ်မောသံများ ပေါ်ထွက်လာ၏။



အခန်းထဲရှိစားပွဲတွင် မင်းသားလေးဟို့ကွမ်း ထိုင်နေ၏။

သူ့အနီးတွင် မိန်းကလေးလေးယောက် ရှိ၏။

ထိုမိန်းကလေးအားလုံး အသက်နှစ်ဆယ် မကျော်ကြပါ။

အားလုံးသည် လှပသောမိန်းကလေးများပင် ဖြစ်ကြ၏။

သူတို့သည် မင်းသားလေး ဟို့ကွမ်းအား တွယ်ဖက်ရင်း ရယ်မောနေကြခြင်းပင် ဖြစ်သည်။

မိန်းကလေးတစ်ယောက်က မင်းသားလေး ဟို့ကွမ်းအား အစားအသောက်များ ခွံ့ကျွေးနေ၏။

ထိုစဉ် ခြေသံတိုးတိတ်စွာ ထွက်ပေါ်လာ၏။

မကြာမီ ခန်းဆီးလိုက်ကာလှပ်ရှားသွားပြီး လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

ဟိုင်ချိပင် ဖြစ်ပါသည်။

မင်းသားလေးဟို့ကွမ်းသည် သူ့အား ဖက်တွယ်ထားသော မိန်းကလေးများကို တွန်းဖယ်လိုက်ပြီး....

'ဟိုင်ချိ....သိပြီလား'

ဟု အလောသုံးဆယ် မေးလိုက်လေသည်။

ဟိုင်ချိက အရိုအသေပြုလိုက်ပြီး....

'ဟုတ်ကဲ့ ...မင်းသားလေး'

'ပြောစမ်း'

'သူတို့ဟာ ပြည်မဘက်ကလာကြတယ်၊ လူတစ်ယောက်ကို လာရှာကြတာပါ'

မင်းသားလေး ဟိုချီကွမ်းက ...

'မိန်းကလေး ရှန်းမေ၊ သူ့မိခင်ကရှန်းကျဲ၊ သူတို့သားအမိ နှစ်ယောက်ဟာ စေ့ဟွာ့းတည်းခိုခန်းမှာ နေထိုင်တည်းခိုပါတယ်'

'ဖျောက်'

မင်းသားလေးဟို့ကွမ်းက လက်ဖျောက်တီးလိုက်၏။

သူ၏မျက်နှာ အလွန်ပင်ပြုံးရွှင်သွား၏။

မိန်းကလေးတစ်ယောက်၏....

'မင်းသားလေး၊ရှန်းမေက ဘာမို့လို့ ဒီလောက်စိတ်လှုပ်ရှား နေရတာလဲ'

နောက်မိန်းကလေး တစ်ယောက်....

'မင်းသားလေး၊ ဟုတ်သားပဲ ဝါဝါလောက် လှရဲ့လား'

မင်းသားလေး ဟို့ကွမ်းက ...



'သွားစမ်း ...မင်းတို့ခဏဝေးဝေးသွားကြစမ်း၊ ငါ့မျက်စိ ထဲမှာတော့ ရှန်းမေဟာနတ်မိမယ်ပဲ၊ သူ့အလှက တောပန်း ကလေးတစ်ပွင့်ကိုပဲ မြင်ရရုံနဲ့ ရင်ကိုအေးချမ်းသွားတယ်ကွ'

ဝါဝါဆိုသော မိန်းကလေးမှာ မကျေမနပ် ဖြစ်သွား၏

စင်စစ် ဝါဝါသည် အလွန်လှသော မိန်းကလေးဖြစ်၏။

ခန္ဓာကိုယ်အချိုးအဆစ်ကလည်း ပြေပြစ်ကျော့ရှင်းလှ၏။

သူမသည် မင်းသားလေးဟို့ကွမ်း၏ မိန်းကလေးပေါင်း မြောက်မြားစွာထဲအနက် မင်းသားလေး၏ အသည်းစွဲ မိန်း ကလေးအဖြစ် နေရာယူထားသူ ဖြစ်၏။

ယခု သူမနေရာကို လုယူတော့မည့်သူ ပေါ်လာပြီ မဟုတ် ပါလော။

ယခင်က သူမနှုတ်ခမ်းစူသည်နှင့် မင်းသားလေး ဟိုကွမ်းက ပျာပျာသလဲချော့ကာ အရေးတယူမေးရ၏။

ယခု သူမနှုတ်ခမ်းစူကာ ခြေဆောင့်နေသော်လည်း မင်း သားလေးဟို့ကွမ်းက တစ်ချက်မျှပင် စောင်းငဲ့မကြည့်ပါ။

'ဟိုင်ချီ'

'အမိန့်ရှိပါ မင်းသားလေး'

'ငါတို့ နံနက်စာကို စေ့ဟွားမှာ သွားပြီးစားကြစို့'

ဟိုင်ချိက သဘောကျစွာ ပြုံးလိုက်၏။

သူ၏မင်းသားလေး၏ အကျင့်စရိုက်များကို နောကျေနေအောင် သိရှိထားပြီ မဟုတ်ပါလား။

ရှန်းကျဲနှင့်ရှန်းမေတို့သည် စားသောက်ခန်းမ အတွင်းရှိ စားပွဲတစ်လုံးဝယ် နံနက်စာစားသောက်နေကြ၏။

ရှန်းကျဲက....

'ဘမီး နောက် ငါးရက်လောက်မှ ရှာမတွေ့ရင်တော့ မေမေတို့ ပြန်ကြမယ်'

ရှန်းမေက....

'ဆယ်ရက်လောက်တော့ ရှာပါရစေဦး၊ မေမေ ဆောက်လာပြီးမှတော့ နေပါနော်'



'ရှန်းကျဲက....

'မေမေဟာ သူ့ကိုရှာဖွေဖို့ စိတ်ကူးမရှိဘူး၊ သမီးပူဆာလွန်းလို့သာ လာခဲ့တာ'

'ဟုတ်ပါတယ်၊ ဒါကြောင့် ဆယ်ရက်တော့ အချိန်ပေးပါ မေမေ'

ရှန်းကျဲက သက်ပြင်းချလိုက်ပြီး....

'ကောင်းပြီ၊ ဆယ်ရက်ပြည့်တာနဲ့ပြန်မယ်'

ရှန်းမေသည် ဆယ်ရက်အတွင်း ဖခင်ဖြစ်သူအား တွေ့ရှိပါစေဟု ဆုတောင်းလိုက်မိလေသည်။

ထိုစဉ်မှာပင် တစ်ဆိုင်လုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ဆိုင်လုလင်များသည် တံခါးဝသို့ထွက်ကာ ကြိုဆိုကြ၏။

ရှန်းကျဲတို့ သားအမိလည်း စားသောက်နေရင်းမှ တံခါးဝသို့ လှမ်းကြည့်လိုက်၏။

ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက်သည် အခြံရံများဖြင့် စားသောက်ဆိုင်အတွင်း ဝင်ရောက်လာသည်ကိုတွေ့လိုက်ရ၏၊

မင်းသားလေး တစ်ပါးပင် ဖြစ်၏။

ထိုမင်းသားလေးကား မင်းသားလေး ဟို့ကွမ်းပင် ဖြစ်ပါသည်။

မင်းသားလေး ဟို့ကွမ်းသည် ရှန်းမေတို့နှင့် အနီးဆုံးစားပွဲတွင် ရှန်းမေနှင့် မျက်နှာချင်းဆိုင်လျက်နေရာယူလိုက်၏။

ထို့နောက် စားသောက်ရင်း ရှန်းမေအား ပြုံး၍ကြည့်နေ၏။

ရှန်းမေသည် မင်းသားလေးဟို့ကွမ်း၏ အကြည့်ကြောင့် မနေတတ်တော့သလို ခံစားရ၏။

အစားအသောက်များကို မြန်မြန်စားပြီး ခန်းမထဲမှထွက်သွားရန် စိတ်ကူးလိုက်လေသည်။

သို့သော် သူမ စားပွဲသို့ ဟိုင်ချိက ရောက်ရှိလာ၏။

ဟိုင်ချိသည် ရှန်းကျဲအား လက်နှစ်ဖက်ဆုပ် ဦးညွှတ်လိုက်၏။

'အစ်ကိုကြီးတို့ကို မင်းသားလေး စားပွဲကို ကြွရောက်ဖို့ ဖိတ်ကြားလိုက်ပါတယ်'

'ရှန်းကျဲက မင်းသားလေး ဟို့ကွမ်းအား ကြည့်လိုက်၏။

သူမသည် မင်းသားလေးဟို့ကွမ်းက ချိုသာစွာ ပြုံးပြနေသော်လည်း စိတ်ထဲမှ မနှစ်မြို့သလို ခံစားရ၏။



ထို့ကြောင့် ငြင်းပယ်လိုက်၏။

'နေပါစေကွယ်'

ဟိုင်ချိက....

'အားမနာပါနဲ့ခင်ဗျာ၊ မင်းသားလေးဟာ ဘယ်သူ့ကိုမှ အခုလို အရေးတယူ မဖိတ်ကြားပါဘူး၊ အစ်မကြီးတို့ သားအမိကိုတော့ မြင်မြင်ချင်းပဲ ခင်မင်မိလို့ အခုလို ဖိတ်ကြားတာပါ'

ရှန်းကျဲက...

'အခုလို ဖိတ်ကြားခံရတာကို ဝမ်းသာ ပါတယ်ကွယ်၊ ဒါပေမယ့် လက်မခံနိုင်တာကို ခွင့်လွှတ်ပါ'

သူမသည် စိတ်ထဲမှ မနှစ်မြို့သဖြင့် ခတ်ပြတ်ပြတ်ပင် ပြောလိုက်၏။

ထို့နောက် သမီးဖြစ်သူဘက်လှည့်ကာ....

'လာ...သမီး သွားကြမယ်'

သမီးဖြစ်သူ၏ လက်ကိုဆွဲကာ စားသောက်ခန်းမအတွင်းမှ ထွက်ခွာသွားလေတော့သည်။

မင်းသားလေး ဟို့ကွမ်းမှာ သူ၏ဖိတ်ကြားမှုကို ငြင်းပယ်ခြင်း ခံလိုက်ရသဖြင့် မျက်နှာ တစ်ခုလုံး နီရဲသွားလေတော့သည်။

'တောက်'

မင်းသားလေးဟို့ကွမ်း မကျေမချမ်းနှင့် တောက်ခေါက်လိုက်၏။

သူသည် ရှန်းကဲ့တို့ သားအမိအား ဒေါသထွက်နေ၏။

လုံစန်းမြို့တွင် သူကသာဖိတ်ကြားလျှင် အားလုံးက ဂုဏ်ယူဝမ်းသာစွာ လက်ခံကြ၏။

ယခု ရှန်းကဲ့တို့သားအမိက ငြင်းပယ်ခြင်းသည် သူ့အား အရှက်ရစေခဲ့၏။

မရလေ ငိုချင်လာလေ ဖြစ်၏။

ဟိုင်ချိ...

ဟိုင်ချိက ချက်ချင်းပင် မင်းသားလေး ဟို့ကွမ်းအနီး ရောက်ရှိလာ၏။

'အမိန့်ရှိပါ မင်းသားလေး'

မင်းသားလေးဟို့ကွမ်းက....

'မင်းတည်းခိုခန်းကိုသွားပါ ဒီညကျူပ်ဆီမှာ ထမင်းစားကြဖို့ ရအောင် ဖိတ်ကြားပါ'

'ဟုတ်ကဲ့'



ဟိုင်ချိထွက်သွား၏။

သို့သော် မကြာမီကပင် ပြန်ရောက်လာ၏။

'သူတို့သားအမိက မလာနိုင်ဘူးလို့ ငြင်းပါတယ်'

'မင်း သေသေချာချာမဖိတ်ဘူးလား'

'ကျွန်တော် နည်းမျိုးစုံအသုံးပြုခဲ့ပါတယ်'

'တောက်'

မင်းသားလေးဟို့ကွမ်း တောက်ခေါက်လိုက်၏။

ဟိုင်ချိက....

'မင်းသားလေးအလိုရှိရင် အားလုံးရရမှာပေါ့၊ ဘာများဒေါသထွက်စရာရှိသလဲ'

မင်းသားလေးဟို့ကွမ်းက....

'ဟုတ်တယ်၊ ငါ သူ့ကိုရကို ရရမယ်'

ဟိုင်ချိက...

'ဒီလိုလုပ်မါလား မင်းသားလေး'

သူသည် မင်းသားလေးဟို့ကွမ်းအနီး တိုးကပ်ပြီး သူ၏အကြံအစည်ကို တီးတိုးပြောပြလိုက်၏။

မင်းသားလေးဟို့ကွမ်းမျက်နှာ တဖြည်းဖြည်း ပြုံးရွှင်သွားလေတော့သည်။

'ဒေါက်...ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာ၏။

ရှန်းကဲ့ မျက်မှောင်ကြုတ်သွား၏။

ဆိုင်လုလင်ဟုထင်မှတ်ကာ တံခါးကိုဖွင့်လိုက်၏။

ထိုစဉ် မင်းသားလေး ဟို့ကွမ်းနှင့်အခြံရံများက အခန်းအတွင်းသို့ ဝင်ရောက်လာကြလေသည်။

ရှန်းကဲ့...

'ဘာကိစ္စလဲ'

မင်းသားလေးဟို့ကွမ်းက...

'ထိုင်ဖို့ မဖိတ်တော့ဘူးလား'



ရှန်းကဲ့က....

'ထိုင်ပါ....ထိုင်ပါ'

မင်းသားလေးဟို့ကွမ်းက ဝင်ထိုင်လိုက်၏။

သူ၏မျက်လုံးများက ရှန်းမေထံသို့သာ ကျရောက်နေ၏။

ရှန်းကဲ့ ဒေါသထွက်သွား၏။

'ရှန်းကဲ့ ဘယ်သူတဲ့ ဘာကိစ္စလဲ ညမိုးချုပ်ကြီး ရှင်တို့ကိစ္စရှိရင်လဲ မနက်မှလာပါ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

မင်းသားလေးဟို့ကွမ်းက ပြုံးလျက် ဟိုင်ချိဘက် ခေါင်းညိတ်ပြလိုက်ပြီး....

ဟိုင်ချိက...

'မင်းသားလေးက ဟို့ကွမ်း ဖြစ်ပါတယ်၊ ဒီလုံစန်း အပါအဝင် မြို့ငါးမြို့ အုပ်ချုပ်ရတဲ့ မြို့စားကြီး ဟို့ထန်ကျူး၏ တစ်ဦးတည်းသော သားပါ'

ဟု မိတ်ဆက်ပေးလိုက်၏။

ရှန်းကဲ့က....

'ကျွန်မက မြို့စားကြီးဟို့ထန်ကျူးနဲ့လဲ တစ်ခါမှမသိဘူး'

ဟိုင်ချီက....

'ဟုတ်ပါတယ်၊ တဆိတ်လောက် ကျုပ်ရဲ့စကားကို နားထောင်ပေးပါလို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်အစ်မကြီး'

ရှန်းကဲ့က—

'ဒါဆို မြန်မြန်ပြောပါ၊ ပြီးရင်ထွက်သွားပါ'

ဟိုင်ချီက...

'ဟုတ်ကဲ့...လာရင်းကိစ္စကို တိုတိုပဲပြောရရင်တော့ အစ်မကြီးရဲ့သမီး ရှန်းမေကို မင်းသားလေးက မေတ္တာသက်ဝင်နေပါတယ်၊ ဒါကြောင့် အစ်မကြီးထံမှာလာပြီး တောင်းရမ်းတာပါ'

သူသည် စကားအဆုံးတွင် သေတ္တာငယ်ကလေးတစ်လုံးကို ဖွင့်၍ စားပွဲပေါ်တင်လိုက်၏။

မီးရောင်ဖြင့် သေတ္တာငယ်အတွင်းမှ လက်ဝတ်ရတနာများသည် တဖိတ်ဖိတ်တောက်ပနေ၏။

ဟိုင်ချီက—

'အစ်မကြီး သဘောတူရင် မင်းသားလေးက ဒါတွေကို လက်ဆောင်အဖြစ် ပေးအပ်မှာပါ'



ရွှေငွေရတနာဖြင့် မက်လုံးပေးလိုက်ခြင်း ဖြစ်သည်။

ရှန်းကဲ့က မဲ့လိုက်၏။

'ကျွန်မဒီမြို့ကိုလာတာ သမီးကိုရောင်းစားဖို့ မဟုတ်ပါဘူး မင်းသားလေး ဟို့ကွမ်းက....

'ကျုပ်က လေးစားလက်ထပ်ခွင့်တောင်းနေတာပါ'

သူက စိတ်မရှည်ဘဲ ပြောလိုက်၏။

ရှန်းကဲ့က ခေါင်းခါယမ်းလိုက်၏။

'ကျွန်မသမီး ငယ်ရွယ်ပါသေးတယ် လက်မခံပါရစေနဲ့ရှင်' ဟု ငြင်းပယ်လိုက်၏။

မင်းသားလေး ဟို့ကွမ်း မျက်နှာနီရဲသွား၏။

ဟိုင်ချီက....

'အစ်မကြီးရဲ့ သမီးက မငယ်တော့ပါဘူး၊ သူ့ရဲ့သဘောပဲလဲ မေးသင့်ပါတယ်'

ရှန်းမေက ဝင်ပြောလိုက်၏။

'ကျွန်မမိခင်သဘောတူရင်တောင်မှ ကျွန်မကသဘောတူမှာ မဟုတ်ဘူးရှင့်'

ဟိုင်ချိ မျက်နှာပျက်သွား၏။

မင်းသားလေးဟို့ကွမ်းလည်း ဒေါ်သထွက်သွားလေသည်။

ဟိုင်ချိက—

'ဒီမှာအစ်မကြီး ဒီလိုစန်းမှာ မင်းသားလေးရဲ့ စကားကို ဘယ်သူကမှမလွန်ဆန်ရဲဘူး၊ အခုအစ်မကြီးတို့ကို ချီးမြှောက်နေတာ မငြင်းပယ်ချင်နဲ့'

ဟု ခြိမ်းခြောက်လိုက်၏။

ရှန်းကျဲနဲ့လိုက်ပြီး....

'ချီးမြှောက်တာကို ကျေးဇူးတင်ပါတယ်၊ လက်မခံနိုင်လို့ ဝမ်းနည်းပါတယ်၊ ရှင်တို့ကိစ္စဒါပဲမဟုတ်လား သွားနိုင်ပါပြီ'

သူမက လေအေးအေးနှင့်နှင်ထုတ်လိုက်၏။

မင်းသားလေးဟို့ကွမ်း ဒေါ်သထွက်သွား၏။

ဟိုင်ချိက....

'အစ်မကြီး စဉ်းစားပါဦး၊ မင်းသားလေးရဲ့ စကားနားမထောင်ရင် နောင်မှနောင်တရနေရမယ်'

ရှန်းကျဲက—

'ကျွန်မ ဒီထက်ရှင်းတဲ့ စကားလုံး ရှာမတွေ့ဘူး၊ ရှင်တို့ ညှဉ်းနှက်ပြီ၊ ရှင်တို့ခုချက်ချင်းသာထွက်သွားပါ'



ဟိုင်ချိက ကောက်ကျစ်စွာပြုံးလိုက်ပြီး....

'မင်းသားလေးစကားနားမထောင်တဲ့အတွက် ခင်ဗျားတို့ ဒုက္ခရောက်ရင် ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူး၊ မကြာခင် ခင်ဗျားတို့သဘောတူလာရမှာပါ'

သူသည် စကားဆိုးသည်နှင့် မင်းသားလေးနှင့်အတူ အခန်းအတွင်းမှ ပြန်လည်ထွက်ခွာသွားလေသည်။

ရှန်းကျဲ သက်ပြင်းချလိုက်၏။

'သမီးဟာ အလွန်လှပတဲ့မိန်းကလေးပဲ၊ ဒါပေမယ့် လှလွန်းတဲ့ မိန်းကလေးတွေဟာ သူတို့ရဲ့အလှကြောင့်ပဲ အန္တရာယ် ပိုများရတယ်'

ရှန်းမေ ငြိမ်နေ၏။

ရှန်းကျဲက....

'ကဲ—သမီး မေမေတို့ ဒီမြို့က မြန်မြန် ထွက်သွားမှ ဖြစ်မယ်'

ရှန်းမေကို....

'တစ်ရက်နှစ်ရက် နေပါဦး မေမေ၊ သမီး သဘောမတူရင် သူက ဘာလုပ်နိုင်မှာလဲ'

ရှန်းကျဲက....

'မထင်နဲ့၊ သူဟာ ချမ်းသာတယ်၊ အာဏာရှိတယ်၊ အခြွေအရံများတယ်၊ သူတို့လုပ်ချင်တာမှန်သမျှ လုပ်ကိုင်ကြမယ့် ပုံစံလဲ ရှိတယ်၊ ဆက်နေရင် အန္တရာယ်များမယ်'

ရှန်းမေက....

'ကောင်းပြီလေ၊ မနက်ကြရင် သွားကြတာပေါ့'



နောက်တစ်နေ့နံနက်....

ရှန်းကျဲ အိပ်ရာမှ နိုးလာ၏။

သူမ အခန်းတံခါး ဖွင့်လိုက်သည့်အခါတွင် အခန်းဝ၌ လူနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ရှန်းကျဲက....

'ရှင်တို့ ဘယ်သူတွေလဲ'

ထိုလူနှစ်ယောက်က မဖြေပါ။

ရှန်းကျဲက ...

'ရှင်တို့ ဘာကိစ္စရှိသလဲ'

'.... .... ....'

'ဒါဆို လမ်းဖယ်ပေးပါ'

ထိုလူနှစ်ဦးက....

'ခင်ဗျားတို့ ဒီအခန်းအပြင်ကို ထွက်ခွင့်မရှိပါဘူး'

'ဘာ ...'

'ဟုတ်ပါတယ်၊ အခန်းထဲမှာပဲ အေးအေးသက်သာ နေပါလို့ အကြံပေးပါရစေ'

ရှန်းကဲ့ ဒေါသထွက်သွား၏။

သူမက ထိုလူနှစ်ယောက်အား တိုးထွက်လိုက်၏။

သို့သော် ထိုလူနှစ်ယောက်က ရှန်းကဲ့အား အခန်းတွင်းသို့ ပြန်လည်၍ တွန်းသွင်းလိုက်၏။

'အနှောင့်အယှက်မဖြစ်အောင် မလုပ်ပါရစေနဲ့'

ရှန်းကဲ့ ဒေါသခြောင်းခြောင်းထွက်သွား၏။

'ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ချုပ်နှောင်ထားရ တာလဲ'

ဟု အသံကုန် အော်ဟစ်လိုက်၏။

ထိုလူနှစ်ဦးက ပြုံးလိုက်ပြီး....

'အစ်မကြီး အော်ဟစ်လို့လဲ ဘယ်သူမှလာမှာမဟုတ်ပါဘူး'

ရှန်းကဲ့က....

'ဒါဟာ ဟိုမင်းသားလေးရဲ့ လက်ချက်လား'

ထိုလူနှစ်ဦးက မဖြေပါ။

ရှန်းကဲ့က အော်လိုက်၏။

ထိုလူနှစ်ဦးက အခန်းတံခါးကို ပြန်ပိတ်သွားလိုက်၏။



ရှန်းကဲ့ အော်ဟစ်နေသော်လည်း တစ်စုံတစ်ယောက်မှ ရောက်ရှိလာခဲ့ခြင်း မရှိပါချေ။

နှစ်ရက်....

ရှန်းကဲ့နှင့် ရှန်းမေတို့ အော်ဟစ်ရလွန်း၍ လည်ချောင်းများပင် အက်ကွဲနေ၏။

သို့သော် ကူညီမည့်သူကား ပေါ်မလာပါ။

နှစ်ရက်မြောက် ညနေတွင် သူမတို့သားအမိထံသို့ ဟိုင်ချီ ရောက်ရှိလာလေ၏။

ရှန်းကဲ့က....

'ရှင်တို့ ဘာသဘောနဲ့ ချုပ်နှောင်ထားတာလဲ'

ဟိုင်ချီက....

'အစ်မကြီးက ရှန်းမေနဲ့ မင်းသားလေးကို လက်ထပ်ခွင့်ပြုရင် အားလုံး အဆင်ပြေသွားမှာပါ'

ရှန်းကျဲ ဒေါသခြောင်းခြောင်း ထွက်သွား၏။

'မတူဘူး၊ မင်းတို့ရဲ့ လူယုတ်မာမင်းသားလေးနဲ့ ငါ့သမီးကို ဘယ်တော့မှ သဘောမတူဘူး'

ဟိုင်ချိက...

'ဒါဆို အစ်မကြီးဒုက္ခရောက်လိမ့်မယ်'

'ဒါမင်းမဲ့ တိုင်းပြည် မဟုတ်ဘူး၊ မြို့စားဆီသွားတိုင်မယ်'

'အစ်မကြီး သဘောမတူမချင်း ဒီအခန်းထဲက ထွက်ခွင့်ရမှာမဟုတ်ပါဘူး'

ရှန်းကျဲ မျက်နှာပျက်သွား၏။

ဟိုင်ချိက....

'ဒါကြောင့် ခေါင်းအေးအေးထားစဉ်းစားပါ၊ နောက်ဆုံးရက်ကြာရင် ကျုပ်တစ်ခေါက်ပြန်လာခဲ့ပါမယ်'



လှပသောရှုခင်းတစ်ခု ...

မှိုင်းညို့သော တောင်တန်းကြီး နောက်ခံနှင့် သဘာဝပန်းချီကားတစ်ချပ်မှာ မြင်ရသူကို ငေးမောလောက်စေ၏။

နှင်းမှုန်များသည် ကောင်းကင်အလယ်တွင် ဝိုင်းပတ်နေရာ တောင်ထိပ်သည် မိုးကောင်းကင်သို့ပင် ထိုးဖောက်ဝင်ရောက်နေသည်ဟုထင်ရပေသည်။

ထိုတောင်သည် အမြင့်မားဆုံး တောင်တစ်လုံး ဖြစ်ပြီး အများက ထိုတောင်ကို ချင်းမိန်တောင်ဟုခေါ်ကြလေသည်။

ဤနယ်တစ်ဝိုက်တွင် တောတောင်အလွန်ထူထပ်ပြီး လူသူအရောက်အပေါက်လည်းနည်းလှပေသည်။

သို့ရာတွင် ချင်းမိန်တောင်ထိပ်ပေါ်၌မူ အဆောက်အအုံတစ်ခုရှိနေပေသည်။ ချင်းမိန်တောင်ပေါ်တွင် ထိုအဆောက်အအုံရှိကြောင်းကို သိသူ အလွန်နည်းပါးလှသည်မှာ တကယ်တော့ မဆန်းလှပါပေ။

ချင်းမိန်တောင်....

တောင်ထိပ်သည် အတော်ပင်ကျယ်ဝန်း၏။

ထိုကျယ်ဝန်းသောကွက်လပ်အကွက်၌ အနီရောင်ဆေးသုတ်ထားသော အဆောက်အအုံတစ်ခု ရှိပေသည်။

အနီရောင်ဆေးသားများအရောင်လွင့်ပြယ်နေပြီး ပြူလုလုပင်ဖြစ်နေ၏။

အဆောက်အအုံ၏ အဝင်အဝ တံခါးဆောင်အထက်တွင် ဆိုင်းဘုတ်တစ်ခုချိတ်ထား၏။

ဆိုင်းဘုတ်ပေါ်တွင်....

'ချင်းမိန်ဂိုဏ်း'

ဟု ရေးသားထား၏။

ဤတောင်ပေါ်တွင် ချင်းမိန်ဂိုဏ်း၏အဆောက်အအုံရှိနေသည်ကို သိုင်းလောကသားများသာ သိလျှင် အလွန်ပင်အံ့အားသင့်ကြမည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ချင်းမိန်ဂိုဏ်းသည်သိုင်းလောကမှ ရုတ်တရက်ပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်း ၂၀ မျှရှိပြီ မဟုတ်လား။



ချင်းမိန်ဂိုဏ်း....

ချင်းမိန်ဂိုဏ်းသည် တစ်ချိန်သောအခါက သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဂိုဏ်းတစ်ခုဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က ရုတ်တရက်ပင် သိုင်းလောကအတွင်းမှ ပျောက်ကွယ်သွားခဲ့၏။

ချင်းမိန်ဂိုဏ်းသည် ဂိုဏ်းသားဦးရေလည်းနည်းပါးသောကြောင့် သိုင်းလောကတွင်း စံစမ်းမရအောင်ပင် ပျောက်သွားခဲ့၏။

ချင်းမိန်ဂိုဏ်း ပျောက်ကွယ်သွားခြင်းသည် ထိုအချိန်က သိုင်းလောကတွင် အဖြေရှာမရသော ပဟေဠိ တစ်ပုဒ် ဖြစ်ခဲ့လေသည်။

သို့သော် အချိန်ကြာလာသည် နှင့်အမျှ ချင်းမိန်ဂိုဏ်းအကြောင်း လူအများက မေ့လျော့သွားခဲ့လေတော့သည်။

'ဒေါင်'

ချင်းမိန်ဂိုဏ်း အဆောက်အအုံထဲမှ ခေါင်းလောင်းသံ ထွက်ပေါ်လာ၏။

ချင်းမိန်ဂိုဏ်း၏ ခန်းမအတွင်းသို့ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရှစ်ယောက် ဝင်ရောက်လာ၏။

ထိုရှစ်ယောက်စလုံးသည် အသက် ၆၀ ခန့်ရှိကြ၏။

ထို့နောက် စင်မြင့်က အဝ၌တွင် ဒူးထောက် နေရာယူလိုက်ကြ၏။

မကြာမီ စင်မြင့်ကလေးရှိရာသို့ လူတစ်ယောက်ရောက်ရှိလိုက်၏။

ထိုလူသည် အသက် ၇၀ ခန့် ရှိ၏။

ဖြူဖွေးသော ဆံကေသာများကို အဖြူရောင်ပဝါဖြင့် စုစည်းချည်ထား၏။

အနီရောင်ဝတ်စုံရှည်ကို လွှမ်းခြုံထား၏။

ထိုအဘိုးအို၏ ဥပဓိရုပ်က ခန့်ညားလှ၏။

ထိုအဘိုးအိုကား ချင်းမိန်ဂိုဏ်းချုပ်ပင် ဖြစ်ပါသည်။



အဘိုးအိုသည် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ဖူဝမ်စင်း အသင့်ဖြစ်ပြီလား'

လူတစ်ယောက်....

'ဟုတ်ကဲ့...ဂိုဏ်းချုပ်'

'ဒါဆို သူ့ကိုခေါ်လိုက်ပါ'

ထိုလူက အသံမြှင့်ကာ ခေါ်လိုက်၏၊

'ဖူဝမ်စင်း'

သူ၏ခေါ်သံအဆုံးဝယ် ခန်းမ၏ ဘေးတံခါးပေါက်မှ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူသည် အသက် ၂၄ နှစ်ခန့်သာရှိသော လူရွယ် တစ်ယောက် ဖြစ်၏။

ရုပ်ရည်ကား ယောကျာ်းပီသ၍ တည်ကြည်ခန့်ညားပေသည်။

လူရွယ်သည်လည်း အားလုံးနည်းတူ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားလေ၏။

လူရွယ်သည် ဂိုဏ်းချုပ်ရှေ့တွင် ဒူးထောက်၍ ဂါရဝ ပြုလိုက်၏။

'ကျွန်တော် ချင်းမိန်ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်'

ဂိုဏ်းချုပ်က...

'ဖူဝမ်စင်း'

'အမိန့်နာခံလျက်ပါ'

'မင်းရဲ့တာဝန် ဘယ်လောက် ကြီးလေးတယ်ဆိုတာကို မင်းကို ရှင်းပြစရာ မလိုတော့ဘူးထင်ပါတယ်'

ဖူဝမ်စင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

ဂိုဏ်းချုပ်က...

'မင်းရဲ့တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်လိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်၊ ကျုပ်တို့ ချင်းမိန်ဂိုဏ်းအတွက် နောက်ဆုံးအခွင့်အရေးတစ်ခုပဲ! မင်းပေါ် အားလုံး မျှော်လင့်စောင့်စားနေကြတယ်'

ဖူဝမ်စင်းက....

'စိတ်ချပါဂိုဏ်းချုပ်၊ ကျွန်တော်ဟာ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါမယ်လို့ ကတိပြုပါတယ်'

ဂိုဏ်းချုပ်က...



'ကောင်းပြီ၊ ဒီကနေ့ပဲ မင်းခရီးထွက်ပေတော့၊ မင်းအတွက် အားလုံး အဆင်သင့်ပဲ မဟုတ်လား'

'ဟုတ်ကဲ့'

ဖူဝမ်စင်းသည် ဂိုဏ်းချုပ်အား ဂါရဝပြုလိုက်၏။

ထို့နောက် ကျန်အဘိုးအိုများကိုလည်း ဂါရဝပြုလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

အဘိုးအိုအားလုံးတို့သည် ဖူဝမ်စင်းအား မျှော်လင့်ချက်ကြီးမားသော မျက်လုံးများဖြင့်ကြည့်ရင်း ကျန်ရစ်ကြလေတော့သည်။

ရှန်းကျဲသည် ဟိုင်ချီအား ရွှံမုန်းစွာ ကြည့်နေ၏။

ဟိုင်ချီက....

'ဘယ်လိုလဲအစ်မကြီး၊ ကိုယ့် သမီး ကောင်းစားမယ့် ကိစ္စကို ဒီလောက် ခေါင်းမမာသင့်ပါဘူး'

ရှန်းကဲ့ ---

'ဘာ....ဒီလောက် လူမဆန်တဲ့ ရှင်တို့ မင်းသားလေးကို ကျွန်မက ဘယ်တော့မှ သဘောမတူဘူး'

'အစ်မကြီး စဉ်းစားသင့်ပြီ'

'ဘာမှစဉ်းစားစရာမလိုဘူး၊ ကျွန်မတို့ကိုလွှတ်ပေးပါ'

ရှန်းမေက....

'ရှင်တို့မင်းသားလေးကို ပြောလိုက်၊ တခြား မိန်းမလေး ရှာယူပါ၊ ကျွန်မကိုတော့ ဘယ်တော့မှ ရမယ်မထင်နဲ့'

ဟိုင်ချိက ပြုံးလိုက်ပြီး....

'မင်းသားလေးဟာ မရမရှိတဲ့ လူတစ်ယောက်ပါ'

ရှန်းကဲ့က အံကြိတ်လိုက်ပြီး....

'ကျွန်မသမီးကို မရစေရဘူး'

ဟိုင်ချိက....

'အစ်မကြီး စဉ်းစားကြည့်ပါ၊ မင်းသားလေးဟာ ရှန်းမေ ကို တကယ်မေတ္တာရှိတာပါ၊ ဒါကြောင့်လဲ သဘောတူတဲ့အထိ သည်းခံစောင့်နေတာပါ၊ ဒါကို အစ်မကြီးတို့က လက်မခံရ မင်းသားလေးက အကြမ်းဖက်လာနိုင်တယ်နော်'



ရှန်းကဲ့ ဒေါသခြောင်းခြောင်းထွက်သွား၏၊

ဟိုင်ချိ၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

'ထွီ'

ဟု တံတွေးနှင့် ထွေးချလိုက်လေသည်။

ဟိုင်ချိ၏မျက်နှာ မည်းမှောင်သွား၏။

သူသည် မျက်နှာပေါ်မှ တံတွေးများကို သုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

'ကောင်းပြီလေ၊ ခင်ဗျားတို့ဘယ်လောက်အထိ ခေါင်းမာနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့၊ ဟေ့ အစောင့် တစ်ယောက်လာစမ်း'

အစောင့်တစ်ယောက်ဝင်ရောက်လာ၏။

ဟိုင်ချိက....

'ဒီကနေ့ကစပြီး ထမင်းတစ်ပန်းကန်ပဲ ပို့ပါ၊ ညစာလဲ ပို့စရာမလိုဘူး၊ ထမင်းချည်းပဲ တစ်ပန်းကန်ပို့'

'စိတ်ချပါခင်ဗျာ'

ဟိုင်ချိက ရှန်းကဲ့အား စိုက်ကြည့်လိုက်ပြီး....

'အစ်မကြီးက ခေါင်းမာလွန်းလို့ အခုလို လုပ်ရတာကို ကျုပ်စိတ်မကောင်းပါဘူး'

သူသည် စကားဆုံးသည်နှင့်အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

❦

စေ့ဟွားတည်းခိုခန်း...

ညနေစောင်းအချိန်တွင် တည်းခိုခန်း ရှေ့သို့ အနီရောင် ဝတ်စုံနှင့် ဝတ်ဆင်ထားသောလူရွယ်တစ်ယောက်ရောက်ရှိလာလေသည်။

ဆိုင်လုလင်များက ကြိုဆိုလိုက်၏။

လူရွယ်က...

'ကျုပ်အတွက် အခန်းတစ်ခန်းနဲ့ ညစာကို စီစဉ်ပေးနိုင်မလား'



ဆိုင်လုလင်က...

'ရပါတယ်ခင်ဗျာ၊ ကြွပါ...ကြွပါ'

ဆိုင်လုလင်သည် လူရွယ်အား အခန်းတစ်ခန်းတွင် နေရာထိုင်ခင်း ချထားပေးလိုက်ပြီး ညစာကိုပါ အခန်းအတွင်းသို့ ပို့ဆောင်ပေးလိုက်၏။

ထိုလူရွယ်အား ချင်းမိန်တောင်ပေါ်မှ ဆင်းလာသော ဖူဝမ်စင်းပင် ဖြစ်၏။

ဖူဝမ်စင်းသည် တာဝေးဖြင့် ခရီးထွက်လာရာမှ ဤမြို့ကလေးတွင် တစ်ညတာဝင်ရောက် တည်းခိုခြင်းပင် ဖြစ်သည်။

သူသည် ခရီးပန်းလာသဖြင့် စားသောက် ပြီးသည်နှင့် မကြာမီ အိပ်ပျော်သွားခဲ့လေတော့သည်။

သူလန့်နိုးလာသောအခါ အခန်း တစ်ခုလုံး မှောင်မည်းနေ၏။

သူနိုးလာခြင်းက ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရ၍ပင် ဖြစ်သည်။

ဖူဝမ်စင်း မျက်ခမှောင်ကြုတ်သွား၏။

'ညကြီးမိုးချုပ် ဘယ်သူများငိုနေပါလိမ့်'

သူသည် ခန္ဓာကိုယ်အား တစ်ဖက်သို့စောင်းကာ ပြန်လည် အိပ်စက်လိုက်၏။

သို့သော် အိပ်၍မရပါ...

သူ၏နားတွင်းသို့ ငိုရှိုက်သံက ဆက်လက် ဝင်ရောက်နေဆဲပင် ဖြစ်ပါသည်။

'ဟင်'

ဖူဝမ်စင်းက သက်ပြင်းချလိုက်ပြီး အိပ်ရာမှထထိုင်လိုက်၏။

သူသည် အလိုလိုပင်ငိုသံကို နားစွင့်နေမိပြန်လေသည်။

အလွန်ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေခြင်းပင် ဖြစ်သည်။

ဖူဝမ်စင်းသည် ငိုသံကိုနားထောင်ရင်း ထိုင်မနေနိုင်သလို ခံစားလိုက်ရ၏။

သူပြန်လှဲအိပ်လိုက်၏။

သို့သော် မည်သို့မျှအိပ်မရပါ။

ငိုသံသည် သူ့အား ကောင်းစွာဒုက္ခပေးနေ၏။

'ခက်လိုက်တာ ဘာကြောင့် ဒီလောက် ဝမ်းပန်းတနည်း ငိုနေရတာလဲ'



သူသည် မည်သို့မျှ အိပ်မရတော့သဖြင့် အခန်းထဲမှထွက်လာခဲ့၏။

ငိုသံသည် တည်းခိုခန်းနံဘေး ပန်းဥယျာဉ်ဘက်မှ ဖြစ်၏။

သူကငိုသံထွက်ပေါ်လာရာဘက်သို့ လျှောက်သွားလိုက်၏။

မကြာမီပင် ပန်းဥယျာဉ် အနီးတွင် မီးလင်းနေသော အဆောင်ငယ်တစ်ခုကို တွေ့လိုက်ရသည်။

ရှိုက်သံက ထိုအဆောင်ငယ်အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ကို သိရှိလိုက်ရလေသည်။

ဖူဝမ်စင်း မျက်မှောင်ကြုတ်သွားသည်။

ငိုသံသည် မိန်းကလေးငယ် တစ်ယောက် ငိုကြွေးသံဖြစ်သည်ကို ခွဲခြားသိရှိလိုက်သည်။

အဘယ်ကြောင့် ငိုကြွေးနေရသနည်း။

မည်သို့သော ဝမ်းနည်းကြေကွဲစရာကိစ္စ ရှိနေပါသနည်း။

သူက စူးစမ်းလိုသောစိတ်များဖြစ်ပေါ်လာသည်။

တစ်ဖန် အခက်အခဲ ဒုက္ခများရှိလျှင် ကူညီပေးလိုသောစိတ်များလည်း ပေါ်ပေါက်လာလေသည်။

ဖူဝမ်စင်းသည် ပန်းဥယျာဉ်အားဖြတ်၍ ထိုအဆောင်ငယ်သို့ ဦးတည် လျှောက်သွားလိုက်၏။

အဆောင်ရှေ့သို့ မရောက်မီမှာပင်....

'ရပ်လိုက်'

ဟူသော ဟန့်တားသံက ထွက်ပေါ်လာ၏။

အသံနှင့်အတူ ပန်းခြံကြားမှ လူနှစ်ယောက် ထွက်လာ၏။ ထို့အတူ အဆောင်ရှေ့ တံခါးဝတွင်လည်း လူနှစ်ယောက် ပေါ်လာ၏။

အစောင့်နှစ်ဦးသည် ဖူဝမ်စင်းရှေ့သို့ ရောက်လာပြီး....

'မင်းဘယ်သူလဲ၊ ဘာကိစ္စ ဒီကို ရောက်လာတာလဲ'

ဟု ခက်ထန်သောအသံဖြင့် မေးလိုက်၏။

ဖူဝမ်စင်းက ထိုလူနှစ်ယောက်အား ကြည့်လိုက်၏။

ကြမ်းတမ်းသောရုပ်ရည်ရှိပြီး ခါးတွင် ဓားများ ချိတ်ဆွဲထား၏။

လူမိုက်များဖြစ်နိုင်ကြောင်း ရိပ်စားမိလိုက်၏။

ဖူဝမ်စင်းက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး....



'ကျုပ်က ခရီးသွားပါ၊ ဒီတည်းခိုခန်းမှာ တစ်ည တည်းခိုနေထိုင်ပါတယ်'

အစောင့်က....

'ဒါဆို ကိုယ့်အခန်းကိုယ်ပြန်ပါ'

ဖူဝမ်စင်းက ...

'ဟုတ်ကဲ့၊ ဒီအဆောင်ထဲက ငိုသံကြား ....'

အစောင့်က ဖူဝမ်စင်း၏ စကား မဆုံးမီပင် ကြားဖြတ်ပြောလိုက်၏။

'မင်း မစပ်စုနဲ့၊ စပ်စုတဲ့လူဟာ အသက်တိုတတ်တယ်'

အခြား အစောင့်တစ်ယောက်ကလည်း လေသံမာမာနှင့် မောင်းထုတ်လိုက်၏။

'သွား...သွား....အသားမနာချင်ရင် ဒီကမြန်မြန်တွက်သွား'

ဖူဝမ်စင်းက တစ်စုံတရာ ပြန်ပြောရန် ဟန်ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ လှည့်ထွက်လာခဲ့လေတော့သည်။

ဖူဝမ်စင်း အခန်းထဲပြန်ရောက်လာ၏။

သူ၏စိတ်များထဲတွင် မကျေမနပ်သလို ခံစားရ၏။

အဆောင်ထဲမှ ငိုနေသော မိန်းကလေး မည်သူမည်ဝါ ဖြစ်သည်ကို သိချင်စိတ်များ ဖြစ်ပေါ်မိ၏။

အစောင့်လေးဦးတာ အဘယ့်ကြောင့် စောင့်ကြပ်နေသနည်း။

ဖူဝမ်စင်း ထိုင်ရာမှ ပြန်ထလိုက်၏။

သူသည် အဆောင်ငယ်ဘက်သို့ နောက်တစ်ကြိမ် ပြန်သွက်လာခဲ့လေတော့သည်။

ဤတစ်ကြိမ် သူက ပေါ်ပေါ်တင်တင်သွားခြင်းမဟုတ်ပါ။

အမှောင်ရိပ်ကို အကာအကွယ်ယူကာ တိတ်တဆိတ် လျှပ်ရှားလိုက်ခြင်းပင် ဖြစ်ပါ၏။

မကြာမီ အဆောင်ငယ်အနီး ပြန်ရောက်လာ၏။

ပန်းဥယျာဉ်ထဲတွင် နှစ်ယောက်၊ အဆောင်ရှေ့တွင် နှစ်ယောက်၊ စုစုပေါင်း အစောင့်လေးဦးသာ ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် သူက အဆောင်ငယ်အနောက်ဘက်မှ ပတ်လာခဲ့၏။



ထို့နောက် ဘေးပြတင်းပေါက်အနီးမှ အတွင်းသို့ ချောင်းကြည့်လိုက်၏။

ထိုခဏတွင် သူ၏အသည်းနှလုံးများ ပြောင်းဆန်သွားသလို ခံစားလိုက်ရလေတော့သည်။

ရှန်းမေသည် ငိုကြွေးနေ၏။

သူမတို့ ထမင်းတစ်ပန်းကန်ကို သားအမိနှစ်ယောက် စားခဲ့ရသည်မှာ ငါးရက်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်၏။

ဤနေရာမှ လွတ်လမ်းလည်း မမြင်ပါ။

သူမ လက်လျှော့ အရှုံးပေးရတော့မည်လော။

သူ့ဘဝကိုတွေးရင်း ဝမ်းနည်းကြေကွဲနေ၏။

ဖခင်ပျောက်ကို ရှာဖွေရင်းမှ မမျှော်လင့်ဘဲ လူယုတ်မာနှင့်တိုးခဲ့ရသည် မဟုတ်ပါလား။

သူမဘဝကို သူမ ကြေကွဲမဆုံးပါ။

သူမကြောင့် သူမမိခင်ပါ ဒုက္ခအတိရောက်ရသည် မဟုတ်ပါလား။

သူမမိခင် ဒုက္ခမရောက်စေလိုပါ။

မနက်ဖြန် ဟိုင်ရှီ လာလျှင် မင်းသားလေးအား လက်ခံတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူမဘဝကို လူယုတ်မာလက်ထဲ ပုံအပ်ရတော့မည့်အရေးကို တွေးကာ ဝမ်းနည်းငိုကြွေးနေမိပြန်လေသည်။

ထိုစဉ်မှာပင်....

'ဂျစ်....ဂျစ်'

ပြတင်းပေါက်မှ အသံသဲ့သဲ့ ထွက်ပေါ်လာ၏။

ရှန်းမေ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ပြတင်းပေါက် ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ပြတင်းပေါက်တွင် လူအရိပ်ကိုတွေ့လိုက်ရလေသည်။



ဖူဝမ်စင်းသည် ပြတင်းပေါက်မှ နေ၍ ရှန်းမေအားကြည့်နေ၏။

အလွန် ချောမောလှပတော့ ရှန်းမေ၏ ဝမ်းပန်းတနည်း ငိုကြွေးနေမှုကို တွေ့သောအခါ သူ၏ ရင်တစ်လုံး ပြောင်းဆန်သွား၏။

ထိုမိန်းကလေးအား ထွေးပိုက် နှစ်သိမ့်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

'အင်း.... မိန်းကလေး တစ်ယောက်အတွက်နဲ့ ငါ့စိတ်တွေ ဒီလောက် မလှုပ်ရှားသင့်ပါဘူး'

သူသည် စိတ်ကို ပြန်လည်ထိန်းချုပ်လိုက်၏။

ထိုမိန်းကလေး ဤမျှ သည်းထန်စွာ ငိုကြွေးနေသည်မှာ အကြောင်းရှိရပေမည်။

ထိုမိန်းကလေးသည် အဆောင်တွင်း၌ ချုပ်နှောင်ခံထားနေရပါသလော၊ သူက တွေးရင်း ပြတင်းပေါက်ကို လက်ညှိုးနှင့် အသာ ဖျစ်လိုက်၏။

မိန်းကလေးသည် သူ့အား မြင်သွား၏။

ချက်ချင်းပင် ပြတင်းပေါက်အနီး ရောက်လာ၏။

'ရှင်ဘယ်သူလဲ'

ဖူဝမ်စင်းက....

'ကျုပ်ခရီးသွားပါ၊ မိန်းကလေး ဘာ့ကြောင့် ဒါလောက် ငိုနေရတာလဲ'

မိန်းကလေးက—

'ကျွန်—ကျွန်မတို့ သားအမိကို ကယ်နိုင်ရင် ကယ်ပါရှင်'

ဖူဝမ်စင်းက မျက်မှောင်ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲ၊ ဘာတွေဖြစ်နေတာလဲ'

မိန်းကလေးက....

'ကျွန်မ နောက်မှ ရှင်းပြပါ့ရစေ၊ ကျွန်မတို့ သားအမိကို ဒီကသာ မြန်မြန် ကယ်တင်ပေးပါ၊ ဒါမှမဟုတ်ရင် ဒီက ရှင် မြန်မြန်ထွက်သွားပါ၊ မဟုတ်လို့ သူတို့တွေ့သွားရင် ဒုက္ခရောက်ရလိမ့်မယ်'

ဖူဝမ်စင်းက မဲ့ပြုံးပြုံးလိုက်၏။
'ကျုပ်က မကြောက်တတ်ပါဘူး'
'ဒါဆိုလဲ ကျွန်မတို့ကိုကယ်တင်ပါရှင်'



ဟု တောင်းပန်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဘယ်သူလဲ'

အော်ဂေါက်သံနှင့် အတူ အစောင့်တစ်ဦး ချက်ချင်း ရောက်ရှိလာ၏။

အစောင့်သည် ဖူဝမ်စင်းအား ချက်ချင်း မှတ်မိသွားပြီး

'မင်းသေချင်လို့ ရောက်လာပြန်သလား ထွက်သွားစမ်း'

ဖူဝမ်စင်းက....

'နေပါဦး၊ ခင်ဗျားတို့က ဘာ့ကြောင့် ဒီမိန်းကလေးကို ချုပ်နှောင်ထားရတာလဲ'

အစောင့် ဒေါသထွက်သွား၏။

'မင်း ဒီကထွက်သွားမလား မသွားဘူးလား ပြောစမ်း၊ မဟုတ်ရင် ကျုပ်က မင်းခြေထောက်ကို ခုတ်ဖြတ်ပစ်ရမယ်'

ဖူဝမ်စင်းက ပြုံးလိုက်ပြီး....

'ကျုပ်မေးတာ ခင်ဗျား မဖြေသေးဘူး'

အစောင့် ဒေါသမထိန်းနိုင်တော့ပါ။

ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး....

'စကားများတဲ့သူဟာ သေရတယ်ကွ'

သူသည် ရုတ်ခြည်းပင် ဖူဝမ်စင်း၏ ခြေထောက်ကို ဓားနှင့် ပိုင်းဖြတ်လိုက်လေသည်။

ဖူဝမ်စင်းက အလွယ်တကူပင် ရှောင်တိမ်းလိုက်၏။

အစောင့်က....

'ဩော်... မင်းက သိုင်းတတ်တာကိုး၊ ကောင်းပြီ...ကြည့်ရ သေးတာပေါ့'

သူလည်း ဓားသုံးချက်ဆင့်ခုတ်ကာ ဖူဝမ်စင်း ရင်ဝသို့ထိုး ချလိုက်၏။

ဖူဝမ်စင်းက ပြုံးလျက် ထိုးသွင်းလာသော ဓားကို လက် နှစ်ချောင်းနှင့် ညှပ်ကာ ဖမ်းယူလိုက်၏။

ထို့နောက် အားနည်းငယ်စိုက်လိုက်၏။

'ချွမ်'

အစောင့်၏ ဓားမှာ ထက်ပိုင်းကျိုးသွားလေသည်။

အစောင့်ထိတ်လန့်သွား၏။



'ရန်သူ.... ရန်သူ'

သူသည် အသံကုန် အော်ဟစ်လိုက်လေသည်။

သူ၏ အော်သံကြောင့် ကျန်အစောင့် သုံးယောက်သည် ချက်ချင်းပင် အပြေးအလွှား ရောက်ရှိလာ၏။

အစောင့်သုံးယောက်သည် ဖူဝမ်စင်းအား တွေ့သောအခါ ချက်ချင်းပင် ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

သူတို့၏တိုက်ခိုက်မှုက ရက်စက်ကြမ်းကြုတ်လှပေသည်။

ဖူဝမ်စင်းသည် ထိုလူသုံးယောက်၏ ရက်စက်ကြမ်းကြုတ် လှသော တိုက်ခိုက်မှုကိုတွေ့သောအခါ နှာခေါင်းရှုံ့လိုက်၏။

ထိုလူသုံးယောက်အား ညှာတာနေ၍ မဖြစ်ကြောင်း နား လည်လိုက်သည်။

ထို့ကြောင့် သူကလည်း ဓားနှစ်လက်ဖြင့် ပြန်လည်တိုက် ခိုက်လိုက်လေသည်။

တိုက်ပွဲကား မကြာလှပါ။

ထိုလူသုံးယောက်သည် သိုင်းပညာအနည်းငယ်သာ တတ် မြောက်ထားသူများဖြစ်ရာ ဖူဝမ်စင်းအား မည်သို့မျှ မယှဉ် နိုင်ကြပါ။

တစ်ခဏအတွင်းမှာပင်....

'ဝုန်း'

'ခွပ်...ချွမ်း'

'အား....အမလေး'

အသံမျိုးစုံထွက်ပေါ်လာ၏။

အစောင့်များ လက်နက်တခြား လူတခြား လွင့်စဉ်သွားကြသည်။

အစောင့်လေးယောက် လူးလဲထလိုက်ကြသည်။

သူတို့သည် ဖူဝမ်စင်းအားဆက်လက်မတိုက်ခိုက်ရဲတော့ပါ။

အစောင့်တစ်ဦးက....

'မင်းဘယ်သူလဲ၊ မင်းသားလေးသိရင် မင်းသေသွားမယ်'

ဟု ခြိမ်းခြောက်လိုက်၏။

ဖူဝမ်စင်းက....

'ကျုပ် ဖူဝမ်စင်း၊ မင်းသားလေးဆိုတာ ဘယ်သူလဲဗျ'

အစောင့်တစ်ဦးက....



'မင်းသားဟို ကွမ်း၊ ခင်ဗျားကိုယ်ခင်ဗျား သူရဲကောင်း ပ်ချင်မနေနဲ့၊ မြန်မြန်ထွက်သွား'

ဖူဝမ်စင်းက ခေါင်းခါယမ်းလိုက်၏။

'မတရားမှုတစ်ခုကို တွေ့နေရဲ့နဲ့ ကျုပ်က ထွက်သွားဖို့ ကူးမရှိပါဘူး၊ မင်းတို့သာ ဒီထက် မနာချင်ရင် ဒီက မြန်ထွက်သွားကြပါ'

အစောင့်များ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက် တော့သည်။

အစောင့်တစ်ဦးက—

ကောင်းပြီ၊ ခင်ဗျားကသေချင်လို့ဝင်စွက်တာပဲ၊ သေချင် ဒီမှာစောင့်နေပါ၊ ကျုပ်တို့ပြန်လာခဲ့မယ်'

ဖူဝမ်စင်းကရယ်မောလိုက်ပြီး....

မင်းတို့ပြန်လာတဲ့အခါမှာ မင်းတို့ရဲ့ မင်းသားလေးကိုပါ လာဖို့မမေ့ပါနဲ့'

အစောင့်များ ချက်ချင်းပင် တည်းခိုခန်းထဲမှ လျှင်မြန်စွာ ခွာသွားလေတော့သည်။

ဖူဝမ်စင်း မနေတတ်အောင် ဖြစ်သွား၏။

'ထကြပါ ထကြပါ၊ ဒီလိုမလုပ်ပါနဲ့'

ဟု တောင်းပန်လိုက်သည်။

ရှန်းကျဲနှင့် ရှန်းမေတို့က ဒူးထောက် အရိုအသေပြုရာ
ပြန်ထလိုက်သည်။

ရှန်းကျဲက....

'ငါတို့ မကူညီရင် ဒီလူယုတ်မာ မင်းသားလေးလက်
လွတ်မြောက်မှာ မဟုတ်ပါဘူး၊ ငါတို့ကို ဘယ်လိုကျေးဇူး
စကားပြောရမှန်းတောင်မသိတော့ပါဘူး'

ရှန်းမေက....

'ဟုတ်ပါတယ်၊ ညီမတို့ သားအမိနှစ်ယောက်ရဲ့ ဘဝ
ကယ်တင်ပေးတဲ့အတွက် အစ်ကိုကို တစ်နေ့ ကျေးဇူးပြန်ဆ
ပါရစေ'

ဖူဝမ်စင်းက လက်ကာပြလိုက်၏။

'ကျွန်တော် ကျေးဇူးတင်ခံချင်လို့ကူညီတာ မဟုတ်ပါ
မတရားတာတွေ့ရင် ဖြေရှင်းရမယ့် တာဝန်ဟာ ကျွန်တော်
ဂိုဏ်းသမားတွေရဲ့ တာဝန်တစ်ခုပါပဲ'



ရှန်းကျဲက....

'ဘာပဲဖြစ်ဖြစ် ငါတို့ဟာ ဒေါ်ဒေါ်တို့ရဲ့ ကျေးဇူးရှင်ပါပဲ'

ဖူဝမ်စင်းက ပခုံးတွန့်လိုက်ပြီး....

'ထားပါတော့၊ မင်းသားလေးဟိုကွမ်းနဲ့ ဒေါ်ဒေါ်တို့ ဘာရန်ငြိုးများရှိလို့လဲ ဘာပြဿနာများရှိလို့လဲ'

ရှန်းကျဲက....

'မရှိပါဘူး၊ မင်းသားလေး ဟိုကွမ်းကို ဒေါ်ဒေါ်တို့ ဒီမြို့ရောက်မှသာ တွေ့ဖူးတာပါ'

ဖူဝမ်စင်းမျက်မှောင်ကြုတ်သွားပြီး....

'ဒါဆို ဒေါ်ဒေါ်တို့ကို သူကဘာကြောင့်ဖမ်းချုပ်ထားတာလဲ'

ရှန်းကျဲက သက်ပြင်းချလိုက်ပြီး....
'သမီးကြောင့်ပါ'

'ဗျာ'

'ဟုတ်တယ်၊ မင်းသားလေး ဟိုကွမ်းက သမီးကိုလက်ထပ်ခွင့်တောင်းခံခဲ့တယ်၊ သူ့ကို ကြည့်ရတာ ရိုးသားမှုမရှိလို့

ဒေါ်ဒေါ်က သဘောမတူဘဲ ငြင်းပယ်တဲ့အခါ အခုလို နှောင်ထားတာပါ'

ဖူဝမ်စင်း ဒေါသထွက်သွားသည်။

'ထယ်လဲ ရိုင်းပျပါလား၊ သူ့မှာ ဒီလိုလုပ်နိုင်တဲ့ အာဏာ မရှိပါဘူး ရှန်းကဲ့'

'ဒေါ်ဒေါ်တို့က မိန်းမသား နှစ်ဦးသာဖြစ်တယ်၊ အကျွမ်းလဲ မရှိတော့ သူပြုသမျှခံရတာပေါ့'

ရှန်းမေက...

'အဲဒါ အရေးမကြီးဘူး၊ မကြာခင် မင်းသားလေ လူတွေ ပြန်လာမှာသေချာတယ်၊သူတို့ရောက်လာရင် အာ ဒုက္ခရောက်ကုန်မယ်၊ မြန်မြန်ပြေးကြတာ ကောင်းမယ်'

ဖူဝမ်စင်းက....

'ဘာ့ကြောင့် ပြေးရမှာလဲ'

ရှန်းမေက....

'မင်းသားလေးမှာ နောက်လိုက်တွေ အများကြီးရှိ

ဖူဝမ်စင်းက....



'ဉာဏ်မရှိတဲ့ လူမိုက်တွေပါ၊ ကျုပ်မမှုပါဘူး'

ရှန်းကျဲက...

'ငါတို့ မမှုတာမှန်ပါတယ်၊ဒါပေမယ့် ဒေါ်ဒေါ်တို့ သူ့လက်ထဲကို ပြန်အရောက်မခံနိုင်တော့ပါဘူး၊ ဒါကြောင့် သူတို့ ရောက်မလာခင် အမြန်ထွက်ပြေးတာပဲ ကောင်းပါမယ် ထင်တယ်'

ဖူဝမ်စင်းက....

'ဒီမြို့ဟာ အုပ်ချုပ်သူ မရှိတဲ့မြို့မှ မဟုတ်ဘဲ သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူး'

ရှန်းမေက စိုးရိမ်မကင်းသော လေသံဖြင့်....

'ဘာပဲဖြစ်ဖြစ် အများနဲ့ တစ်ယောက်ဆိုတော့ အစ်ကို ဒုက္ခရောက်နေမယ်'

ဖူဝမ်စင်းက ပြုံးလိုက်၏။

'မစိုးရိမ်ပါနဲ့ ကဲ....သူတို့တွေရောက်လာကြပြီ၊အစ်ကို ထွက်တွေ့လိုက်ဦးမယ်'

ရှန်းကျဲနှင့် ရှန်းမေ မျက်နှာပျက်သွား၏။

ထိတ်လန့် ကြောက်ရွံ့သွား၏။

'သူတို့ရောက်လာပြီ ဟုတ်လား'

ဖူဝမ်စင်းက ခေါင်းညိတ်လိုက်၏။

'ဒေါ်ဒေါ်နဲ့ ညီမ ဒီမှာပဲ စိတ်အေးအေးနေကြပါ၊ သူတို့ကို ကျွန်တော်ဆုံးမလိုက်ပါ့မယ်'

သူသည် စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက်၏။

ထိုစဉ် အပြင်ဘက်မှ စကားသံကို ကြားလိုက်ရလေသည်။

'သူရဲကောင်းကြီး ထွက်လာခဲ့စမ်း'

*

ဖူဝမ်စင်း အဆောင်ထဲမှ ထွက်လိုက်၏။

အဆောင်ရှေ့တွင် လက်နက်ကိုယ်စီ ကိုင်စွဲထားသော ၁၂-ယောက်ကို တွေ့လိုက်ရလေသည်။

ဖူဝမ်စင်းက ထိုလူများအား ဝေ့ကြည့်လိုက်ပြီး...

'မင်းသားလေး ဟိုကွမ်းဆိုကာ ဘယ်သူလဲ'



ထိုများထဲမှ လှံရှည်ကိုင်ထားသူက...

'မင်းက မင်းသားလေးကို မေးစရာမလိုဘူး၊ မင်းသားလေးက အမိန့်ပေးလိုက်တယ်၊ မင်းမသေချင်ရင် ဒီကအမြန်ထွက်သွားပါတဲ့'

ဖူဝမ်စင်းက...

'မင်းသားလေးကို ပြောလိုက်ပါ၊ ကျုပ်ဒီမှာ စောင့်နေမယ်လို့ သတ္တိရှိရင် သူလာပါစေ'

'မင်းတော်တော် စော်ကားပါလား'

'ဟေ့ကောင် စကားပြောမနေနဲ့၊ ဒီကောင်ကို သတ်ပစ်လိုက်ကြ'

လက်နက်ကိုယ်စီ ကိုင်ဆောင် ထားသော လူများသည် ဖူဝမ်စင်းအား ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

ဖူဝမ်စင်းက ဓားမထုတ်ဘဲ ဓားအိမ်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်၏။

ဖူဝမ်စင်း၏ နောက်လိုက်များသည် သိုင်းပညာ မြင့်မားသူများမဟုတ်ပါ၊ သူတို့က အုပ်စုအားကိုး လက်နက်အားကိုးဖြင့်သာ မြို့သူမြို့သားကို အနိုင်ကျင့်နေကြသူများ ဖြစ်ကြ၏။

ယခု သူတို့ရင်ဆိုင်နေရသော လူရွယ်သည် ထိပ်တန်းသိုင်းပညာရှင် လူငယ်တစ်ဦးဖြစ်သည်ကို မသိကြပါ။

ထို့ကြောင့်လည်း တိုက်ပွဲစသည်နှင့် ဖူဝမ်စင်း၏ သွက်လက်ထက်မြက်လှ၍ သိုင်းကွက်ဝယ် တစ်ယောက်ပြီး တစ်ယောက် လွင့်စဉ်သွားကြလေတော့သည်။

ရှန်းကဲ့နှင့် ရှန်းမေတို့သည် တံခါးအကွယ်မှ နေ၍ တိုက်ပွဲကို ရင်တမမနှင့် ချောင်းကြည့်နေကြ၏။

ဖူဝမ်စင်းအတွက် စိုးရိမ်ပူပန်နေ၏။

သို့သော် ဖူဝမ်စင်း၏ သွက်လက်ထက်မြက်လှသော တိုက်ခိုက်မှုကို တွေ့သောအခါတွင် စိတ်အေးသွားကြ၏။

ရှန်းမေသည် ဖူဝမ်စင်းအား အလွန်ပင် အထင်ကြီးသွားမိလေသည်။

ဖူဝမ်စင်းသည် ယောကျ်ားပီသသောရုပ်ရည်ရှိသလို သိုင်းပညာလည်း အလွန်ကောင်းလှပေသည်။



ရိုးသားဖြောင့်မတ်၍ မတရားမှုမှန်လျှင် ဖြေရှင်းကူညီတတ်သော စိတ်ထားကလည်း ရှိ၏။

သူမအတွက် သူရဲကောင်းတစ်ဦးသဖွယ် ခံစားရ၏။

သူမစိတ်ကို စတင် လှုပ်ရှားပေးခဲ့သော ယောကျ်ား တစ်ယောက်ဟု ဆိုလျှင်လည်း မှားမည်မထင်ပါချေ။

ထိုစဉ်မှာပင် ဖူဝမ်စင်း၏ လက်ချက်ကြောင့် မင်းသားလေးဟို့ကွမ်း၏ လူများသည် ဒဏ်ရာအနာတရနှင့် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရလေသည်။

ရှန်းမေက အပြင်သို့ ထွက်လာခဲ့ပြီး....

'အစ်ကို့ သိုင်းပညာ အရမ်းတော်တာပဲ'

ဟု အားရဝမ်းသာ ချီးကျူးလိုက်လေသည်။

ဖူဝမ်စင်းက ရှက်ပြုံးပြုံးလိုက်ပြီး....

'ဒီလောက်လဲ မဟုတ်ပါဘူး၊ ဒါပေမယ့် လူဆိုးလူမိုက်တွေကိုတော့ ကောင်းကောင်း ဆုံးမနိုင်ပါတယ်'

သူတို့သည် အဆောင်တွင်း ပြန်ဝင်လာ၏။

ရှန်းကဲ့က ပူပန်နေ၏။

'သူတို့ အခု ထွက်ပြေးသွားပေမယ့် မကြာခင် ပြန်လာဦးမှာပဲ'

ဖူဝမ်စင်းက....

'မပူပါနဲ့၊ ပြန်လာရင် ကျွန်တော် မောင်းထုတ်ပါ့မယ်'

ရှန်းကျဲက....

'ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မနက်လင်းတာနဲ့ ဒီမြို့က ထွက်ခွာသွားဖို့ ဒေါ်ဒေါ်တို့ ဆုံးဖြတ်ထားလိုက်ပြီ'

'ဘာဖြစ်လို့လဲ'

'ဒေါ်ဒေါ်တို့ ဒီမှာဆက်နေရင် မင်းသားလေး ဟို့ကွမ်းက ဆက်ပြီးတော့ အနှောင့်အယှက် ပေးဦးမှာပဲ'

ဖူဝမ်စင်း တွေဝေသွား၏။

ရှန်းကျဲက ဆက်ပြောလိုက်၏။

'ပြီးတော့ ငါ့တူကလဲ ခရီးဆက်ရဦးမယ်မဟုတ်လား'

ဖူဝမ်စင်းက ...

'ဟုတ်ကဲ့...ကျွန်တော်လဲ ခရီးဆက်ရမှာပါ၊ ဒါပေမယ့် ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိတယ်'



ရှန်းမေက....

'ဘာများစဉ်းစားမိလို့လဲအစ်ကို'

ဖူဝမ်စင်းက....

'မင်းသားလေး ဟို့ကွမ်းဆိုတဲ့လူဟာ နောက်လိုက် အားကိုးနဲ့ ဒီမြို့မှာ သောင်းကျန်းနေပုံရတယ်'

ရှန်းကျဲက....

'သိပ်မှန်တာပေါ့၊ ဒေါ်ဒေါ်တို့ကိုပဲ ကြည့်ပါလား'

ဖူဝမ်စင်းက....

'ဒါကြောင့် အခု အဒေါ်တို့မသွားခင်မှာ မြို့ဝန်ရုံးကို သွားပြီး အမှုဖွင့်ရင် ကောင်းမယ်၊ ဒီလိုတိုင်တန်းပြီး အရေးယူမှသာ မင်းသားလေး ဟို့ကွမ်း နောင်ကြဉ်သွားမယ်'

ရှန်းကျဲက စိတ်မပါပါ။

ရှန်းမေကမူ လူငယ်ပီပီ....

'ဟုတ်တယ်၊ အစ်ကိုပြောတာ မှန်တယ်'

ရှန်းကျဲက သက်ပြင်းချလိုက်ပြီး....

'သံသရာရှည်ပါတယ်ကွယ်၊ ငါ့စူလဲ အချိန်ပေးနိုင်တာ မဟုတ်သလို ဒေါ်ဒေါ်တို့လဲ ဒီမြို့မှာ ဆက်နေချင်စိတ် မရှိတော့ဘူး'

ဖူဝမ်စင်းက....

'ကျွန်တော် သုံးရက် အချိန်ပေးနိုင်ပါတယ်၊ မနက်ကျရင် ကျွန်တော်တို့ သွားကြတာပေါ့'

ရှန်းမေက....

'ဟုတ်ဘယ်ဒမမေ၊ ဒီလူယုတ်မာ နှိပ်စက် ညှဉ်းပန်းတာကို ကျွန်မတစ်သက် မမေ့ကြဘူး'

ဖူဝမ်စင်းက....

'သူ့ကို ခုလိုမှမဆုံးမရင် သူဟာ ဒီအတိုင်းပဲ ရမ်းကားနေမှာ သေချာပါတယ်၊ ဒေါ်ဒေါ်တို့လို အဖြစ်မျိုးနဲ့ နောက်လူတွေ မကြုံရလေအောင် ပညာပေးမှ ဖြစ်လိမ့်မယ်'

ရှန်းကျဲသည် ကျေးဇူးရှင်ဖြစ်နေသော ဖူဝမ်စင်း၏စကားကို အကြောက်အကန် မငြင်းဆန်ချင်ပေ။

ထို့အတူ ရုံးတော်သို့လည်း မသွားချင်ပါ။

သူမ အင်း မလုပ် အဲ မလုပ် ဖြစ်နေ၏။



ရှန်းမေက ...

'နော်...မေမေ၊ ဒီလူယုတ်မာကို သူပြုခဲ့သမျှ ပြန်ဒဏ်ခတ်နိုင်ဖို့ သမီးတို့ကြိုးစားရမယ်'

ရှန်းမေ သက်ပြင်းချလိုက်၏။

'ကောင်းပြီလေ၊ မနက်သွားကြတာပေါ့'

ဖူဝမ်စင်းက....

'ကဲ.... ဒေါ်ဒေါ်တို့ ဒီည စိတ်ချလက်ချ အနားယူပါ၊ ကျွန်တော်စောင့်ရှောက်ပေးပါမယ်'

ရှန်းကျဲ ဦးညွှတ်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ်ကွယ်'

ဖူဝမ်စင်းသည် အဆောင်ငယ်ထဲမှထွက်လာပြီး ပန်းဥယျာဉ်တွင်းရှိ ခုံတန်းရှည်လေးတွင် ထိုင်နေလိုက်၏။

သူ၏ အသည်းနှလုံးထဲတွင် ရှန်းမေ၏ပုံရိပ်ကထင်ရှားပါလာ၏။

သူ၏တာဝန်များပြီးလျှင် ရှန်းမေနှင့် ပြန်လည် ဆုံဆည်းအောင်ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

'တောက်'

မင်းသားလေး ဟို့ကွမ်း၏ မျက်နှာထားတင်းမာခက်ထန်နေ၏။

သူသည် ဒေါသခြောင်းခြောင်းထွက်နေ၏။

ဟိုင်ကျိနှင့် ဟိုင်ချိတို့သည် ငြိမ်သက်စွာရပ်နေ၏။

မင်းသားလေးဟို့ကွမ်းက....

'ခင်ဗျားတို့ တစ်ညလုံးဘယ်သွားနေလဲ၊ ခင်ဗျားတို့မရှိလို့ အားလုံးဒုက္ခရောက်ရတယ်'

ဟိုင်ကျိက....

'ဘာများပြဿနာရှိလို့လဲ မင်းသားလေး'

မင်းသားလေး ဟို့ကွမ်းက ...

'ပြဿနာဟုတ်လား၊ ဒီမယ် ညက ရှန်းမေတို့ သားအမိကို လူစွမ်းကောင်းတစ်ယောက်က ကယ်တင်ခဲ့တယ်၊ ကျုပ်လူတွေကို ဒဏ်ရာရအောင်တိုက်ခိုက်ခဲ့တယ်၊ သူ့ကိုဆုံးမဖို့ ခင်ဗျားတို့က မရှိကြဘူး'

ဟိုင်ကျိ မျက်လုံးပြူးသွား၏။



'ဒီလူဘယ်သူလဲ'

မင်းသားလေးက ပခုံးတွန့်လိုက်၏။

ဟိုင်ချိက....

'ဒီလူဘယ်မှာလဲ'

မင်းသားလေးက....

'မြို့ထဲက ထွက်မသွားသေးဘူး၊ ဒါပေမယ့် ဒီမနက်ဘဲ ထွက်ပြေးသွားလိမ့်မယ်ထင်တယ်'

ဟိုင်ချိက....

'စိတ်ချနေပါ....မင်းသားလေး'

'ဘာစိတ်ချနေရမှာလဲ၊ အခု ရှန်းမေလွတ်သွားပြီ'

'မပူပါနဲ့၊ ရှန်းမေဟာ မင်းသားလေးလက်ထဲ ပြန်ရောက်လာစေဖို့ တာဝန်ယူပါတယ်၊ အဲဒီ လူစွမ်းကောင်းကိုကော မင်းသားလေးက ဘယ်လိုဖြစ်ချင်သလဲ'

မင်းသားလေး ဟို့ကွမ်းက ဟိုင်ချိအား စိုက်ကြည့်လိုက်ပြီး....

'ဘာလုပ်ရမယ်ဆိုတာကို ကျုပ်ပြောနေရဦးမှာလား'

ဟိုင်ချိက အေးစက်စွာပြုံးလိုက်သည်။

'သူတို့ဒီမနက်ထွက်သွားပြီဆိုရင်တောင်မှ မင်းသားလေးရဲ့ လက်ကမလွတ်စေရပါဘူး'

သူသည် စကားဆုံးသည်နှင့် မင်းသားလေးအား အရိုအသေပြုလိုက်ပြီး....

ဟိုင်ကျိနှင့်အတူ ထွက်ခွာသွားလေတော့သည်။

မင်းသ

ဟိုင်ချိနှင့် ဟိုင်ကျိသည် နောက်လိုက်ငါးယောက်နှင့်အတူ စေ့ဟွားတည်းခိုခန်းသို့ရောက်ရှိလာသည်။

ဆိုင်လုလင်များသည် ဟိုင်ချိတို့အားတွေ့သောအခါ ထိတ်လန့်သွားကြသည်။

ဟိုင်ချိက....

'ဟေ့....ကျုပ်တို့ကိစ္စဝင်နှောင့်ယှက်တဲ့သူ ဘယ်မှာလဲ'



ဆိုင်လုလင်က....

'မ....မရှိတော့ပါဘူး'

ဟိုင်ချိက....

'ထွက်သွားပြီလား၊ ရှန်းကဲ့တို့သားအမိကော'

'သူနဲ့အတူပါသွားပါတယ်'

'ဘယ်ထွက်သွားသလဲ'

'မြို့ဝန်ရုံးကို'

'ဘာ'

ဟိုင်ချိ ဒေါသခြောင်းခြောင်းထွက်သွားသည်။

'မြို့ဝန်ရုံးဟုတ်လား'

ဆိုင်လုလင်က....

'ဟုတ်ကဲ့၊ မြို့ဝန်ရုံးကို သွားရောက်အမှုဖွင့်တိုင်ကြားမယ်လို့ ပြောသွားပါတယ်'

ဟိုင်ကျိ မျက်နှာပျက်သွား၏။

'ဘယ်လိုလုပ်ကြမလဲ'

ဟိုင်ချိလည်း မတွေးတတ်အောင် ဖြစ်သွားသည်။

ဟိုင်ကျိုက—

'ကျုပ်တို့ မင်းသားလေးထံပြန်ပြီး သတင်းပို့တာကောင်း
မယ်လို့ထင်တယ်'

ဟိုင်ချိလည်း ဘာလုပ်ရမှန်းမသိသဖြင့် ဟိုင်ကျိုး၏စကား ကို
သဘောတူလိုက်တော့သည်။

မြို့ဝန်ရုံး....

လုံစန်းမြို့၏ အုပ်ချုပ်ရေးမှူး ချုံချန်းသည် သူ၏စား
တွင်ထိုင်ကာ စာဖတ်နေပေသည်။

သူ၏ရုံးသည် နေ့စဉ်ဖွင့်လှစ်ထားသော်လည်း အမှုအခင်း
နည်းပါးသည်။

အေးချမ်းသာယာသော မြို့ဖြစ်သည်နှင့်အညီ တစ်ခါတစ်
မှသာ အမှုကြီးရှိတတ်ပေသည်။



သူ၏ အချုပ်ထောင်တွင်လည်း အကျဉ်းသားဦးရေမှာ နည်းပါးလှသည်။

ယနေ့လည်း ထုံးစံအတိုင်းပင် သူသည် ရုံးဖွင့်လှစ်လိုက်ပြီး အေးအေးဆေးဆေးထိုင်ကာ စာဖတ်နေသည်။

နေထိုင်ရသည်က အေးဆေးလှ၍ သူ၏ခန္ဓာကိုယ်မှာ တစ်နေ့တခြား ဝလာခဲ့သည်။

လွန်ခဲ့သော ငါးနှစ်က သူလုံစန်းမြို့သို့ ရောက်စဉ် သူ၏ ခန္ဓာကိုယ်သည် ယခုသူ့ခန္ဓာကိုယ်၏ထက်ဝက်မျှသာရှိသည်။

ဘာအလုပ်မှ မယ်မယ်ရရ မရှိဘဲ စားလိုက်၊ အိပ်လိုက်၊ စာဖတ်လိုက်နှင့် သူ၏ခန္ဓာကိုယ်မှာ ဝက်တစ်ကောင်အလား ပင် ဝဖြိုးလာခဲ့လေသည်။

အုပ်ချုပ်ရေးမှူးကြီး—

ထိုစဉ် ခေါ်သံနှင့်အတူ ရုံးလုလင်တစ်ဦးဝင်ရောက်လာ၏။

ချုံချန်းက ငဲ့စောင်းကြည့်လိုက်ပြီး....

'ဘာကိစ္စလဲ'

ရုံးလုလင်က....

'အမှုတိုင်ကြားဖို့ရောက်လာပါတယ်'

'ဟော'

ချုံ့ခန်းက သူ၏စက်ရုံကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ဆွဲဆန့်လိုက်ပြီး....

'ခေါ်ခဲ့ပါ'

ရှုံးလုလင်က ပြန်ထွက်သွားသည်။

မကြာမီ ဖူဝမ်စင်းကပင် ဦးဆောင်ကာ ရှန်းကျဲ့ နှင့် ရှန်းမေအား အဓမ္မချုပ်နှောင်ထားခြင်းကို တိုင်ကြားလိုက်၏။

ချုံ့ချန်းက....

'ဘယ်လဲ အဆင့်နဲ့ပါလား၊ တရားခံဘယ်သူများတုန်း'

ရှန်းကျဲ့က ဦးညွှတ်လိုက်သည်။

'မင်းသားလေးဟို့ကွမ်းပါ၊ အုပ်ချုပ်ရေးမှူးကြီး'

ချုံ့ချန်းမျက်နှာမဲ့ရှုံ့သွားသည်။

ရှန်းမေက....

'မင်းသားလေး ဟို့ကွမ်းကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ချမှတ်ပေးဖို့ တိုင်ကြားပါတယ်'

ချုံ့ချန်းက....

'ကောင်းပြီ၊ ကျုပ်ဒီအမှုကိုစစ်ဆေးပါမယ်၊ အစ်မကြီးတို့ ခရီးဆက်မယ်ဆိုရင် ဆက်နိုင်ပါပြီ'



ဖူဝမ်စင်းက ...

'ဒီလိုဘယ်ဟုတ်မလဲ အုပ်ချုပ်ရေးမှူးကြီး၊ မင်းသားလေးဟို့ကွမ်း ကျူးလွန်တဲ့ ပြစ်မှုဟာ အတော်ကြီးလေးပါတယ်၊ သူ့ကို အခုပဲရုံးတော်ကိုဆင့်ခေါ်ပြီး စစ်ဆေးပေးသင့်ပါတယ်'

ချုံ့ချန်းက လက်ကာပြလိုက်သည်။

'မင်းတို့ ခရီးသာဆက်သွားကြပါ၊ ကျုပ်စစ်ဆေးပါ့မယ်'

ဖူဝမ်စင်း ဒေါသထွက်သွားသည်။

ချုံ့ချန်းသည် မင်းသားလေးဟို့ကွမ်းအား ဘာမှမလုပ်ခဲ့ကြောင်း သူက ရိပ်စားမိလိုက်သည်။

ထို့ကြောင့် ထပ်မံတောင်းဆိုလိုက်သည်။

ချုံ့ချန်းကလည်းနောက်မှစစ်ဆေးမည်ဖြစ်ပြီး သူတို့အား ခရီးသာတွင်တွင်ဆက်ခိုင်းနေလေသည်။

ဖူဝမ်စင်းက....

'နောက်မှ စစ်ဆေးမယ်၊ မစစ်ဆေးဘူးဆိုတော့ ကျုပ်တို့ ဘယ်လိုက်ရမှာလဲ၊ အခု တရားလိုတရားခံစုံ သိရှိတဲ့ အချိန်မှာ စစ်ဆေးမှသာ တရားမျှတမှာပေါ့'

ချုံချွန်း စိတ်တိုသွား၏။

'ဝုန်း'

စားပွဲကိုကို လက်နှင့်ရိုက်ချလိုက်ပြီး....

'မင်းက ရုံးတော်ကို မထီမဲ့မြင်ပြုရဲသလား'

ဖူဝမ်စင်း ချက်ချင်းဒူးထောက်လိုက်ပြီး....

'မထီမဲ့မြင် ပြုတာမဟုတ်ပါဘူး၊ ဒါပေမယ့် မင်းသားလေး ဟို ကွမ်းကို စစ်ဆေးဖို့...'

ချုံချွန်းက လက်ကာပြလိုက်၏။

'စကားမရှည်နဲ့၊ မင်းတို့ ခရီးဆက်စရာရှိတာ ဆက်ကြပါ၊ ကဲ....သွားနိုင်ပြီ၊

ဖူဝမ်စင်းသည် ချုံချွန်း ဘက်လိုက်မှုကြောင့် ဒေါသကို မထိန်းနိုင်တော့ဘဲ ဖြစ်သွား၏။

သူသည် ရှက်ခြည်းပင် ခုန်ထကာ ချုံချွန်းဆီ ပြေးဝင်သွား၏။

ချုံချွန်း ထိတ်လန့်ပြီး အလျင်အမြန် ထလိုက်၏။

သို့သော် သူ၏ စဖိုင့်သော ခန္ဓာကိုယ်သည် လျင်မြန်စွာထနိုင်ခြင်း မရှိပါ။



ဖူဝမ်စင်းသည် ချုံချွန်အား ချုပ်ကိုင်လိုက်၏။

ဓားကို ဆွဲထုတ်ကာ ကုတ်ပေါ်တင်လိုက်၏။

ဒါကို....

ရှန်းမေနှင့် ရှန်းကဲ့ မျက်လုံးပြူးသွား၏။

'အစ်ကို... မလုပ်ပါနဲ့'

ဟု ထိတ်လန့်စွာဖြင့် အော်လိုက်လေည်။

ဖူဝမ်စင်းသည် ဒေါသအလွန်ထွက်နေပြီဖြစ်၍ ဘာကိုမျှ စဉ်းစားမနေတော့ပေ။

သူသည် ချုံချွန်းအား ခက်ထန်သောအသံဖြင့် အမိန့်ပေးလိုက်၏။

'ခုချက်ချင်း မင်းသားလေး ဟို့ကွမ်းကို ရုံးတော်လာဖို့ အမိန့်စာထုတ်လိုက်ပါ'

ချုံချွန်း၏ မျက်နှာ သွေးမရှိတော့သလို ဖြူရော်နေ၏။

လည်ကုတ်ပေါ်မှ အေးစိမ့်သော ဓား၏အငွေ့အသက်က သူ့အား ကြောက်လန့်စေ၏။

'ကောင်း....ကောင်းပါပြီ'

ဖူဝမ်စင်း စကားကို သူမလွန်ဆန်ရဲတော့ပါ။

ချက်ချင်း အမိန့်စာ ရေးသားလိုက်၏။

ဖူဝမ်စင်းက ရှုံးလုလင်အား ခေါ်ကာ ထိုအမိန့်စာကို မင်းသားလေး ဟိုကွမ်းထံ ပေးလိုက်လေတော့သည်။

❦

'သူတို့မြို့ဝန်ရုံးကို သွားပြီး အမှုဖွင့်နေကြတယ်၊ မင်းသားလေး ဘယ်လိုလုပ်ကြမလဲ၊

ဟိုင်ကျိက စိုးရိမ်သော လေသံဖြင့် ပြောလိုက်၏။

မင်းသားလေး ဟို့ကွမ်းက ရယ်မောလိုက်၏။

'ဟား.... ဟား.... ဟား.... ဘာကြောက်စရာရှိသလဲ၊ အုပ်ချုပ်ရေးမှူး ချုံချန်းဟာ ကျုပ်ဖခင် လက်အောက်က အမှုထမ်းပါ၊ ကျုပ်ကို ဘယ်လိုအပြစ်ပေးရမှာလဲ၊ ပူစရာမရှိတာ ပူမနေကြစမ်းပါနဲ့'

ဟိုင်ကျိ သက်ပြင်းချလိုက်၏။



မင်းသားလေး၊ ဟိုကွမ်းက....

'ကျုပ်တစ်ခုပဲ အလိုရှိတယ်'

'ပြောပါ....မင်းသားလေး'

'ဝင်ရှုပ်တဲ့ ဖူဝမ်စင်းရဲ့ အသက်'

ဟိုင်ကျိက ချက်ချင်းဝင်ပြောလိုက်၏။

'စိတ်ချပါ မင်းသားလေး၊ သူ့ကို ရှင်းလင်းပစ်ဖို့ ကျုပ်တာဝန်ယူပါတယ်'

မင်းသားလေး ဟို့ကွမ်းက....

ဖူဝမ်စင်းဆိုတဲ့လူကို သိပ်အထင်မသေးနဲ့၊ သူဟာ ကျုပ်ရဲ့ ယောက်သားတွေကို ဒဏ်ရာရအောင် လုပ်နိုင်ခဲ့တယ်'

ဟိုင်ကျိ အေးတိအေးစက် ပြုံးလိုက်ပြီး....

'သူ သေကို သေရမယ်'

ထိုစဉ်မှာပင် ဂေဟာ အမှုထမ်းတစ်ယောက် ဝင်ရောက်လာ၏။

ဟိုင်ကျိက....

'ဘာကိစ္စတဲ့'

အမှုထမ်းက....

'မြို့ဝန်ရုံးက အကြောင်းစာ ပို့လာတယ်'

ဟိုင်ကျိက ယူလိုက်ပြီး မင်းသားလေးထံ ပေးအပ်လိုက်၏။

မင်းသားက....

'ဟိုင်ကျိ ခင်ဗျားပဲဖတ်ပါ'

ဟိုင်ကျိက စာကို ဖွင့်ဖတ်လိုက်၏။

'တရားခံ ဟို့ကွမ်းရုံးတော်သို့ အလျင်အမြန် စစ်ဆေးခံရန် လာရမည်'

အုပ်ချုပ်ရေးမှူးချုံချန်း

'ဟင်....'

မင်းသားလေး ဟို့ကွမ်း မျက်နှာပျက်သွား၏။

ချုံချန်းသည် သူ့အား ရုံးတော်သို့ မည်သည့်အခါမှ ဆင့်ခေါ်မည် မဟုတ်ဘူးဟု သူယုံကြည်ထား၏။

ယခု ဆင့်ခေါ်စာ ရောက်လာသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

'ဟိုင်ကျိ....ဘာလုပ်ကြမလဲ'

ဟိုင်ကျိက တစ်ချက်စဉ်းစားလိုက်ပြီး....



'မင်းသားလေး ခရီးလွန်နေလို့ မနက်ဖြန်မှ လာနိုင်မယ်လို့ ကျုပ်သွားပြီးပြောထားပါ့မယ်၊ ပြီးမှပဲ အေးအေးဆေးဆေး စဉ်းစားကြတာပေါ့'

ဟိုင်ကျိသည် ရုံးလုလင်နှင့်အတူ လိုက်သွားလေတော့သည်။

❦

စွေ့ဟွားတည်းခိုခန်း....

ဖူဝမ်စင်းတို့ မကျေမနပ်နှင့် ပြန်လာခဲ့ကြ၏။

သူတို့ တစ်ရက် သည်းခံစောင့်ရမည် ဖြစ်၏။

ရမ်းကားလှသော မင်းသားလေး ဟို့ကွမ်းအား မှတ်သားလောက်အောင် ဆုံးမရန်လည်း ဆုံးဖြတ်ထားလေသည်။

ရှန်းမေကလည်း ဖူဝမ်စင်းအတိုင်းပင်။

မင်းသားလေး ဟို့ကွမ်းအား ရုံးတော်မှ အပြစ်ဒဏ်ချမှတ်ပြီးမှသာ လုံစန်းမြို့မှ ပြန်မည်ဟု ဆုံးဖြတ်ထားကြလေသည်။

သူတို့သည် မူလအခန်းတွင်ပင် ပြန်လည်တည်းခိုလိုက်ကြ၏။

ဖူဝမ်စင်းကမူ အဆောင်ငယ်ရှေ့တွင်ပင် စောင့်ကြပ်ပေးလိုက်၏။

သူသည် မင်းသားလေး ဟို့ကုမ်းတို့လုစုအား မယုံကြည်ပါ။

အကောက်ကြံကာ ဒုက္ခပေးနိုင်သည်ဟုလည်း တွေးမိ၏။

ထို့ကြောင့် သူသည် အဆောင်ငယ်၏ အမိုးပေါ်တွင် တက်၍ ပုန်းကွယ်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ညဥ့်နက်လှပြီ ဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေလေသည်။

ဖူဝမ်စင်းသည် ခေါင်မိုးပေါ်တွင် လဲလျောင်းနေရင်းမှ အိပ်ငိုက်နေ၏။

ထို့နောက် မကြာမီပင် အိပ်ပျော်သွားခဲ့လေသည်။



သို့သော် သတိနှင့် အိပ်စက်နေခြင်းဖြစ်ရာ ခြေသံများ ကြားသည်နှင့် ရုတ်တရက် ရုတ်ခြည်းပင် နိုးလာလေသည်။

ဖူဝမ်စင်းက အသံလာရာသို့ ကြည့်လိုက်၏။

ဝတ်စုံနက်ဝတ်ဆင်ထားသော လူလေးယောက်ကို တွေ့မြင်လိုက်ရ၏။

ဟိုင်ချိနှင့် သူ၏ နောက်လိုက်များပင် ဖြစ်သည်။

သူတို့သည် တိတ်တဆိတ်ပင် အဆောင်ငယ်ဆီသို့ ချဉ်းကပ်လာကြလေသည်။

ဖူဝမ်စင်း ပြုံးလိုက်၏။

သူသည် ခေါင်မိုးပေါ်မှ အောက်သို့ ခုန်ချလိုက်ပြီး....

'ယောကျ်ားမဟုတ်သလို လာနေကြတာ ဘယ်သူတွေလဲဗျ' ,

ဟု ရိထေ့လိုက်လေသည်။

ဟိုင်ချိသည် အဆောင်ငယ်ဆီသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့၏။

သူသည် အားလုံး အိပ်ပျော်နေခိုက်တွင် အလစ် ဝင်ရောက်တိုက်ခိုက်ရန် ကြံစည်ခဲ့၏။

ယခု မမျှော်လင့်ဘဲ ဖူဝမ်စင်းက သူ့ရှေ့သို့ ကျရောက်လာသောအခါ ဘာလုပ်ရမှန်းပင်မသိ ဖြစ်သွားရလေသည်။

ဖူဝမ်စင်းက....

'ခင်ဗျား ဘယ်သူလဲ'

ဟိုင်ချိက....

'ကျုပ်....ဟိုင်ချိ၊ မင်းက ဖူဝမ်စင်း ဆိုတာလား'

'ဟုတ်တယ်၊ ခင်ဗျားတို့ မင်းသားလေး မပါဘူးလား၊ ကျုပ်က သူ့လို လူယုတ်မာကို ဆုံးမချင်လို့ စောင့်နေတာဗျ

ဟိုင်ချိက မဲ့လိုက်ပြီး....

'ဟောဒီလုံခန်းမှာ မင်းသစ်းလေး ဟို့ကွမ်းကို ဘယ်သူကမှ မဆန့်ကျင်ဝံ့ကြဘူး၊ အဲဒါ ဘာ့ကြောင့်လဲ သိရဲ့လား'

ဖူဝမ်စင်းက....

'ပြောစမ်းပါဦး'



ဟိုင်ချိက အေးစက်သောလေသံဖြင့် ပြောလိုက်၏။

'အသက်တိုမှာစိုးလို့ပဲ'

ဖူဝမ်စင်းက ရယ်မောလိုက်၏။

'ခင်ဗျားတို့တွေဟာဘာနဲ့တူသလဲဆိုတော့ အလှန်ဟောင်တဲ့ ခွေးတွေနဲ့တူတယ်၊ ဟား....ဟား...ဟား... ကျုပ် ဖူဝမ်စင်းက ဟို့ကွမ်းဆိုတဲ့ လူယုတ်မာ မရမ်းကားနိုင်အောင် ဆုံးမဖို့ ဆုံးဖြတ်ထားပြီးပြီ'

ဟိုင်ချိ ဒေါသထွက်သွား၏။

'မင်းဟာ သေချင်နေတာကိုး'

ဖူဝမ်စင်းက....

'ခင်ဗျားက ကျုပ်ကိုသတ်နိုင်တဲ့ အရည်အချင်းရှိလို့လား'

ဟိုင်ချိက စကားမပြောတော့ပါ။

ခါးမှဓားကိုဆွဲထုတ်ကာ ဖူဝမ်စင်းအား တိုက်ခိုက်လိုက်လေသည်။

ဟိုင်ချိ၏ ဓားဆွဲထုတ်ခြင်းတိုက်ခိုက်ခြင်းတို့သည် အလွန်ပင်လျင်မြန်ပြီး တိကျ၏။

သူသည် ဖူဝမ်စင်းအား ထိုဓားတစ်ချက်နှင့်ပင် လက်ဦးမှုရယူကာ အသေသတ်လိုက်ခြင်း ဖြစ်သည်။

သို့သော် သူ၏ဓားချက်သည် လေကိုသာ ထိုးခုတ်မိ၏။

ဖူဝမ်စင်းက....

'ဓားကို မသုံးတတ်ဘဲသုံးရင် အန္တရာယ်များတယ်ဗျ'

ဟိုင်ချို မျက်နှာ မည်းမှောင်သွား၏။

သူသည် ဓားကို ဝှေ့ယမ်းကာ ခုနစ်ချက်တိတိ ဆက် တိုက်ခိုက်လိုက်၏။

သူသည် ဖူဝမ်စင်းအား အထင်မသေးဝံ့တော့ပါ။

ခဲ ထို့ကြောင့် အကောင်းဆုံးဓားကွက်အား ရွေးချယ်တ ဟိုင်က်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

ဓားရိပ်များသည် ရုတ်ခြည်းပင် ဖူဝမ်စင်း၏ ခန္ဓာကို တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့သည်။

ဖူဝမ်စင်း ထိတ်ခနဲ လန့်သွား၏။

သူသည် ဟိုင်ချို၏ ဓားကွက်ထဲမှ မနည်းပင် ရုန်းထွက်လို ရ၏။

ဟိုင်ချိုက နှာခေါင်းရှုံ့လိုက်၏။

'မင်းကော ဘယ်လောက် အစွမ်းရှိလို့လဲ'

သူက နောက်လိုက်များအား မျက်ရိပ်ပြလိုက်၏။



အားလုံးက ဖူဝမ်စင်းအား ဝိုင်းရံကာ တိုက်ခိုက် လိုက်ကြလေသည်။

ဖူဝမ်စင်းသည် ဓားကို လုံးဝမထုတ်ပါ။

သူသည် ဓားအိမ်ဖြင့်လည်းကောင်း၊ လက်ဝါးဖြင့် လည်းကောင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

တိတ်ဆိတ်နေသော ညဥ့်ယံတွင် တိုက်ခိုက်သံများက ဆူညံစွာ ထွက်ပေါ်လာခဲ့လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

သိုင်းကွက် ၁၀၀ ခန့်အထိ ရောက်ရှိလာ၏။

ဖူဝမ်စင်းသည် သူ့ကြောင့် ဟိုင်ချိုတို့ ဒဏ်ရာအနာတရ ဖြစ်မည်ကို မလိုလားသဖြင့် အေးအေးဆေးဆေးပင် ရှောင်တိမ်းကာ တိုက်ခိုက်နေခြင်း ဖြစ်၏။

သို့သော် အချိန်ကြာလာသဖြင့် စိတ်မရှည်တော့ပါ။

တစ်ပန် ဟိုင်ချိတို့ကလည်း သူညာ၍ ညာမှန်းမသိပါ။

သူ့အား အသေသတ်ဖြတ်ရန်ပင် သဲကြီးမဲကြီး ကြိုးစား၍ ကြသည် မဟုတ်ပါလား။

ဖူဝမ်စင်းအား ပညာ မပြ၍ မရတော့ကြောင်း သိလိုက် သဖြင့် တုံ့ပြန် တိုက်ခိုက်လိုက်လေသည်။

ဖူဝမ်စင်း တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'ချွမ်း'

'အား'

'အံမယ်လေး'

ဝတ်စုံနက် သုံးယောက်သည် ဖူဝမ်စင်း၏ လက်သီးချက် ထိမှန်ကာ နောက်သို့ လွင့်စဉ်သွားလေသည်။

ဟိုင်ချိ ရင်ထိတ်သွား၏။

သူတို့ တရကြမ်း တိုက်ခိုက်နေသည့်ကြားမှပင် ဖူဝမ်စင်း တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည် မဟုတ်ပါလား။

ဟိုင်ချိ၏မျက်နှာ တင်းမာခက်ထန်လာ၏။

သူသည် ဖူဝမ်စင်းအား အသေသတ်နိုင်မှဖြစ်မည်ဟု တွေး လိုက်၏။



သူသည် ဓားကိုဝှေ့ယမ်းကာ ထပ်မံ တိုက်ခိုက်လိုက်လေ သည်။

ဖူဝမ်စင်းက မဲ့ပြုံးပြုံးလိုက်၏။

ဟိုင်ချိ၏ဓားကွက်များသည် အလွန်ပင် ရက်စက် ကြမ်း ကြုတ်လှ၏။

ထိုကဲ့သို့သော ဓားကွက်ကို အသုံးပြုသူသည် လူကောင်း တစ်ဦး မဟုတ်နိုင်ကြောင်း ကောင်းစွာ သိရှိနားလည်လိုက်၏။

ထို့ကြောင့် သူကလည်း ညာတာမနေဘဲ ပြန်လည် တိုက် ခိုက်လိုက်ရာ....

'ဝုန်း'

ဟိုင်ချိသည် နောက်သို့ ဝါးတစ်ရိုက်ခန့် လွင့်စဉ်သွား၏။

သူသည် လူးလဲပြန်ထရင်း ပါးစပ်ထဲမှ သွေးများ အန် ထုတ်လိုက်၏။

သူ၏ရင်ဝတစ်ခုလုံး နာကျင်နေ၏။

သူသည် ဖူဝမ်စင်းအား ထိတ်လန့်စွာဖြင့် ကြည့်လိုက်၏။

ဖူဝမ်စင်းအား သူ့ထံ တစ်လှမ်းချင်း လျှောက်လာသည်ကို မြင်လိုက်ရသောအခါတွင် တစ်ကိုယ်လုံး တုန်ယင်သွား၏။

သူ၏ဒဏ်ရာမှာ အတော်ပြင်းထန်လှသဖြင့် ထွက်ပြေးလို သော်လည်း မပြေးနိုင်ပါချေ။

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါ'

ဟိုင်ချိ အထိတ်တလန့်ဖြင့် တောင်းပန်လိုက်၏။

လူဆိုးလူမိုက်တို့သည် သူတကာအပေါ် ရက်စက် အနိုင် ကျင့်တတ်သော်လည်း မိမိရှုံးနိမ့်သောအခါတွင် အလွန်ပင် ကြောက်ရွံ့တတ်ကြသည် မဟုတ်ပါလား။

ဖူဝမ်စင်းက ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား....သေရမှာကြောက်သလား'

ဟိုင်ချိ ဒူးပင်မခိုင်တော့ဘဲ ဒူးထောက်လိုက်သည်။

'ကျုပ်....ကျုပ်'

ဖူဝမ်စင်းက နှာခေါင်းရှုံ့လိုက်၏။

'ခင်ဗျားတို့က လူတစ်ယောက်အသက်ကို တန်ဖိုးမထားရင် ရက်စက်တတ်ပေမယ့် ကျုပ်ကမရက်စက်ပါဘူး၊ မင်းတို့လို လူတွေကိုသတ်ဖို့ ကျုပ်လက်ကိုအားနာတယ်၊ ဒီက အမြန်ဆုံး သွားပါ၊ ပြီးတော့ ခင်ဗျားတို့ မင်းသားလေးကိုပြောလိုက်ပါ၊ သတ္တိရှိရင် ကိုယ်တိုင်လာခဲ့ပါလို့'



ဟိုင်ချိ ဘာမျှပြန်မပြောခဲ့ပါ။

နောက်ဆုံး သုံးယောက်သည် ဟိုင်ချိအားတွဲကာ တည်းခို ခန်းမှ ထွက်ခွာသွားကြလေတော့သည်။

❦

မင်းသားလေး ဟိုကွမ်း၏မျက်နှာ ဖြူရော်နေ၏။

သူသည် ဒဏ်ရာပြင်းထန်စွာရနေသော ဟိုင်ချိအား ကြည့်ကာ ထိတ်လန့်သလို ခံစားနေရလေသည်။

မင်းသားလေး ဟိုကွမ်းသည် အခန်းတွင် ခေါက်တုံ့ ခေါက်ပြန်လျှောက်ကာ စဉ်းစားတွေးတောနေ၏။

ဟိုင်ချိသည် သူ၏ အလွန်အားကိုးရသော ကိုယ်ရံတော် သိုင်းသမားတစ်ယောက်ပင် ဖြစ်သည်။

ဤလုံစန်းမြို့မတို့နှင့်အနီးပတ်ဝန်းကျင်အထိပင် ဟိုင်ချိနှင့် ယှဉ်ပြိုင်နိုင်သူ တစ်ဦးတစ်ယောက်မျှမရှိပါ။

ယခု ဖူဝမ်စင်းဆိုသောလူရွယ်သည် သူ၏လက်ရုံး ဟိုင်ချ
အား သိုင်းကွက်အနည်းငယ်မျှဖြင့်ပင် အနိုင်ယူခဲ့သလသည်။

တစ်ဖန် သူ့သားမြို့ဝန်ရုံးတွင် တရားစွဲဆိုအမှုနှင့်ခဲ့၏။

ဖူဝမ်စင်းအား မရှင်းပစ်နိုင်ရင် တို့အားကောင်းစွာ ဒုက္ခ
ပေးတော့မည်ဖြစ်သည်ကို နားလည်လိုက်၏။

မင်းသားလေးဟို့ကွမ်းက လမ်းလျှောက်နေရာမှ ရပ်တန့်
လိုက်ပြီး....

'ဖူဝမ်စင်းကိုမရှင်းပစ်နိုင်ရင် ကျုပ်တို့ကို ကောင်းကောင်း
ဒုက္ခပေးမှာ သေချာတယ်'

ဟိုင်ချိက ...

'သူ သူ့ရဲ့သိုင်းပညာဟာ အလွန်ကောင်းတယ်'

မင်းသားလေးဟို့ကွမ်းက ...

'ကျုပ်နားလည်တယ်၊ ခင်ဗျားရှုံးလာတယ်ဆိုကာ တည်းက
သူ့ကိုလုပ်ကြံဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး'

ဟိုင်ချိက ...

'ရှင်းပစ်နိုင်တဲ့နည်းရှိပါသေးတယ်'

မင်းသားလေးဟို့ကွမ်းက ...

'ပြောစမ်းပါဦး'



ဟိုင်ချိက ...

'သိုင်းလောကမှာ ကြေးတန်းစားသိုင်းသမားတွေ အများ
ကြီးရှိပါသယ်၊ ဆယ့်ငါးရက်လောက်အတွင်းမှာ သိုင်းသမား
တွေငှားရမ်းလို့ရပါတယ်၊ ဒါပေမယ့် ငွေတော့ကုန်တာပေါ့'

မင်းသားလေးဟို့ကွမ်းက သက်ပြင်းချလိုက်သည်။

'ငွေဘယ်လောက်ကုန်ကုန် အရေးမကြီးပါဘူး၊ ဒါပေမယ့်
အချိန်မရှိတော့ဘူး'

ဟိုင်ချိက ချောင်းတစ်ချက်ဆိုးလိုက်ပြီး....

'အချိန်မရှိတော့ဘူး၊ ဟိုင်ချိ သူ့ကို ဒီည မရှင်းနိုင်ရင်
မင်းသားလေးဟာ မနက်ကိုရှုံးသွားရလိမ့်မယ်'

မင်းသားလေးဟို့ကွမ်းက....

'ဟုတ်တယ်၊ ကျုပ်က ရှုံးသွားတာနဲ့မှားပြီပဲ ရှန်းကဲ့တို့
သားအမိရဲ့စွပ်စွဲချက်ကို ဘယ်လိုကာကွယ်နိုင်မလဲ'

ဟိုင်ချိက....

'အုပ်ချုပ်ရေးမှူး ချုံချန်းဟာ မင်းသားလေးကိုပြစ်ဒဏ်
ချမှတ်ရဲပါဘူး'

မင်းသားလေးဟို့ကွမ်းက....

'မှန်ထယ်၊ အုပ်ချုပ်ရေးမှူး ချုံချန်းကာ ကျုပ်အဖေ မျက်နှာနဲ့ ကျုပ်ကို ပြစ်ဒဏ်ချမှုမှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်ကိုပြစ်ဒဏ်မချရင် ပဲဝမ်စင်းကကျေနပ်မယ်ထင်သလား'

ဟိုင်ချီက....

'ရှီးကပြစ်ဒဏ်မပေးရင် သူဘာတတ်နိုင်မှာလဲ'

မင်းသားလေးဟို့ကွမ်းက....

'ဖူဝမ်စင်းကိုနဲ့ လျော့မတွက်နဲ့၊ သူဟာ သိုင်းသမားတစ်ယောက်က ရှီးကပြစ်ဒဏ်မချမှတ်ရင် သူက ကျုပ်ကို ဘာမှ မလုပ်ဘဲ လက်ပိုက်ကြည့်နေလို့ မင်းတို့အာမခံရဲသလား'

အားလုံး မျက်နှာပျက်သွား၏။

မင်းသားလေးဟို့ကွမ်းက ဆက်ပြောလိုက်၏။

'ဖူဝမ်စင်းကို ဘယ်သူ ဟန့်တားနိုင်မလဲ၊ ကဲ... စဉ်းစားကြစမ်းပါဦး'

အားလုံး ဝိုင်းဝန်းစဉ်းစားလိုက်ကြ၏။

ယုတ်မာကောက်ကျစ်သော လူသုံးယောက် ခေါင်းချင်းဆိုင်လိုက်သောအခါ ယုတ်မာရက်စက်သော အကြံအစည်တစ်ခု ဖြစ်ပေါ်လာလေတော့သည်။



'ဒေါက်....ဒေါက်....ဒေါက်'

တိတ်ဆိတ်နေသော ညဉ့်ယံတွင် တံခါးခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အုပ်ချုပ်ရေးမှူး ချုံချန်းသည် ကျယ်လောင်သော တံခါးခေါက်သံကြောင့် လန့်နိုးလာ၏။

သူသည် ညဉ့်နက်သန်းခေါင် လန့်နိုးလာသောကြောင့် ဒေါသထွက်သွား၏။

'ဘယ်သူလာသောင်းကျန်းနေတာလဲကွ၊ ဟေ့....အစောင့်တွေ ဘယ်ရောက်နေသလဲ'

အောင်ဟေါက်ရင်း အိပ်ရာမှ ထလိုက်၏။

ထိုစဉ်မှာပင်....

'ဝုန်း'

သူ၏အိပ်ခန်းတံခါးသည် ပွင့်ထွက်သွား၏။

ချုံချန်း ထိတ်လန့်သွား၏။

'ဘယ်သူလဲ'

သူသည် ပြောရင်းမှ အခန်းထဲဝင်လာသူကို တွေ့မြင်လိုက်သောအခါ သက်ပြင်းချလိုက်၏။

ကြောက်ရွံ့မှုတို့ ပြေပျောက်သွား၏။

'ဟိုင်ကျိ... မင်းဘာလာလုပ်တာလဲကွ၊ ငါ့အိပ်ချိန်ကို မင်း အခုလို လာပြီး နှောင့်ယှက်ဖို့ မသင့်ဘူး'

ဟိုင်ကျိသည်အခန်းတွင်းဝင်လာပြီး စားပွဲပေါ် မှမီးအိမ်ကို မီးတွန်းညှိလိုက်လေသည်။

အခန်းတစ်ခုလုံး လင်းထိန်သွား၏။

ချုံချန်းက....

'ပြောလေဟိုင်ကျိ၊ မင်းတို့ သောင်းကျန်းလွန်းပြီထင်တယ်၊ မင်းသားလေး မျက်နှာနဲ့ မင်းတို့ ငါ့ကိုပါ အနှောင့်အယှက် ပေးဖို့ မသင့်ဘူးကွ'

ဟိုင်ကျိက ဦးညွှတ်လိုက်၏။

'အုပ်ချုပ်ရေးမှူးကိုအနှောင့်အယှက်ပေးရတာကို ခွင့်လွှတ်ဖို့ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်၊ အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် နေ့ည အချိန်မခွဲခြားနိုင်ဘဲ ရောက်လာရ တာပါ'

ချုံချန်းက....

'ကိစ္စရှိသဲ မနက်မှလာသင့်တယ်'

သူသည် မကျေနပ်သောလေသံဖြင့် ပြောလိုက်၏။



ဟိုင်ကျိက....

'ဟုတ်ကဲ့...မနက်အထိမအောင့်နိုင်လို့ အခုလိုလာရတာပါ၊ မင်းသားလေးကလဲ အနူးအညွတ် တောင်းပန်ခိုင်းပါတယ်'

ချုံချန်းက....

'ပြော....ဘာကိစ္စလဲ'

ဟိုင်ကျိက....

'ဒီကိစ္စကို အုပ်ချုပ်ရေးမှူး သိပါတယ်'

ချုံချန်းက....

'သြော်....ဒါလား၊ ကျုပ်က မလွဲမရှောင်သာလို့ အမိန့် ထုတ်လိုက်ရတာဗျ၊ ဒီလူ အတော်ရမ်းကားတယ်၊ မင်းတို့နဲ့ အတူတူပဲ'

သူကမူ ဖူဝမ်စင်းက အတင်းအကြပ် အမိန့်ထုတ်ခိုင်းခြင်း ဖြစ်သည်ကို ပြန်လည်ပြောပြလိုက်၏။

ထို့နောက်....

'ဒီအတွက် ဘာမှမပူပါနဲ့၊ ဟိုသားအမိကို လျော်ကြေးငွေ နည်းနည်းလောက်ပေးပြီး ကိစ္စပြီးအောင် ကျုပ်လုပ်လိုက်မယ်လို့ မင်းသားလေးကို ပြောလိုက်ပါ'

ဟိုင်ကျိက....

'ဒီလိုဖြစ်မယ်လို့ မင်းသားလေးက တွက်ဆထားပါတယ်၊ ဒါပေမယ့် သူက ဖူဝမ်စင်းကို ရှင်းလင်းပစ်ချင်တဲ့ဆန္ဒ ရှိနေတယ်'

ချုံချွန်းက ပခုံးတွန့်လိုက်ပြီး....

'ဒါ မင်းတို့လုပ်နေကျအလုပ်ပဲ၊ ဘာကြောင့် ကျုပ်ကိုလာလှဲချင်နေရသလဲ'

ဟိုင်ကျိက....

'ဟိုင်ချိတစ်ယောက် အိပ်ရာထဲ အနည်းဆုံး ခြောက်လလောက် လှဲနေရတော့မယ်ဗျ'

ထိုစကား ကြားလိုက်ရသောအခါ ချုံချွန်း အံ့အားသင့်သွား၏။

'ဖူဝမ်စင်းလက်ချက်လား'

ဟိုင်ကျိက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'ဟိုင်ချိ သူ့ကိုသွားရှင်းတာ မအောင်မြင်ဘဲ ခံလာရတယ်ပေါ့'



'မှန်တယ်၊ သူ့ရဲ့ သိုင်းပညာ အလွန်ကောင်းတယ်ဗျ၊ ဒါကြောင့် သူ့ကို ရှင်းလင်းပစ်ဖို့ အုပ်ချုပ်ရေးမှူးကြီးဆီက အကူအညီရယူဖို့ မင်းသားလေးက လွှတ်လိုက်တာပါ'

ချုံချွန်းက သက်ပြင်းချလိုက်၏။

'မင်းတို့တွေတောင်မရှင်းနိုင်တဲ့ လူတစ်ယောက်ကို ကျုပ်ဘယ်လိုရှင်းနိုင်မှာလဲ'

'အုပ်ချုပ်ရေးမှူးမှာ ရှင်းလင်းပစ်နိုင်တဲ့ အခွင့်အရေးရှိတယ်ဗျ'

'ဘာလဲ မင်းတို့က ငါ့ရဲ့မက်တွေကိုအသုံးပြုမလို့လား'

ဟိုင်ကျိက....

'မဟုတ်ပါဘူး၊ မင်းသားလေး အကြံပေးလိုက်ပါတယ်၊ ဒီအတိုင်းသာဆောင်ရွက်ရင် ဖူဝမ်စင်းကို အလွယ်ကလေး ရှင်းလင်းပစ်နိုင်တာသေချာပါတယ်'

ချုံချွန်းက....

'ဘယ်လိုများလဲ မင်းတို့ကိစ္စထဲ ကျုပ်ကလိမ်ပြီး မပါဝင်ချင်ဘူးဗျ'

ဟိုင်ချိက....

'မင်းသားလေးက မှာလိုက်ပါတယ်၊ သူက မကြာခင် သူ့ဖခင်နဲ့တွေ့ဆုံပြီး အုပ်ချုပ်ရေးမှူးကို လုံခြုံမြို့ဝန်အဖြစ်

ရာထူးတိုးမြှင့်ပေးဖို့ တောင်းဆိုပေးပါမယ်၊ တစ်လအတွင်း ရာထူးတိုးဖို့လဲ တာဝန်ယူပါတယ်တဲ့'

ချုံ့ချန်း၏မျက်လုံးများတောက်ပသွား၏။

သူသည် ပြုံးလိုက်ပြီး....

'ကျုပ်က မင်းသားလေးကို အမြဲတမ်းကူညီနေကျပါဗျာ၊ ကဲ အခု ကျုပ်ဘက်က ဘာလုပ်ပေးရမှာလဲ'

ဟိုင်ချီက....

'လွယ်ပါတယ်'

သူသည် ချုံ့ချန်းအားတီးတိုးပြောလိုက်၏။

ချုံ့ချန်း မျက်မှောင်ကြုတ်သွားသည်။

'ဖြစ်ပါ့မလား၊ မလွယ်ဘူးဗျ'

ဟိုင်ကျိက—

'အုပ်ချုပ်ရေးမှူးကြီးမှာ အာဏာ အပြည့်အဝ ရှိပါတယ်ဗျာ'

ချုံ့ချန်း ခေါင်းခါယမ်းလိုက်ပြီး....

'အပြောလွယ်တယ်၊ အလုပ်ခက်တယ်'



'ဘာခက်မှာလဲ၊ သူတို့က ဒီနယ်သားမှမဟုတ်တာ ဘာပြဿနာမှမရှိနိုင်ပါဘူး၊ ကဲ...ကျုပ်သွားမယ်၊ မင်းသားလေးကတော့ အုပ်ချုပ်ရေးမှူးကြီး ဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်'

သူသည် စကားဆုံးသည်နှင့် အခန်းထဲမှ လျင်မြန်စွာထွက်ခွာသွားလေတော့သည်။

ဟိုင်ချီ ထွက်ခွာသွားသည်မှာ အတော်ကြာပြီ ဖြစ်သည်။

အုပ်ချုပ်ရေးမှူး ချုံ့ချန်းသည် အခန်းတွင်းဝယ် ထိုင်နေဆဲ ဖြစ်၏။

သူ ပြန်အိပ်၍မရတော့ပါ။

ဟိုင်ချီ ပေးသွားသော အကြံကို အပြန်ပြန် အလှန်လှန် စဉ်းစားနေသည်။

ဟိုင်ချီ၏အသံသည် ကောင်းမွန်၏။

သို့သော် သူ၏အာဏာကို အလွဲသုံးရမည်ဖြစ်၏။

'ဟုတ်'

ချုံချန်းသည် သက်ပြင်းချလိုက်သည်။

မြို့စားကြီး ဟို့ထန်ကျုံးသည် အလွန် လေးစားစရာ ကောင်းသူဖြစ်သည်။

သူ၏သားဟို့ကွမ်းမှာမူ ဖခင်နှင့်တခြားစီပင်။

အလွန်ဆိုးသွမ်းပြီး ကောက်ကျစ်ညစ်ပတ်လဲများသည်။

သူ့အားဆန့်ကျင်ရန်မလွယ်လှပါ။

ယခု သူကကူညီလိုက်လျှင် မြို့ဝန်ရာထူးရနိုင်၏။

ရှင်းလင်းသော အဒပေးတယူပင်ဖြစ်၏။

သူသည် အုပ်ချုပ်ရေးမှူးရာထူးသက်တမ်း ငါးနှစ်ကျော် ပြီဖြစ်သည်။

မင်းသားလေးဟို့ကွမ်းကသာ သူ့ဘက်ကထောက်ခံပြော ဆိုပေးလျှင် မြို့ဝန်ရာထူးရရှိမည်မှာ သေချာပေသည်။

တွေးရင်း သူ၏မျက်နှာပေါ်တွင် လောက၏အရိပ်အယောင် များက ထွက်ပေါ်လာလေသည်။



အုပ်ချုပ်ရေးမှူး ချုံချန်းသည် ချက်ချင်းပင် အိပ်ခန်း ထဲမှ ထွက်လာခဲ့၏။

သူတို့၏အစီအစဉ်တွင် ပါဝင်လှုပ်ရှားရမည့်လူတစ်ယောက် လိုအပ်နေသည် မဟုတ်ပါလား။

❦

အိပ်ငိုက်နေသော ရဲမက်များ ထိတ်လန့်သွား၏။

မမျှော်လင့်ဘဲ သူတို့ရှေ့သို့ အုပ်ချုပ်ရေးချုံချန်း ရောက်ရှိ လာသည် မဟုတ်ပါလား။

'မင်းတို့ တယ်လဲပေါ့လျော့ပါလားကွ'

အစောင့်ရဲမက်များ ကြောက်ရွံ့နေကြ၏။

သူတို့ အိပ်ငိုက်နေခြင်းအတွက် အပြစ်ပေးခံရမည်ကို တွေး ကာ ပူပန်နေကြ၏။

ချုံချန်းက....

'မင်းဟာ အကျဉ်းထောင်ရဲ့ အစောင့်အကြပ်တွေကွ၊ မ
တို့ရဲ့ မေါ့လျော့မှုဟာ ဘယ်လောက် အပြစ်ကြီးလေးတယ်
တာ သိကြရဲ့လား'

အစောင့်ရဲမက်များ ချက်ချင်းပင် ဒူးထောက်လိုက်ကြပြီး...

'ကျွန်တော်တို့ အပြစ်ရှိပါတယ်ခင်ဗျာ'

ချုံချန်းက....

'အေး.... တကယ်ဆို မင်းတို့ကို ကြီးလေးတဲ့ အပြစ်
ချမှတ်ရမှာပဲ၊ ဒါပေမယ့် တစ်ကြိမ်တစ်ခါမို့ ကျုပ်က
လွှတ်လိုက်ပါမယ်'

အစောင့် ရဲမက်များသည် ချုံချန်းအား အရိုအသေ
လိုက်ကြပြီး....

'ကျေးဇူးကြီးလှပါတယ်ခင်ဗျာ'

ချုံချန်းက....

'ကောင်းပြီ၊ ရဲမက်နှစ်ယောက် အချုပ်ထဲက မိုးယက္ခ
ကျုပ်ရဲ့ စံအိမ်ခေါ်လာခဲ့ပါ'



ရဲမက်က...

'အခုလားခင်ဗျာ'

'ဟုတ်တယ်'

မိုးယက္ခသည် အခန်းထဲလှမ်းဝင်လိုက်၏။

အခန်းထဲရှိ စားပွဲနောက်တွင် ချုံချန်း ထိုင်နေ၏။

စားပွဲ ပေါ်တွင် စားသောက်ဖွယ်ရာများ ခင်းကျင်းထား၏။

မိုးယက္ခ ချုံချန်းအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

သူ့ဘာကိုမျှ နားမလည်ပါ။

အချုပ်ခန်းအတွင်း အိပ်ပျော်နေရာမှ အစောင့် ရဲမက်များက နှိုးခေါ်လာခြင်းဖြစ်၏။

အုပ်ချုပ်ရေးမှူး ချုံချွန်းသည် သူ့အား အဘယ်ကြောင့် ခေါ်ယူပါသနည်း။

အကြောင်းကား တစ်ခုသာရှိ၏။

သူ့အား သေဒဏ် ချမှတ်တော့မည် လော။

မိုးယက္ခမှာ တွေးရင်း ထိတ်လန့်လာ၏။

ချုံချွန်း ရှေ့သို့ လေးလံသော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ရ၏။

ချုံချွန်းက...

'ရဲမက်တွေ အပြင်မှာပဲ စောင့်ပါ'

ရဲမက်နှစ်ဦးသည် ချုံချွန်းအား ဦးညွှတ်အရိုအသေပြုပြီး အခန်းပြင်သို့ ထွက်ကာ အခန်းတံခါးပိတ်လိုက်လေသည်။

ချုံချွန်းက မိုးယက္ခအား စိုက်ကြည့်ပြီး လက်ဝှေ့ယမ်းလိုက်၏။

'ထိုင်'

မိုးယက္ခ ဝင်ထိုင်လိုက်၏။

ချုံချွန်းက...

'စားပွဲပေါ်မှာ အရက်ရှိတယ်၊ စားစရာရှိတယ်၊ မင်း စိတ်တိုင်းကျ စားသောက်နိုင်တယ်'



မိုးယက္ခ၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

'သေချာတယ်၊ ငါ့ကို သေဒဏ်ပေးတော့မယ်၊ ဒါကြောင့် စားသောက်ဖွယ်တွေ ကျွေးနေတာပဲ'

သူသည် ထိုသို့တွေးနေရင်း ဇောချွေးများပြန်လာ၏။

အစားအသောက်များကို စားချင်စိတ်ပင် မရှိတော့ပါ။

သူအချုပ်ထဲ ရောက်နေသည်မှာ နှစ်လခန့်ရှိပြီဖြစ်၏။

ယခု စားပွဲပေါ်မှာ အစားအသောက်များကို မစားရသည်မှာ ကြာလှပြီဖြစ်၏။

သို့သော် စားချင်စိတ် ကုန်ခန်းနေ၏။

ချုံချွန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းဘာလုပ်နေတာလဲ စားလေကွာ၊ အရက်လဲ ကြိုက်သလောက်သောက်စမ်းပါ'

မိုးယက္ခက ခေါင်းခါယမ်းလိုက်၏။

ချုံချွန်းက....

'ဘာလဲ ဒီအရက်ကို မင်းမကြိုက်ဘူးလား'

မိုးယက္ခက သက်ပြင်းချလိုက်ပြီး....

'သေခါနီး လူတစ်ယောက်အဖို့ ဘယ်လိုလုပ်ပြီး ဒါတွေကို စားသောက်နိုင်မှာလဲဗျ'

ချို့ချွန်းက...

'မင်းက ဘာကြောင့်သေမှာလဲ'

'ခင်ဗျား ကျုပ်ကို သေဒဏ်ပေးတော့မလို့ ဒါတွေကို နောက်ဆုံး စားသောက်ခြင်းအနေနဲ့ ကျွေးမွေးနေတာ မဟုတ်ဘူးလား'

ချို့ချွန်းကသဘောကျစွာ ရယ်မောလိုက်၏။

'ဟား...ဟား...ဟား'

ချို့ချွန်းက အတန်ကြာရယ်မောပြီးမှ...

'ဘာလဲ မင်းက သေရမှာကြောက်နေသလား'

မိုးယက္ခက...

'လောကမှာ သေခြင်းတရားကို မကြောက်တဲ့သူ ဘယ်သူများရှိမှာလဲဗျ'

ချို့ချွန်းက...

'ကောင်းပြီ၊ မင်းမသေချင်သေးဘူးပေါ့'

မိုးယက္ခက ခေါင်းညိတ်လိုက်၏။

ချို့ချွန်းက...

'မင်းမသေရဘူး၊ ဒီအပြင် လွတ်လပ်တဲ့လူဘဝ် ယောက်ျားလည်း ဖြစ်နိုင်တဲ့ အခွင့်အရေးရှိပါတယ်'



'ဗျာ'

မိုးယက္ခအံ့အားသင့်သွား၏။

သူသည် ချို့ချွန်းအား စိုက်ကြည့်လိုက်ပြီး....

'ခင်...ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ချို့ချွန်းက....

'မင်းကသာ လိမ်မာမယ်ဆိုရင် အဲဒီအခွင့်အရေးကို မင်း ရရှိခံစားရမှာဖြစ်တယ်'

မိုးယက္ခသည် ဉာဏ်ထိုင်းသူမဟုတ်ပေ။

ချို့ချွန်းသည် သူနှင့်အပေးအယူ ပြုလုပ်ရန်ရှိနေသည်ကို နားလည်လိုက်၏။

မိုးယက္ခက....

'ကျုပ် ခင်ဗျားအတွက်ဘာလုပ်ပေးရမလဲ'

ဟု ပြန်မေးလိုက်လေသည်။

ချို့ချွန်းက သဘောကျစွာရယ်မောလိုက်၏။

'ဟား....ဟား....ဟား... မင်းမဆိုးဘူး၊ ကျုပ် လူရွေးမှန်သွားပြီ'

မိုးယက္ခက....

'ပြောပါ၊ ကျုပ်ဘာလုပ်ပေးရမလဲ'

ချုံချန်းက....

'မြည်းမြည်းပေါ့၊ ကဲ....စားသောက်လိုက်ပါဦး၊ မကြာခင် လွတ်လပ်တော့မယ့် လူတစ်ယောက်ဟာ ဒီလို စားသောက်ဆောင်းတွေကို ပျော်ပျော် ပါးပါး စားသောက် နိုင်ပါတယ်ဗျာ'

ဤတစ်ကြိမ်တွင် မိုးယက္ခကလည်း ပေါ့ပါးစွာ ရယ်မောရင်း အရက်အိုးကို လှမ်းယူလိုက်လေတော့သည်။

ချုံချန်းက အရက်ခွက်ကိုအသာချလိုက်ပြီး....

'မင်းလုပ်ရမှာက လွယ်ကူပါတယ်၊ ဒါပေမယ့် မင်းရမယ့် အခွင့်အရေးကတော့ ကြီးမားတယ်'

မိုးယက္ခက နားထောင်နေ၏။



ချုံချန်းက....

'လွန်ခဲ့တဲ့နှစ်က လုံစန်းအနောက်တောင်ဘက် တောတန်းမှာဖြစ်ပွားခဲ့တဲ့ ဓားပြမှုကို မင်းမှတ်မိမယ်ထင်တယ်'

မိုးယက္ခက မျက်မှောင်ကြုတ်လိုက်၏။

'ကုန်သည် သုံးယောက်ကို သတ်ဖြတ်သွားတဲ့ ဓားပြမှုပဲ မဟုတ်လား'

'ဟုတ်တယ်'

'ဒါကျုပ်နဲ့မပတ်သက်ဘူးဗျ၊ ကျုပ်တို့နဲ့ မဆိုင်ပါဘူး'

ချုံချန်းက ခေါင်းညိတ်လိုက်၏။

'ကျုပ်သိပါတယ်၊ ဒါပေမယ့်'

မိုးယက္ခက....

'ကျုပ်က ဓားပြ ခေါင်းဆောင် တစ်ယောက် ဆိုတော့ ဒီဓားပြမှု လက်သည်ကို သိချင်တယ် ထင်တယ်၊ ဒီအတွက် အပေးအယူလုပ်တာဆိုရင်တော့ ကျုပ်ကံဆိုးတာပဲ၊ ဘယ်သူလက်ချက်လဲဆိုတာကို ကျုပ် တကယ်မသိတာအမှန်ပဲဗျ'

ချုံချန်းက....

'ဒီအမှုဟာ တရားခံရှာမရခဲ့ဘူး၊ ဒီဓားပြကို ခင်ဗျားမသိဘူးဆိုတာလဲ ကျုပ်ယုံတယ်၊ ခင်ဗျားလုပ်ရမှာက မနက်ဖြန်အဲဒီဓားပြမှုကို ကျုပ်စစ်ဆေးမယ်'

'ဗျာ'

မိုးယက္ခ အံ့အားသင့်သွား၏။

'အဲဒီ ဓားပြကိုခင်ဗျားမိထားပြီဟုတ်လား'

'ဟုတ်တယ်၊ ဒီအမှုကို ပနက်ဖြန် အမြန်ဆုံး စစ်ဆေးပြီး ပြစ်ဒဏ်ချမှတ်မှာဖြစ်တယ်၊ ခင်ဗျားက သက်သေခံရမယ်'

'ကျုပ်က ဘာသက်သေခံရမှာလဲ'

ချုံချွန်းက....

'အဲဒီလူဟာ အဲဒီဓားပြမှု ကျူးလွန်တယ်လို့ သက်သေခံပေးရုံပဲ၊ ဒါဆိုရင် ခင်ဗျားကို ပြစ်ဒဏ်က လွတ်ငြိမ်းခွင့်ပေးလိုက်မယ်၊ မနက်ဖြန်ဆိုရင် ခင်ဗျားဟာ လွတ်လပ်တဲ့ လူတစ်ယောက်ဖြစ်ပြီ'

မိုးယက္ခက....

'ကျုပ်ကိုဓားပြကသက်သေခံတာကို ဘယ်သူကယုံမှာလဲဗျ'

ချုံချွန်းက ရယ်မောလိုက်၏။

'ကျုပ်ယုံရင် ပြီးတာပါပဲဗျာ'

မိုးယက္ခ မျက်မှောင်ကြုတ်သွားပြီး....

'ဒါကိုဒီတရားခံဟာ ဓားပြအစစ်မဟုတ်ဘူးထင်တယ်'



ချုံချွန်းက မျက်နှာထား တင်းမာသွားပြီးနောက်—

'ဒါမင်းနဲ့ မဆိုင်ဘူး၊ အပေးအယူ ဘယ်လိုသဘောရသလဲ'

မိုးယက္ခ ခေါင်းညိတ်လိုက်၏။

'ဒါဟာ ကျုပ်အတွက် အခွင့်အရေးပဲ၊ ဒီလူ ဘယ်သူပဲဖြစ်ဖြစ် ကျုပ်လွတ်မြောက်ဖို့လောက် အရေးမကြီးပါဘူးဗျာ'

သူတို့နှစ်ယောက်သည် သဘောကျစွာ ရယ်မောလိုက်ကြလေတော့သည်။

နေရောင်ခြည် ထွက်ပေါ်လာပြီဖြစ်၏။

စေ့ဟွားတည်းခိုခန်း၏ စားသောက်ခန်းမ အတွင်းတွင် ဖူဝမ်စင်း၊ ရှန်းကျဲနှင့် ရှန်းမေတို့သည် နံနက်စာစားသောက်နေကြ၏။

ထိုစဉ်မှာပင် ရဲမက်နှစ်ဦးက စားသောက်ခန်းမအတွင်းသို့ ဝင်ရောက်လာ၏။

ဟိုကြည့်သည်ကြည့်နှင့် ရှာဖွေနေကြ၏။

မကြာမီ ဖူဝမ်စင်းတို့အားတွေ့မြင်သွားပြီး လျှောက်လာကြလေသည်။

ဖူဝမ်စင်းအား ဂါရဝပြုလိုက်ပြီး....

'ဒီက မိတ်ဆွေက ဖူဝမ်စင်းမဟုတ်လားခင်ဗျာ'

ဟု မေးလိုက်လေသည်။

ဖူဝမ်စင်းအား ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ် ဘာကိစ္စလဲ'

ရဲမက်က....

'ဒီကနေ့အမှုကိစ္စအတွက် အုပ်ချုပ်ရေးမှူးကြီးက ခေါ်ခိုင်းလိုက်လို့ပါ'

ဖူဝမ်စင်းက ပြုံးလိုက်၏။

အမှုမစစ်မီ သူနှင့်ညှိနှိုင်းလိုသည်ဟု ထင်မိ၏။

သူက လျှော့ပေးရန် စိတ်ကူးမရှိပါ။

ပထမတွင် ငြင်းဆန်၍ စိတ်ကူး၏။



ပြီးမှ သဘောထားပြောင်းလိုက်ပြီး....

'ကောင်းပြီ၊ ကျုပ်လိုက်ခဲ့မယ်'

ရှန်းမေက....

'ညီမတို့လဲ တစ်ခါတည်းလိုက်ခဲ့မယ်'

ဖူဝမ်စင်းက....

'အချိန် စောပါသေးတယ်၊ အေးအေးဆေးဆေး စားသောက်ပြီးမှသာ လာခဲ့ကြပါ'

သူက ပြောရင်း ထရပ်လိုက်၏။

ရှန်းမေက....

'အစ်ကို'

'ဘာလဲညီမ'

'သူ့ကို လျှော့မပေးပါနဲ့'

ဖူဝမ်စင်းက ပြုံးလိုက်၏။

'လျှော့ပေးဖို့ စိတ်ကူးလုံးဝမရှိပါဘူး၊ ကဲ...အစ်ကို သွားမယ်'

သူသည် ရဲမက်များနှင့်အတူ လိုက်ပါသွားလေသည်။

ဖူဝမ်စင်းနှင့် ရဲမက်များ ထွက်ခွာသွားပြီးနောက် ဆိုင်လုလင်တစ်ဦးက ရှန်းကျဲတို့အနီး ရောက်ရှိလာပြီး....

'အစ်ကိုလေးနဲ့ ဒေါ်ဒေါ်တို့က မင်းသားလေး ဟို့ကွမ်းကို တရားစွဲဆိုထားတယ် ဟုတ်လား'

ရှန်းကျဲက ခေါင်းညိတ်လိုက်၏။

ရှန်းမေက....

'ကျွန်မတို့သားအမိကို ပိတ်လှောင်ပြီး အစာငတ်ထားခဲ့တာ ရှင်တို့မျက်မြင်ပဲမဟုတ်လား၊ သူ့ကို တရားမစွဲလို့ ဘယ်ဖြစ်မလဲရှင့်'

ဆိုင်လုလင်က....

'မင်းသားလေး ဟို့ကွမ်းကို အုပ်ချုပ်ရေးမှူးကြီးက အပြစ်ပေးရမှာ မဟုတ်ဘူးဗျ၊ တကယ်လို့ ဒေါ်ဒေါ်တို့ ဒီမြို့က အမြန်ဆုံး ထွက်သွားသင့်တယ်'

ရှန်းမေက....

'ဘာလဲ၊ ရှင်ကလဲ ခြိမ်းခြောက်နေတာလား'

ဆိုင်လုလင်က လက်ကာပြလိုက်ပြီး....

'ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ၊ ကျုပ်က စေတနာအရင်းခံနဲ့ ပြောတာပါ'

ရှန်းကျဲက....

'မင်းတို့က မင်းသားလေးဟို့ကွမ်းကို အလွန်ကြောက်ရွံ့နေကြတယ်ထင်တယ်'



ဆိုင်လုလင်က ...

'မကြောက်လို့ဘယ်ဖြစ်မလဲ၊ သူ့ကိုဆန့်ကျင်တဲ့လူဟာ အကွယ်ဘို့။ ...ဆုံးပြီသာမှတ်ဗျ၊ အခုလဲ သူက ဘာမှ ဖြစ်မှာမဟုတ်၏။ ...ဒေါ်ဒေါ်တို့ပဲ ဒုက္ခအကြီးအကျယ်ရောက်မှာ စိုးရိမ်လို့ ...ပေးတာပါ'

ရှန်းကျဲ တွေဝေသွား၏။ ချုံချန်းက ...

ဆိုင်လုလင်က တီးတိုးပြောလိုက်၏။

'အုပ်ချုပ်ရေးမှူးကြီးက မင်းသားလေးကို လွှန်ဆန်ဝံ့တာ ...ဟုတ်ဘူးဗျ၊ အခုလဲ အစ်ကိုလေးကို ရဲမက်တွေက စောစော ...စီး လာခေါ်သွားတာ ကျွန်တော်တော့ မသက်ာဘူး'

သူသည် တီးတိုး သတိပေးလိုက်ပြီး လှည့်ထွက်သွားလေ ကွမ်းကို ...ည်။

ရှန်းမေ မျက်နှာပျက်သွား၏။ ...မိခင်ဖြစ်သူအား ကြည့်လိုက်၏။ ...ရှန်းကျဲသည် မျက်မှောင်ကြုတ်ကာ စဉ်းစားနေ၏။

...ခဏကြာမှ...

'သမီး အခန်းထဲမှာ စောင့်နေမယ်'

'အစ်

တရားစွဲဆိုရှိန်းမေက…

ရှိန်းက' မေမေ…ဘယ်သွားမလို့လဲ'

ရှိန်းမေ အခြေအနေသွားပြီး အကဲခတ်လိုက်မလို့'.

'ကျွန်မတ မီးပါလိုက်မယ်'

ရှင်တို့မျက်မြ လိုက်နဲ့၊ ခရီးထွက်ဖို့ အားလုံး အသင့်ပြင်ထား၊

မလဲရှင့်' မကောင်းရင် ချက်ချင်း ခရီးထွက်ရမယ်'

ဆိုင်လှ 'ဟုတ်ကဲ့…မေမေ'

'မင်း ရှိန်းကျဲသည် ချက်ချင်းပင် စွေ့ဟွားတည်းခိုခန်းအ

ပေးရဲမှ ထွက်ခွာသွားလေတော့သည်။

အမြန်ဆု

ရှိန်းမေ

'ဂ

❀

အုပ်ချုပ်ရေးမှူးရုံးသည် စောစောစီးစီး ဖွင့်ထား၏၊

ရှိန်းကျဲ မျက်မှောင်ကြုတ်သွား၏။

အုပ်ချုပ်ရေးမှူးရုံးထဲတွင် ထူးခြားတော့ပင် ရှိနေ၏။



ထို့ကြောင့် သူမလည်း မသိမသာ ဝင်လာခဲ့ပြီး အကွယ်တစ်ခုတွင် ကပ်ကာ ခန်းမထဲသို့ချောင်းကြည့်လိုက်၏။

ခန်းမအတွင်း၌ ရဲမက် ၂၀ ခန့်က စောင့်ကြပ်နေ၏။

ခန်းမအလယ်တွင် ဖူဝမ်စင်းက ရပ်နေ၏။

ခန်းမရှေ့တွင် စင်မြင့်တွင် အုပ်ချုပ်ရေးမှူး ချုံချန်းက ျ၊ ထိုင်နေ၏။

ခန်းမအတွင်း မြို့သူမြို့သား ၂၀ ကျော်မျှရှိ၏။

ရှိန်းကျဲ မျက်မှောင်ကြုတ်သွား၏။

'ဟင်….အစောကြီးပဲ အမှုစစ်ဆေးတော့မှာလား'

သူမက တွေးရင်းမှ ခန်းမထဲဝယ် မင်းသားလေးဟို့ကွမ်းကို ရှာဖွေကြည့်ရှုလိုက်၏။

မင်းသားလေးဟို့ကွမ်း၏ အရိပ်အယောင်ကိုပင်မတွေ့ရပါ။

'မင်းသားလေးဟို့ကွမ်းလဲ ရောက်မလာသေးပါလား'

ထိုစဉ် အုပ်ချုပ်ရေးမှူးချုံချန်း၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'အားလုံးငြိမ်ပါ၊ အမှုစစ်ဆေးမယ်'

❀

ခန်းမကျယ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အမှုစစ်ဆေးတော့မည်ဆိုသောကြောင့် အခန်းတွင်းရှိ လူ အားလုံး ငြိမ်သက်သွားကြလေသည်။

ဖူဝမ်စင်း မျက်မှောင်ကြုတ်သွား၏။

'အမှုစစ်ဆေးမယ်၊ မင်းသားလေးဟို့ကွမ်းလဲ ရောက်မလာ သေးဘူး၊ ဘယ်လိုလဲ'

ဆိုစဉ် ချုံချန်း၏အသံ ထွက်ပေါ်လာပြန်၏။

'လွန်ခဲ့တဲ့တစ်နှစ်ကျော်က အလွန်ရက်စက်တဲ့ ခါးပြမှုတစ်ခု ကို ဒီကနေ့ပဲ စတင်စစ်ဆေးပြီး ပြစ်ဒဏ်ချမှတ်ပါမယ်'

ဖူဝမ်စင်း တွေးလိုက်ပြန်၏။

'ဩော်....ဒါက ပထမ အမှုတစ်ခုထင်ပါရဲ့'

သူက အေးအေးဆေးဆေးပင် ရပ်နေလိုက်လေသည်။

သူတို့အမှု မစသေးဟု ထင်မိ၏။

ချုံချန်းက....

'ကဲ....ရဲမက်တို့....သက်သေကို ခေါ်လာခဲ့ပါ'

ဟု အမိန့်ပေးလိုက်၏။

မကြာမီ ရဲမက်များသည် လူတစ်ယောက်အား ခေါ်ဆောင်ကြာခင် ဒုက္ခရောက်တော့မှာပဲ'



ချုံချန်းက သူ့အားကြည့်လိုက်၏။

ထိုလူသည် အသက် ငါးဆယ်ခန့် ရှိ၏။

မျက်နှာပေါ်တွင် ပါးမြိုင်းမွေးများ ထူလပျစ် ပေါက် နေ၏။

မျက်ခုံးများက ထူထဲလွန်းနေ၏။

ထိုလူသည် ငယ်စဉ်က ချောမောခဲ့ဟန်ရှိ၏။

ယခုမူ အနည်းငယ် ခက်ထန်ကြမ်းတမ်းနေသယောင် ရှိပေ သည်။

ရှန်းကဲ့သည် ထိုလူအား တွေ့လိုက်ရသောအခါ သူမ၏ မျက်နှာ ဖြူရော်သွားရ၏။

ထိုလူသည် ဖူဝမ်စင်းအား ကြည့်လိုက်၏။

'အင်း...လူငယ်လေးတစ်ယောက်ပါလား'၊

'ဒီလူငယ်ကိုကြည့်ရတာ ခါးပြတစ်ယောက်နဲ့မတူပါဘူး'

'ချုံချန်းဟာ ဒီလူငယ်နဲ့ဘာပြဿနာရှိပါလိမ့်၊ မင်းတော့ မကြာခင် ဒုက္ခရောက်တော့မှာပဲ'

'အို--ဘယ်သူဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ အရေးကြီးတာ ငါလွတ်မြောက်ဖို့ပဲ'

ဆော ရောက်ရှိလာလေတော့သည်။

သူသည် အတွေးစကို ဖြတ်တောက်ပြီး ကြမ်းပြင်တွင် ဒူး ထောက်လိုက်၏။

ချုံ့ချွန်း၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

'မြို့သူမြို့သားအပေါင်းတို့၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က လွန်ရှက်စက်တဲ့ ဓားပြမှုကို မေ့လျော့ကြဦးမယ်မထင်ပါဘူး၊ ချုပ်ရဲ့ ရဲမက်တွေဟာ ဒီဓားပြကို ဖမ်းဆီးရမိနိုင်ဖို့ အစွမ်းကုန် ကြိုးစားခဲ့ပါတယ်၊ ဒီကနေ့တော့ အဲဒီဓားပြကို ဖမ်းမိခဲ့ပါပြီ'

အားလုံး စိတ်ဝင်စားသွားကြ၏။

ချုံ့ချွန်းက—

'မိုးယက္ခ'

ဟု ဒူးထောက်နေသောလူကြီးကား မိုးယက္ခပင် ဖြစ်ပါသည်။

မိုးယက္ခက....

'အမိန့်ရှိပါ အုပ်ချုပ်ရေးမှူး'

ချုံ့ချွန်းက—

'အခု ခန်းမအလယ်မှာရပ်နေတဲ့လူငယ်ကို သင်သိသလား'

ထိုစကားကြောင့် ဖူဝမ်စင်း မျက်မှောင်ကြုတ်သွား၏။



မိုးယက္ခ ခေါင်းညိတ်လိုက်ပြီး....

'သိပါတယ်၊ သူ့နာမည်က ဖူဝမ်စင်းပါ'

ဖူဝမ်စင်း အံ့အားသင့်သွား၏။

'ဟင်....ဒီလူကြီးက ငါ့ကိုသိနေပါလား'

ထိုစဉ် ချုံ့ချွန်းအသံ ထွက်ပေါ်လာ၏။

'မင်းရဲ့နာမည် ဖူဝမ်စင်း ဟုတ်သလား'

ဖူဝမ်စင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ချုံ့ချွန်းက....

'မိုးယက္ခ၊ မင်းသိသမျှ မခြွင်းမချန် ပြောစမ်း'

'ဟုတ်ကဲ့... အုပ်ချုပ်ရေးမှူး'

မိုးယက္ခက ဖူဝမ်စင်းအား စိုက်ကြည့်လိုက်ပြီးနောက် တစ်လုံးချင်း စတင်ပြောလိုက်လေသည်။

'သူဟာ ဓားပြတစ်ဦးပါ၊ သိုင်းပညာမြင့်မားတဲ့ တစ်ကိုယ်တော် ဓားပြပါပဲ၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်က လုံစန်းအနောက်ဘက် တောတန်းက ဓားပြမှုကို ကျူးလွန်ခဲ့တဲ့လူပါ'

'ဘာ...'

ဖူဝမ်စင်း ဒေါသထွက်သွား၏၊

ထိတ်လန့်ကြောက်ရွံ့သွား၏။

'ဟေ့လူ၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

ချုံချန်းက ငေါက်ငမ်းလိုက်၏။

'တိတ်စမ်း'

'မိုးယက္ခ ဆက်ပြောပါ'

မိုးယက္ခက...

'သူဟာ ခါးပြတစ်ဦးဆိုတာကို ကျုပ် ထောင်းထော

ပါတယ်၊ သူ့ကို လွှန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သိ

၊ သူက ကျုပ်တို့အဖွဲ့ကို သူ့လက်အောက်ထဲဝင်ဖို့တော

းရှိုးခဲ့ပါသေးတယ်'

ဖူဝမ်စင်းသည် ဒေါသထွက်လွန်၍ တစ်ကိုယ်လုံး တုန်

လာ၏။

'ခင်ဗျား စကားကြည့်ပြောပါ၊ ကျုပ် ခါးပြမဟုတ်

ခင်ဗျားနဲ့လဲ တစ်ခါမှ မသိဘူး'

ချုံချန်းက—

'တရားခံ ဖူဝမ်စင်း၊ မင်းရဲ့အပြစ်ဟာ ထင်ရှားနေပြီ'



'ဘာအပြစ်လဲ၊ ဒါ ကျုပ်ကိုမတရားစွပ်စွဲတာပဲ၊ ဘယ်မှာလဲ သက်သေအထောက်အထား'

'မိုးယက္ခဟာသက်သေပဲ'

ဖူဝမ်စင်းက နှာခေါင်းရှုံ့လိုက်ပြီး....

'ခါးပြတစ်ယောက်ရဲ့ စကားကို ယုံကြည်ရမလားဗျ၊ ကျုပ်တာ အခုမှ လုံစန်းကို ရောက်လာတာ'

ချုံချန်းက....

'တိတ်စမ်း၊ ပြစ်ဒဏ်ချမယ် အားလုံးနားထောင်'

ဖူဝမ်စင်းက....

'အုပ်ချုပ်ရေးမှူးကြီး စဉ်းစားပါဦး၊ ကျုပ်ဘက်က ဖြေရှင်းခွင့်ကိုလဲ ပေးပါဦး၊ ကျုပ် ခါးပြမဟုတ်ကြောင်း ခိုင်လုံတဲ့ သက်သေအထောက်အထား သက်သေ တင်ပြနိုင်ပါတယ်'

ချုံချန်းက စားပွဲကို လက်ဝါးနှင့်ရိုက်ပုတ်လိုက်၏။

'ဝုန်း'

'စကားမရှည်နဲ့၊ မောင်မင်းဟာ အလွန်ရက်စက်တဲ့ ခါးပြမှုကို ကျူးလွန်ခဲ့သူဖြစ်တယ်၊ ဒါကြောင့် ထိုက်တန်တဲ့ပြစ်ဒဏ် ချမှတ်ရမှာ ကျုပ်ထာဝန်ပဲ'

'တရားခံဖူဝမ်စင်းကို ထောင်ဒဏ် တစ်ဆယ့်ငါးနှစ် ချမှတ်လိုက်တယ်'

'ခင်ဗျားတို့ မတရားဘူး၊ ဒါသက်သက်လုပ်ကြံတာပဲ'

ဖူဝမ်စင်းက ဒေါသတကြီး အော်ဟစ်လိုက်၏။

ချုံချွန်းက ဂရုမစိုက်ပါ။

'ရဲမက်တို့...တရားခံ ဖူဝမ်စင်းကို အကျဉ်းထောင် ခေါ်သွားနိုင်ပြီ'

ဖူဝမ်စင်း အလွန်ပင် ဒေါသထွက်သွား၏။

သူ့အား မတရားသဖြင့် စွပ်စွဲကာ ပြစ်ဒဏ် ချမှတ်လိုက်ခြင်းပင်။

ဤသည်မှာ မင်းသားလေး ဟို့ကွမ်း၏ စနက်ပင် ဖြစ်ကြောင်းကိုလည်း ကောင်းစွာ နားလည်လိုက်၏။

ထိုစဉ် ရဲမက်နှစ်ဦးက ဖူဝမ်စင်းအား ချုပ်ကိုင်လိုက်၏။

ဖူဝမ်စင်းက ရုန်းကန်လိုက်ရာ...

'ဝုန်း'

ရဲမက်နှစ်ဦးမှာ လွင့်ထွက်သွား၏။

'ကျုပ်ကို ဒီလိုမတရားမလုပ်နဲ့'



ရဲမက်များသည် ဖူဝမ်စင်းအား ပြေးဝင်ကာ ဖမ်းချုပ်လိုက်ကြပြန်၏။

ခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

ဖူဝမ်စင်းက တုံ့ပြန်တိုက်ခိုက်လိုက်ရာ....

'ဝုန်း'

'ခွပ်'

'အွး'

ရဲမက်များ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်သွားလေသည်။

ဖူဝမ်စင်းက ချုံချွန်းထံ ပြေးသွား၏။

ချုံချွန်း ထိတ်လန့်သွား၏။

သူက တမန်းကတန်း အော်ဟစ်အမိန့်ပေးလိုက်၏။

'ရဲမက်တို့၊ ဒီတရားခံကို ဟန့်တားကြ၊ မလွတ်စေနဲ့'

ရဲမက်များက လက်နက်ကိုယ်စီထုတ်ကာ ချုံချွန်းရှေ့မှ ကာကွယ်ပေးလိုက်၏။

ဖူဝမ်စင်း ရပ်တန့်သွားပြီး....

'ချုံချွန်း၊ ခင်ဗျားဟာ ကောက်ကျစ်တဲ့လူပဲ'

ချုံ့ချုန်းက....

'ရဲမက်တို့၊ ဒီတရားခံကို မလွှတ်စေနဲ့၊ အသေရရ အရှင်ရရ ဖမ်းကြစမ်း'

'ချွမ်း'

ရဲမက်များသည် ဖူဝမ်စင်းအား ဝိုင်းရံကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

'အား'

'အုံမယ်လေး'

'ဝုန်း'

ခန်းမအတွင်း တိုက်ခိုက်သံများနှင့် ဆူညံသွား၏။

ရဲမက်များသည် ဖူဝမ်စင်းအနီးသို့ မချဉ်းကပ်နိုင်ကြပါ။

ဖူဝမ်စင်း၏ လက်ချက်ဖြင့် တစ်ယောက်ပြီး တစ်ယောက် လွင့်စင်သွားကြလေသည်။



ချုံ့ချုန်းသည် ဖူဝမ်စင်း၏ မြင့်မားသောသိုင်းပညာစွမ်းကို တွေ့လိုက်ရသောအခါ ထိတ်လန့်သွား၏။

ဖူဝမ်စင်းအား မည်သို့မျှ အလွတ်ပေး၍ မရနိုင်ကြောင်း နားလည်လိုက်၏။

ချုံ့ချုန်းက အချက်ပေးခရာကို မှုတ်လိုက်၏။

တစ်ခဏအတွင်းပင် ခန်းမအတွင်းသို့ ရဲမက်အများအပြား ရောက်ရှိလာ၏။

ချုံ့ချုန်းက အသံကျယ်လောင်စွာအမိန့်ပေးလိုက်လေသည်။

'ရဲမက်တို့၊ ဒီတရားခံဟာ အမိန့်အာဏာကို ဖီဆန်ပြီး ခုခံနေတယ်၊ အားလုံး နောက်မဆုတ်တမ်း တိုက်ခိုက်ကြ'

ရဲမက်များသည် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ဖူဝမ်စင်းထံသို့ ပြေးဝင်သွားကြလေသည်။

ရှန်းကျဲသည် ကြက်သေသေနေ၏။

သူမ မယုံကြည်နိုင်အောင်ဖြစ်သွားရ၏။

အုပ်ချုပ်ရေးမှူး ချုံ့ချုန်းသည် ဖူဝမ်စင်းအား မတရားအကွက်ဆင်ကာ ပြစ်ဒဏ်ချမှတ်လိုက်၏။

ဖူဝမ်စင်းပြီးလျှင်မူ တို့အလှည့်က အလျင်အမြန်ကျရောက်လာမည်မှာ သေချာလှ၏။

ဆိုင်လုလင်၏ စကားမှန်လှပေသည်။

မင်းသားလေးဟို့ကွမ်းအား ဆန့်ကျင်သူ မှန်သမျှသည် အတိဒုက္ခရောက်ရမည်မဟုတ်ပါလား။

သူမ အလွန်ပင် ထိတ်လန့်ကြောက်ရွံ့သွား၏။

ဤတစ်ကြိမ် မင်းသားလေး ဟို့ကွမ်း လက်ထဲကျရောက်လျှင် လွတ်စရာလမ်း မမြင်တော့ပါ။

သူမသည် အုပ်ချုပ်ရေးမှူးရုံးမှ စည်းခိုခန်းသို့ ကသောကမျော ပြေးသွားလေတော့သည်။

ဖူဝမ်စင်းသည် အုံ့ကိုတင်းတင်းကြိတ်ကာ ရဲမက်များ တစ်ဦးပြီးတစ်ဦး ထိခိုက်ကုန်၏။

သို့သော် ရဲမက်များက သူ့အား ထွက်ပေါက်မရှိအောင် အထပ်ထပ်ဝိုင်းရံပိတ်ဆို့ထားကြ၏။



ထို့နောက် နောက်မဆုတ်တမ်း ဖူဝမ်စင်းထံတိုးဝင်ကာ တိုက်ခိုက်နေကြ၏။

ဖူဝမ်စင်းမှာ အကြပ်အတည်းတွေ့ကြုံလာရလေသည်။

သူသည် ရဲမက်များ၏တိုက်ခိုက်မှုကို မကြောက်ပါ။

သို့သော် ကိုယ့်ကိုယ်ကိုမထိခိုက်အောင်အတွက်မူ ပြင်းထန်စွာ တိုက်ခိုက်ရမည် ဖြစ်၏။

ထိုအခါ သူ၏လက်ချက်ဖြင့် ရဲမက်များထိခိုက်အနာတရဖြစ်ကြမည်မှာ သေချာ၏။

တစ်ဖန် မိုက်မိုက်ကန်းကန်းတိုက်ခိုက်တတ်သော ရဲမက်အချို့မှာ သူ၏လက်ချက်ဖြင့် အခန့်မသင့်လျှင် အသက်ပါ ထိခိုက်နိုင်မည် ဖြစ်ပေသည်။

ထိုးဖောက် ထွက်ပြေးမည်ဆိုလျှင်လည်း ထင်သလောက် မလွယ်ပါ။

အထပ်ထပ် ဝိုင်းရံပိတ်ဆို့ထားသော ရဲမက်များကြောင့် အပြင်းအထန် တိုက်ခိုက်ထိုးဖောက်ရမည်ဖြစ်၏။

ထိုအခါ ရဲမက်တို့ ကျဆုံးမှုသည် မလွှဲမသွေ ဖြစ်လာပေမည်။

သူ့ကြောင့် ရဲမက်များသေဆုံးထိခိုက်ဒဏ်ရာရမည်ကို မလို လားပါချေ။

ချုံချွန်းကလည်း ရဲမက်များအား နောက်မဆုတ်တမ်း တိုက်ခိုက်ရန် အမိန့်ပေးနေ၏။

ဖူဝမ်စင်း သက်ပြင်းချလိုက်၏။

'အားလုံးရပ်လိုက်'

သူက အော်ဟစ်လိုက်၏။

တစ်ဆက်တည်းပင် ကျယ်လောင်စွာပြောလိုက်၏။

'ကျုပ် အဖမ်းခံပါတော့မယ်'

ချုံချွန်း၏မျက်နှာ ဝင်းလက်သွား၏။

မြို့ဝန်ရာထူးကို ချက်ချင်းပင်မြင်ယောင်မိလေတော့သည်။



'ဟား ... ဟား... ဟား'

မင်းသားလေးဟို့ကွမ်း၏ ရယ်မောသံသည် အခန်းတွင်း ဝယ် ဟိန်းထွက်လာလေသည်။

'ကျုပ်ကိုအန်တုရင် ဘယ်လိုဖြစ်သွားမယ်ဆိုတာ အားလုံး သိကြရောပေါ့'

ဟိုင်ကျိက....

'မှန်ပါတယ်....မင်းသားလေး'

မင်းသားလေးဟို့ကွမ်းက ရွှေတုံးအချို့ကို ဟိုင်ကျိထံသို့ ပစ်ပေးလိုက်လေသည်။

ဟိုင်ကျိ၏မျက်နှာ ဝင်းလက်သွား၏။

မင်းသားလေးသည် အပေးအကမ်း ရက်ရောလှသည် မဟုတ်ပါလား။

မင်းသားလေးဟို့ကွမ်းက...

'ဒီည မင်းတို့အားလုံးကို ကျုပ်ကဂုဏ်ပြုညှော်ခံပါ့မယ်'

ဟိုင်ကျိက—

'မင်းသားလေးခင်ဗျား'

'မင်း ဘာပြောချင်လို့လဲ'

'အခုဆိုရင် အနှောက်အယှက်ကင်းရှင်းသွားပြီ၊ ရှုန်းမေကို မင်းသားလေး အနှောက်အယှက်မရှိ ရယူနိုင်ပါပြီ၊ဒါပေမယ့် အေးအေးဆေးဆေး အချိန်ဆွဲမနေသင့်ပါဘူး'

မင်းသားလေး ဟို့ကွမ်းက ခေါင်းတစ်ဆတ်ဆတ်ညိတ်လိုက်၏။

'ဟုတ်တယ်'

ဟိုင်ကျိက....

'သူတို့ လုံစန်းက အချိန်မရွေးထွက်သွားနိုင်တယ် မင်းသားလေး'

သူသတိပေးလိုက်၏။

မင်းသားလေးဟို့ကွမ်းက....

'ဟုတ်တယ်၊ ကဲ....လာ ကျုပ်တို့အခုပဲသွားကြမယ်၊ သူတို့ကို ကျုပ်ရဲ့စံအိမ်ခေါ်လာခဲ့တာအကောင်းဆုံးပဲ'



မင်းသားလေး ဟို့ကွမ်းသည် အခြွေအရံများနှင့်အတူ ဧွှ့ဟွားတည်းခိုခန်းသို့ ရောက်ရှိလာလေသည်။

ဆိုင်လုလင်များက ပျာပျာသလဲကြိုဆိုလိုက်ကြ၏။

မင်းသားလေးဟို့ကွမ်းက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း စားပွဲတစ်လုံးတွင်ဝင်ထိုင်လိုက်ပြီး....

'ဟိုင်ကျိ သွားခေါ်လာခဲ့စမ်း'

ဟိုင်ကျိက ချက်ချင်းပင် ရှုန်းမေတို့သားအမိ တည်းခိုရာအခန်းဆီသို့ထွက်ခွာသွားလေသည်။

မကြာမီ ပြန်ရောက်လာ၏။

'သူတို့မရှိတော့ဘူး မင်းသားလေး'

မင်းသားလေးဟို့ကွမ်း မျက်နှာတင်းမာသွား၏။

ဆိုင်လုလင်တစ်ဦးအားခေါ်ကာ မေးလိုက်၏။

ဆိုင်လုလင်က...,

'သူတို့သားအမိ မနက်အစောကြီးကတည်းက ထွက်သွားကြပါတယ်'

မင်းသားလေးဟို့ကွမ်းက ဟိုင်ကျိအားကြည့်လိုက်၏။

ဟိုင်ကျိသည် ချက်ချင်းပင် ငယ်သား နှစ်ဦးနှင့် အတူ ရှုန်းမေတို့သားအမိနောက်သို့ လိုက်သွားလေတော့သည်။

သို့သော် သူသည် ရှန်းမေတို့သားအမိ၏ အရိပ်အယောင်မျှကိုပင် မတွေ့ရတော့သဖြင့် လက်လျှော့ကာ ပြန်လာခဲ့ရလေတော့သည်။

ည....

ကောင်းကင်တွင် လကွေးကလေးသာရှိ၏။

အကျဉ်းထောင်တစ်ခုလုံးကား တိတ်ဆိတ်ငြိမ်သက်နေ၏။

အကျဉ်းထောင်အတွင်းရှိ ခိုင်ခန့်သော အချုပ်ခန်းတစ်ခုအတွင်း၀ယ် လူရွယ်တစ်ယောက်သည် လဲလျောင်းနေ၏။

ထိုလူရွယ်ကား ဖူ၀မ်စင်းပင်ဖြစ်သည်။

ဖူ၀မ်စင်းကား ကိုယ်နှင့်မဆိုင်သောကိစ္စတစ်ခုကို ၀င်ရောက်စွက်ဖက်မိသဖြင့် အကျဉ်းထောင်အတွင်း ရောက်နေရချေပြီ၊

မတရားသဖြင့် စွပ်စွဲအကျဉ်းချခံရခြင်းကား ခံပြင်းစရာကောင်းလှ၏။



ဖူ၀မ်စင်းမှာတွေးရင်း ခံပြင်းဒေါသထွက်နေ၏။

မင်းသားလေး ဟို့ကွမ်းအား သတ်ပစ်ချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေ၏။

သို့သော် ယခုသူ ဘာမျှမတတ်နိုင်တော့ပါ။

ခိုင်ခံ့လှသော အချုပ်ခန်းအတွင်းမှလွတ်မြောက်နိုင်စရာအကြောင်း မမြင်တော့ပါချေ။

ဖူ၀မ်စင်းသည် ခန္ဓာကိုယ် တစ်ဖက်သို့ စောင်းကာ လဲလျောင်းလိုက်၏။

အိပ်မပျော်သောအခါ အတွေးတို့ကပျံ့လွင့်နေရ၏။

အတွေးတစ်ခု တွေးလိုက်ရသောအခါ သူ၏ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားရလေသည်။

သူ၏မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားရ၏။

'ဒုက္ခပဲ'

ဟုလည်း အသံထွက်အောာ်ပင် ရေရွတ်လိုက်၏။

သူ၏ ခန္ဓာကိုယ်၏နားတွင်း၌ ဂိုဏ်းချုပ်၏ စကားသံကို ပြန်လည်ကြားယောင်လာမိလေသည်။

'မင်းရဲ့တာ၀န်ကိုအောင်မြင်အောင်ထမ်းဆောင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ ကျုပ်တို့ ချင်းမိန်ဂိုဏ်း အတွက်

နောက်ဆုံးအခွင့်အရေးတစ်ခုပဲ၊ မင်းအပေါ် အားလုံး မျှော်လင့်စောင့်စားနေကြတယ်'

ဖူဝမ်စင်း ခေါင်းနပန်းကြီးသွား၏။

သူ့တွင် အလွန်အရေးကြီးသောတာဝန်ရှိ၏ ။

ထိုတာဝန်ကိုထမ်းဆောင်ရန် သူက ခရီးထွက်သားခြင်းဖြစ်၏။

ရှန့်မူတောင်သို့ ဆယ်ရက်အတွင်း အရောက်သွားရမည်ဖြစ်၏။

ထိုတာဝန်သည် ချင်းမိန်ဂိုဏ်းအတွက် အလွန့်ပင်အရေးကြီးပေသည်။

ယခု သူက ထိုတာဝန်ကို မည်သို့ထမ်းဆောင်ရတော့မည်နည်း။

သူသည် ရှန့်မူတောင်သို့ ဆယ်ရက်အတွင်းရောက်ရှိအောင်သွားနိုင်တော့မည်မဟုတ်ပါ။

သူသည် ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်အကျဉ်းချခံလိုက်ရပြီမဟုတ်ပါလား။

ဖူဝမ်စင်း အလွန်ပင်ခံပြင်းသွား၏။



တစ်ဖန် ထိခိုက်ကြေကွဲစွာ ခံစားလိုက်ရ၏။

သူ၏ မျက်ဝန်းအိမ်မှ မျက်ရည်များက အလိုလိုစီးကျလာလေသည်။

'ကျုပ်ကို ခွင့်မလွှတ်ကြပါနဲ့တော့ဗျာ'

ဟု တုန်ယင်အက်ကွဲသော လေသံဖြင့် ရေရွတ် လိုက်လေတော့သည်။

ထိုအချိန်တွင် လုံစန်းမြို့၏ အရက်ဆိုင်တစ်ဆိုင် အတွင်း၌ ဝယ်မိုးယကွသည် အရက်ထိုင်သောက်နေ၏။

သူသည် ယခုအခါ အကျဉ်းထောင်မှ လွတ်မြောက်လာပြီဖြစ်၏။

ဆုငွေပင်ရလိုက်သေး၏။

မိုးယကွ ရယ်ချင်လာ၏။

'လောကကြီးက အတော်ဆန်းကြယ်တာပဲ၊ ငါက ခုးပြု တိုက်တယ်၊ ဒါပေမယ့် အကျဉ်းချမခံရတဲ့အပြင် ဆုငွေပါ ရထိုက်တယ်၊ ဟိုကောင်က ဒေးပြမဟုတ်နိုင်ဘူး၊ ဒါပေမယ့် ထောင်ကျသွားပြီ၊ ဟား ....ဟား....ဟား'

သူက အသံထွက်အောင်ပင်ရယ်မိ၏။

'စိတ်တော့မကောင်းဘူး၊ မင်းနဲ့ငါ နေရာချင်းလဲလိုက်ရတဲ့ သဘောပဲ'

သူသည် လုံစန်းမြို့တွင်ဆက်၍မနေသင့်ဟုလည်း တွေးမိ၏။

မင်းသားလေးဟို့ကွမ်းနှင့် အုပ်ချုပ်ရေးမှူး ချုံချန်းတို့၏ ပူးပေါင်းကြံစည်မှုတွင် သူကပါဝင်ခဲ့ရ၏။

မင်းသားလေးဟို့ကွမ်းကို သူမယုံပါ။

မင်းသားလေး ဟို့ကွမ်းသည် သူတို့ နှစ်ရှိက်သ မားများ ထက်ပင် ပို၍ကောက်ကျစ်စဉ်းလဲ၏။

ယခုအမှုက မတရားအမှုတစ်ခုဖြစ်၏။

ထိုအမှု ဘယ်သောအခါမှ မပေါ်ပေါက်အောင် သူ့အား နှုတ်ပိတ်နိုင်သည်ဟု တွက်ဆမိ၏။

ထိုအတွေးဝင်လာသည်နှင့် သူက အရက်သောက်နေရာမှ ကျသင့်ငွေကိုရှင်းပေးပြီး ချက်ချင်း ထွက်ပြေးလာခဲ့လေသည်။



လုံစန်းမြို့ပြင်ရောက်မှ ခေတ္တရပ်တန့်လိုက်ပြီး....

'ငါဘယ်သွားရမလဲ'

သူက အတန်ကြာတွေးတောပြီးနောက် မရောက်သည်မှာ ကြာပြီဖြစ်သော ဇာတိမြေသို့ပြန်ရန် ဆုံးဖြတ်လိုက်လေတော့ သည်။

ရယ်မောသံများဆူညံနေသည်။

အုပ်ချုပ်ရေးမှူးချုံချန်း၏စံအိမ်တွင်း၌ မီးများ လင်းထိန် နေသည်။

သူ၏ သီးသန့် အခန်းအတွင်းဝယ် စားသောက်ပွဲ တစ်ခု ကျင်းပနေခြင်းဖြစ်၏။

ထိုစားသောက်ပွဲကို မင်းသားလေး ဟို့ကွမ်းက ကျင်းပ ပေးခြင်းဖြစ်၏။

တက်ရောက်သူအ သုံးယောက်သာဖြစ်သည်။

ချုံချွန်း၊ ဟို့ကွမ်းနှင့်ဟိုင်ကျိတို့ပင်ဖြစ်သည်။

ချုံချွန်းက....

'မင်းသားလေးရဲ့ဖခင်ကိုပြောပေးဖို့ မမေ့နဲ့နော်'

ဟို့ကွမ်းက....

'စိတ်ချပါဗျာ၊ မကြာမီရက်အတွင်း ကျုပ်သွားမှာပါ၊ ကျုပ်က ကတိတည်ပါတယ်ဗျ'

ဟိုင်ကျိက....

'အုပ်ချုပ်ရေးမှူးအနေနဲ့ မင်းသားလေးနဲ့ ပူးပေါင်းနေသရွေ့ အကျိုးရှိမှာပါဗျာ'

သူဝင်ပြောလိုက်လေသည်။

ချုံချွန်းက....

'ကျုပ်နားလည်ပါတယ်၊ ဒါကြောင့်လဲ မင်းသားလေးရဲ့ကိစ္စကို ကျုပ်က ပီပြင်အောင် ဆောင်ရွက်ပေးတာပေါ့'

မင်းသားလေးဟို့ကွမ်းက....

'ဒါပေမယ့် ပြစ်ဒဏ်နည်းတယ်'

ချုံချွန်းက....

'ပြစ်ဒဏ်ဘယ်နည်းမှာလဲ ထောင်ဒဏ်ဆယ့်ငါးနှစ်ဆိုတာ နည်းသလားဗျ မင်းသားလေးရဲ့'



မင်းသားလေးဟို့ကွမ်းက....

'ဒီကောင်ကိုသေဒဏ်ပေးရမှာဗျ'

ချုံချွန်းက....

'သေဒဏ်သာပေးရင် သူကထွက်ပြေးမှာပဲ၊ ဒီအခါ သူက ကျုပ်တို့ကိုတုံ့ပြန်လာမယ်'

ဟို့ကွမ်းက....

'အခုသူအဖမ်းခံတာပဲ မဟုတ်လား'

'ဒီသူငယ်က ဒေါသကြီးပေမယ့် ရိုးသားတယ်၊ သူက ဥပဒေအတွင်းကပြန်လည်ဖြေရှင်းဖို့ ရည်ရွယ်ချက်နဲ့ အဖမ်းခံလိုက်တာပဲဖြစ်မယ်'

ဟို့ကွမ်းမျက်နှာကြုတ်သွားသည်။

'သူကဖြေရှင်းမယ်ဟုတ်လား'

ချုံချွန်းက....

'ဟုတ်တယ်၊ သူ့ဘက်ကသက်သေအထောက်အထားတင်ပြပြီးဖြေရှင်းမှာတော့ သေချာတယ်'

'ဟာ မဖြစ်ဘူး မဖြစ်ဘူး၊ ဒီအခွင့်အရေးပေးလို့မဖြစ်ဘူး'

'ကျုပ်က ဒီထက်ပိုပြီးလုပ်ကိုင်ခွင့်မရှိဘူးဗျ'

ဟိုင်ကျိက—

'အင်း....ဒီအမှုကိုမရှည်ဘဲ ပြီးပြတ်အောင် စီစဉ်ရမှာပဲ အုပ်ချုပ်ရေးမှူးအကြံထုတ်ပါဦး'

ချုံချန်းက မျက်မှောင်ကြုတ်ကာစဉ်းစားလိုက်၏။

ခဏကြာမှ....

'တစ်ခုတော့ရှိတယ်'

မင်းသားလေးဟို့ကွမ်းက....

'ဘာများလဲ'

ချုံချန်းက....

'သူ့ကိုအမြန်ဆုံးတခြားနေရာလွှဲပြောင်းလိုက်ဖို့ပဲ'

မင်းသားလေးဟို့ကွမ်းက....

'ကောင်းတယ်၊ ကုန်ကျစရိတ်အားလုံး ကျုပ်ပေးမယ်၊ သူ့ကိုနယ်စပ်စခန်းကို ပို့လိုက်ပါလား'

ချုံချန်းက....

'နယ်စပ် စခန်းက ပြစ်ဒဏ်ကြီးတဲ့ အကျဉ်းသားတွေကို ခိုင်းစေတဲ့ စခန်းပဲ'



'ဟုတ်တယ်၊ ကျုပ်တို့ သူ့ကို အဲဒီစခန်းပို့လိုက်မယ်၊ ဒါဆိုရင် သူဘယ်တော့မှ ပြန်လာနိုင်မှာ မဟုတ်တော့ပါဘူး'

'ဟား....ဟား....ဟား'

မင်းသားလေးဟို့ကွမ်းက သဘောတူစွာ ရယ်မောလိုက်လေသည်။

ဟိုင်ကျိနှင့် ချုံချန်းတို့ကလည်း ရယ်မောလိုက်ကြသည်။

သူတို့၏ ရယ်မောသံသည် အခန်းတွင်း၌ ဟိန်းထွက်သွားသည်။

မင်းသားလေးဟို့ကွမ်းက....

'ဒါဆို အမြန်ဆုံးစီစဉ်လိုက်ပါ'

'စိတ်ချ— မင်းသားလေး၊ နောက်ဆုံး လေးရက်အတွင်း လွှဲပြောင်းဖို့ ကျုပ်စီစဉ်လိုက်ပါမယ်'

မင်းသားလေးဟို့ကွမ်းနှင့် ဟိုင်ကျိတို့သည် အတော်ညဉ့်နက်မှပင် ချုံချုန်း၏စံအိမ်မှပြန်လာခဲ့ကြ၏။

လမ်းတွင် သူ့အားစောင့်နေသောငယ်သားများကို တွေ့လိုက်ရ၏။

ဟိုင်ကျိက....

'ကိစ္စပြီးပြီလား'

ငယ်သားတစ်ဦးက....

'မိုးယက္ခ ထွက်ပြေးသွားပြီ'

ဟိုင်ကျိက မဲ့ပြုံးပြုံးလိုက်၏။

'အင်း....သူက ပါးနပ်သားပဲ'

မင်းသားလေးဟို့ကွမ်းက....

'ဟိုင်ကျိ မင်းသူ့ကိုလိုက်ရှင်းပါ'

'ဟုတ်ကဲ့....မင်းသားလေး'

သူသည် မင်းသားလေးဟို့ကွမ်းအား အရိုအသေပြုပြီးနောက် လျင်မြန်စွာထွက်ခွာသွားလေတော့သည်။



ဖူဝမ်စင်းသည် သူ့ရှေ့မှ ထမင်းပန်းကန်ကို ကြည့်လိုက်သည်။

ဆန်ကား ကြမ်းလှသည်။

ဖွဲ့စော်ကလည်း နံလှသည်။

ဟင်းရည်ကျဲတောက်တစ်ခွက်နှင့် ထမင်းကိုကြည့်ကာ စားချင်စိတ်ကုန်ခမ်းသွားပြီး နှာခေါင်းရှုံ့သွားသည်။

ဖူဝမ်စင်း နှာခေါင်းရှုံ့သွားသည်ကို အစောင့်ကတွေ့မြင်သွားသည်။

'သိပ်ကြီးကျယ်မနေနဲ့၊ မင်းနောက်ကို ဒါမျိုးတောင်စားရမယ်မထင်နဲ့၊ နယ်စပ်စခန်းရောက်ရင် မင်းလိုလူမျိုးကတော[illegible] သေမှာပဲ'

ဖူဝမ်စင်းက....

'နယ်စပ်စခန်း ဟုတ်လား၊ ကျုပ်က ဘာလို့ နယ်စပ်စခန်းကိုသွားရမှာလဲ'

အစောင့်ရဲမက်က....

'မင်းလို အကျဉ်းသားတစ်ယောက်ကို နယ်စပ် အကျဉ်းစခန်းကို လွှဲပြောင်းလာနေတာဘာဆန်းသလဲကွ'

ဖူငါမ်စင်းက....

'ကျုပ်ဓား ထုချေခွင့်ရှိသေးတယ်ဗျ'

အစောင့်ရဲမက်က ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား မင်းက ဘာများထုချေလွှာခွင့်ရှိမှာလဲ'

ဖူဝမ်စင်း ဒေါသခြောင်းခြောင်းထွက်သွား၏။

သူသည် အလွန်ခံပြင်းလွန်းသဖြင့် နံရံအား လက်ဝါးနှင့် ရိုက်ချလိုက်သည်။

'ဝုန်း'

ခုံတွင်လက်ဝါးရာပေါ်ထွက်လာ၏။

အစောင့်ရဲမက်မှာ ထိတ်လန့်စွာဖြင့် နောက်ဆုတ်သွားလေတော့သည်။



မိုးယက်ခွဲ ပြုံးလိုက်သည်။

သူသည် ချုံအကွယ်တွင်ပင် တိတ်ဆိတ်စွာ ပုန်းအောင်းနေသည်။

'ဟိုင်ကျိသည် လမ်းအတိုင်းပြေးသွားသည် မဟုတ်ပါလား'

ဟိုင်ကျိသည် အရေးကြီးသောကိစ္စ မရှိဘဲနှင့် မင်းသားလေးဟို့ကွမ်းအနီးမှ ခွာမည့်သူမဟုတ်ပါ။

ယခု ဟိုင်ကျိထွက်လာခြင်းကအကြောင်းရှိရပေမည်။

ထိုအကြောင်းကား သူ့အားနှုတ်ပိတ်ရန်ပင် ဖြစ်ရပေမည်။

မိုးယက္ခ မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းတို့က ငါ့ကိုလွယ်လွယ်နဲ့ နှုတ်ပိတ်လို့ ရမယ်များထင်နေသလား၊ မင်းသားလေးဟို့ကွမ်း မင်းကို မိုးယက္ခအကြောင်း ပြရသေးတာပေါ့'

သူသည် ဟိုင်ကျိ ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်းပြီးမှ လုံစန်းမြို့ဘက်သို့ ပြန်ထွက်လာခဲ့လေတော့သည်။

ည ....

ညဥ့်နက်နေပြီဖြစ်သည်။

မင်းသားလေးဟို့ကွမ်း၏ ဂေဟာရှေ့တွင် အစေ ခံငယ်လေး ယောက်က စောင့်ကြပ်နေကြလေသည်။

သို့သော် ညဥ့်နက်လာအောအခါ အိပ်ငိုက်လာ၏။

သူတို့အဖို့ ဝတ်ကျေတန်းကျေသာစောင့်ရခြင်း ဖြစ်သည်၊

မင်းသားလေးဟို့ကွမ်းအား နှောင့်ယှက်သူတစ် ယောက်မျှ မရှိဟုလည်း ယုံကြည်ထားကြသည်။

ထို့ကြောင့် ညဥ့်နက်လာသည်နှင့် အုတ်နံရံကိုမှီကာ ငိုက်မြည်းနေကြလေတော့သည်။

လေကတစ်ချက်ဝှေ့ယမ်းတိုက်ခတ်လာသည်။

အေးစိမ့်သော လေသည် အစောင့်များကို ပို၍ငိုက်မြည်းစေသည်။

ထို့ကြောင့်လည်း လေနှင့်အတူရောက်ရှိလာသော လူရိပ် တစ်ရိပ်ကို အဘယ်မျှမျှ မသိလိုက်ကြပါ။

သူတို့သန်းနိုးလာချိန်တွင် နာကျင်သောဝေဒနာကို ခံစား လိုက်ရပြီး အသံပင်မထွက်နိုင်ဘဲ သေဆုံးသွားကြသည်။



လူရိပ်သည် အစောင့်များ၏ ခန္ဓာကိုယ်ပေါ်တွင် စာရွက် တစ်ရွက်ကိုချိတ်ဆွဲလိုက်ပြီးနောက် လျင်မြန်စွာ ပြန်လည်ထွက် ခွာသွားလေတော့သည်။

❀

နေလဲ မှုပြင်းလှသည်။

ဖုန်တထောင်းထောင်းထနေသောလမ်းမပေါ်တွင် ရဲမက် သုံးယောက်ခန့်သည် လှည်းတစ်စီးကိုစောင့်ကြပ်ကာ သွား နေသည်။

လှည်းပေါ်တွင် သေတ္တာတစ်လုံးပါလာသည်။

ထိုသေတ္တာသည် သစ်လျှောင်အိမ်အကြီးစားပင် ဖြစ်သည်။

ထိုလှောင်အိမ်ထဲတွင် လူတစ်ယောက်ထိုင်လျက် လိုက်ပါ လာသည်။

ထိုလူအား ဖူဝမ်းစင်းပင်ဖြစ်ပါသည်။

ဖူဝမ်စင်းသည် လှောင်အိမ်အတွင်း၌ ခေါင်းငိုက်စိုက်ချကာ ထိုင်နေသည်။

သူ့အချုပ်စခန်းတွင် ၂-ရက်နေ့ထိုင်ခဲ့ရသည်။

တစ်ဖန် အကျဉ်းစခန်းပြောင်းသည့်ခရီးစဉ်တွင် ၂-ရက် ကြာမြင့်ခဲ့ပြီဖြစ်သည်။

စုစုပေါင်းလေးရက်အချိန်ကုန်ခဲ့ပြီ ဖြစ်သည်။

သူ့ရှန့်မူထောင်သို့သွားရန် မီပါတော့မည်နည်း။

သူသည် သေသည်အထိ မတရား အကျဉ်းချခံရခြင်းကို လက်ခံရမည်လော။

ဖူဝမ်စင်းတွေးရင်း ခံပြင်းလာခဲ့သည်။

ချင်းမိန်ဂိုဏ်းသည် သူ့အပေါ် မျှော်လင့်ချက်ကြီးစွာထားရင်း စောင့်ဆိုင်းနေကြမည်ဖြစ်သည်။

'တောက်'

ဖူဝမ်စင်း ဒေါသထွက်လာသည်။

သူက ဥပဒေကိုလေးစားသော်လည်း သူ့အတွက် ဘာအခွင့်အရေးမှမရှိပါ။

ထို့ကြောင့် သူက အလွတ်ရုန်း ချက်ပြေးရန် စိတ်ကူးလိုက်သည်။

'ဟုတ်တယ်၊ ငါဒီအတိုင်း လုပ်သမျှ နေလို့မဖြစ်ဘူး၊ ဒါဒီကရအောင် ထွက်ပြေးရမယ်၊ ရှန့်မူတောင်ကို အရောက်



သွားရမယ်၊ ငါတာဝန်ပြီးမှပဲ မင်းသားလေး ဟို့ကွမ်းတို့ကို ပြန်ပြီးဆုံးမရမယ်'

သူက ချက်ချင်းဆုံးဖြတ်လိုက်သည်။

ထို့နောက် လှောင်အိမ်ကိုအကဲခတ်လေ့လာလိုက်သည်။

ပတ်လည်တွင် သံချောင်းလုံးများဖြင့် အခိုင်အမာကာရံထားသည်။

အမိုးကမူ သစ်သားဖြစ်သည်။

ဖူဝမ်စင်း၏မျက်နှာပြုံးသွားသည်။

သူက အချိန်ကိုစောင့်ဆိုင်းနေလိုက်သည်။

မကြာမီ သူတို့သည် တောတန်းကလေးတစ်ခုအတွင်းသို့ ရောက်ရှိလာလေသည်။

ဖူဝမ်စင်းသည် လက်ဝါးနှစ်ဖက်တွင် အတွင်းအားကို အပြည့်အဝစုစည်းလိုက်သည်။

ထို့နောက် လက်ဝါးနှစ်ဖက်ကိုပူးကာ အပေါ်သို့တွန်းထုတ်လိုက်သည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး လှောင်အိမ်အမိုးအကျိုးပဲ့ ပျက်စီးသွားလေတော့သည်။

ရှာတရက် လှောင်အိမ်ပျက်စီးသွားသည်ကို တွေ့ရသော အခါ ရဲမက်များထိတ်လန့်သွားကြသည်။

သို့သော် သူတို့သည် တိုက်ပွဲအတွေ့အကြုံရင့်ကျက်ကြသော ရဲမက်များ ဖြစ်ကြလေသည်။

ချက်ချင်းပင် လက်နက်ကိုယ်စီထုတ်ကာ အထပ်ထပ်ဝိုင်းရံထားလိုက်ကြလေသည်။

တာဝန်ခံတပ်မှူးက ....

'ဖူဝမ်စင်း မင်းစုခံဖို့စဉ်းစားမနေနဲ့၊ အေးအေးဆေးဆေး အဖမ်းခံပါ'

ဖူဝမ်စင်းက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က မဘရား ပြစ်ဒဏ်ကျခံရတာကို ကြိမ်ခံနေရ မလားဗျ'

တာဝန်ခံတပ်မှူးကို ...

'မင်း ဧဘရားပြစ်ဒဏ်ခံရဘယ်ထင်ရင် ရုံးတော်မှာရှင်းပါ၊ ခုလိုထွက်ပြေးဖို့ကြိုးစားရင် ပြစ်ဒဏ်ပိုပြီး ကြီးလေးလိမ့်မယ်'

ဖူဝမ်စင်းက ရယ်မောလိုက်သည်။

'ဟား ...ဟား...ဟား... ကျုပ်က ဖြေရှင်းချက်ပေးမယ့် ဘယ်သူ့ကိုဖြေရှင်းခွင့်ပေးလို့လဲ ကိုယ့်ဘာသာကိုယ် အပြုအဆင်



တတ်၊ တစ်ရက်ဘည်းနဲ့ ပြစ်ဒဏ်ချမှတ်တယ်၊ ပြီးတော့အကျဉ်းထောင်လွှဲပြောင်းတယ်၊ ဒါတရားသလားဗျ'

တာဝန်ခံတပ်မှူးက ...

'ဒါတွေ ကျုပ်မသိဘူး၊ ကျုပ်ရဲ့တာဝန် မင်းဟို စောင့်ကြပ်ပြီး အကျဉ်းစခန်းရောက်အောင် ပို့ပေးရမယ်၊ မင်းက ထွက်ပြေးရင် ကျုပ်တို့က အစွမ်းကုန်တိုက်ထုတ်ရမှာပဲ'

ဖူဝမ်စင်းက ....

'ဒီမှာတပ်မှူး၊ အခုကိစ္စဟာ မင်းသားလေး ဟို့ကွမ်းလက်ချက်ဆိုတာ ခင်ဗျား သိပါတယ်'

တာဝန်ခံမှူးက....

'ကျုပ် ဒီကိစ္စတွေနဲ့ ဘာမှမပတ်သက်ဘူး၊ ကျုပ်ကို ပေးအပ်တဲ့တာဝန်အတိုင်း ဆောင်ရွက်ရမယ်'

ဖူဝမ်စင်းက....

'ကျုပ် ဘယ်နည်းနဲ့မှ အဖမ်းမခံနိုင်တော့ဘူး၊ မကြာခင် ဒီကိစ္စကို ကျုပ် လာဖြေရှင်းပါ့မယ်၊ ကျုပ်ကို အေးအေး ဆေးဆေး သွားခွင့်ပြုပါ'

တာဝန်ခံတပ်မှူးက ခေါင်းခါယမ်းလိုက်၏။

'တရားခံလွတ်မြောက်သွားရင် ကျုပ် ဒုက္ခရောက်ရမယ် ဒါကြောင့် မင်းကို ကျုပ် အလွတ်မပေးနိုင်ဘူး၊ စကားမရှည်နဲ့ အေးအေးဆေးဆေး အဖမ်းခံမသွား မခံဘူးလား'

ဖူဝမ်စင်းက....

'ကျုပ်အဖမ်းမခံနိုင်ဘူး'

ဟု ပြတ်ပြတ်သားသားလေသံဖြင့် ပြောလိုက်၏၊

တပ်မှူးသည် ဓားကိုဆွဲထုတ်လိုက်ပြီး....

'အားလုံး တိုက်ကြ'

ဟု အမိန့်ပေးလိုက်လေတော့သည်။

❦

'ယား'

'ချမ်း'

'ဝှန်း'



'အား'

'အံ့မယ်လေး'

အသံမျိုးစုံ ထွက်ပေါ်နေ၏။

ဖူဝမ်စင်းသည် ရဲမက်များနှင့် တိုက်ခိုက်နေ၏၊

သူ၏ သွက်လက်လှသော လက်သီး လက်ဝါးချက်များကြောင့် ရဲမက်များ သူ့အနီးသို့ မကပ်နိုင်တော့ပါ။

သို့သော် ရဲမက်များသည် ဖူဝမ်စင်း ထွက်ပြေးနိုင်ခြင်း မရှိအောင် အထပ်ထပ် ဝိုင်းရံထားကြ၏။

အဝေးမှသာ လှံရှည် ဓားတို့ဖြင့် ထိုးခုတ်နေကြလေသည်။

ဖူဝမ်စင်းသည် အချိန်ကြာလာသောအခါမောပန်းလာ၏။

ရဲမက်များ၏ပိတ်ဆို့မှုသည် အလွန်ပင်စနစ်ကျ၍နေသည်ကို သူနားလည်၏၊

ရဲမက်တို့သည် သူလက်ပန်းကျလာမည့်အချိန်ကို စောင့်ဆိုင်းနေကြသည်တိုလည်း ရိပ်စားမိ၏၊

ဖူဝမ်စင်း အံကြိတ်လိုက်၏၊

သူ ရဲမက်များအား ရအောင် ထိုးဖောက် ထွက်ရမည်ဖြစ်၏။

သို့သော် သူ့ကြောင့် ရဲရက်များ သေဆုံးရမည်ကို မလိုလားပါ။

ဖူဝမ်စင်း တွေဝေနေ၏။

မထိုးဖောက်လျှင်လည်း အဖမ်းခံရဦးမည် ဖြစ်သည်။

နောက်ဆုံးတွင် ဖူဝမ်စင်းက ဆုံးဖြတ်ချက်ချလိုက်၏။

သူသည် ရဲမက်များ မသေဆုံးရအောင် သတိထားပြီး ထိုးဖောက်ထွက်ရန်ပင် ဖြစ်ပါသည်။

'ယား'

ဖူဝမ်စင်းသည် ကျယ်လောင်သော ညာသံတစ်ချက် ပြုလိုက်၏။

ထို့နောက် လေထဲတွင် လက်ဝါး သုံးချက်တိတိ ဆင့်ကာ ရိုက်ထုတ်လိုက်ပြီး ရဲမက်များထံ ပြေးဝင်သွား၏။



သူ၏ ဖြင်းထံလှသော လက်ဝါးချက်ကြောင့် ရဲမက်များ နောက်ဆုတ်သွား၏။

သို့သော် ချက်ချင်းပင် ပြန်လည်ပိတ်ဆို့လိုက်၏။

ဖူဝမ်စင်းသည် လက်ဝါးချက်များ အဆက်မပြတ်ရိုက်ထုတ်ရင်း ထိုးဖောက်ထွက်လိုက်၏။

'ဝုန်း'

'ခွပ်'

ရဲမက်အချို့ လွင့်စဉ်သွား၏။

တစ်ခဏအတွင်းပင် ဖူဝမ်စင်းသည် ရဲမက်တို့၏ နောက်ဆုံးခံစစ်ကြောင်းသို့ ရောက်ရှိလာ၏။

ထိုစဉ် ရဲမက်တစ်ဦးသည် မိုက်မိုက်ကန်းကန်းပင် ဖူဝမ်စင်းရှေ့တွင် ရပ်ကာ နောက်မဆုတ်တမ်း ဟန့်တားလိုက်၏။

ထိုအခါ ဖူဝမ်စင်း၏လက်ဝါးက ရဲမက်၏ရင်ဝသို့ တိုးဝင်သွား၏။

ရဲမက် ထိတ်လန့်သွား၏။

ထို့အတူ ဖူဝမ်စင်းလည်း ထိပ်လန့်သွား၏။

သူ၏လက်ဝါးချက်ကြောင့် ထိုရဲမက် သေဆုံးသွားရမည်မှာ သေချာလှပေသည်။

သူသည် ကမန်းကတန်းပင် လက်ဝါးချက်ကို ရှပ်သိမ်းလိုက်၏။

ထိုအခါ ရဲမက်၏လှံသည် ဖူဝမ်စင်း၏ပခုံးကို ထိုးစိုက်မိသွား၏။

'အား'

ဖူဝမ်စင်း နောက်သို့ယိုင်ထွက်သွား၏။

ရဲမက်များသည် အခွင့်အရေးရသည်နှင့် ဖူဝမ်စင်းအား ဝိုင်းဝန်းထိုးခုတ် တိုက်ခိုက်လိုက်ကြလေသည်။

'အား'

တစ်ခဏအတွင်း ဖူဝမ်စင်း၏ ခန္ဓာကိုယ်ပေါ်တွင် သွေးခြင်းခြင်းနီရဲသွားရလေတော့သည်။

ဖူဝမ်စင်း ဒေါသထွက်သွား၏။

အသိဉာဏ် ပျောက်ကွယ်သွား၏။

သူက လက်ဝါးနှစ်ဖက်ဖြင့် တရကြမ်းပင် ပြန်လည် တိုက်ခိုက်လိုက်၏။

'ဝုန်း'

'အား'

'အံမယ်လေး'



ရဲမက်များ နောက်သို့လွင့်စဉ်ထွက်သွား၏။

အချို့ရဲမက်များမှာ ကြောက်လန့်ဘကြားနှင့် နောက်သို့ဆုတ်သွားကြလေသည်။

ဖူဝမ်စင်းက ရလာသော အခွင့်အရေးကို လက်လွှတ်မခံတော့ပါ။

တစ်ရှိန်ထိုးပင် ထွက်ပြေးလိုက်လေတော့သည်။

'လိုက်ကြ'

'မလွှတ်စေနဲ့'

ရဲမက်များ၏အသံက သူ၏နောက်မှ ကပ်ပါလာ၏။

ဖူဝမ်စင်း အံကိုတင်းတင်းကြိတ်လိုက်၏။

ဒဏ်ရာများ၏ နာကျင်မှုကို ဂရုမစိုက်နိုင်အားပါ။

သူသည် ရဲမက်များလက်မှ လွတ်မြောက်အောင် အားကုန်ပြေးလွှားလိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ဖူငမ်စင်းသည် ရှန့်မူတောင်ဘက်သို့ဦးတည်ကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။

တစ်နေ့လုံး ပြေးလာခဲ့ပြီးနောက် ရဲမက်များ ပြတ်ရှိကျန်ရစ်ခဲ့၏။

သူသည် ရှန့်မူတောင်သို့ အချိန်မီ ရောက်ရှိရန် လိုအပ်နေသည် မဟုတ်ပါလော။

သူ၏ခန္ဓာကိုယ်မှ သွေးစက်များသည် လမ်းတစ်လျှောက် ကျကျန်ရစ်ခဲ့၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေ၏။

သူသည် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ခရီးဆက်လာခဲ့လေတော့သည်။

ရှန့်မူတောင်...

မှိုင်းပြပြနှင့် တောင်ကြီးကို မှုန်ဝါးစွာ တွေ့မြင်နေရ၏။

ရှန့်မူတောင်သို့ သွားရာလမ်းကလေးပေါ်တွင် လူတစ်ယောက်သည် ဒယီးဒယိုင်နှင့် လျှောက်လာ[illegible]၏။



သူ၏ခြေလှမ်းများကလည်း အလွန်ပင် လေးလံနေ၏။ ထိုသူကား ဖူဝမ်စင်းပင်ဖြစ်သည်။

သူသည် ရှန့်မူတောင်သို့ မရောက်ရောက်အောင် ကြိုးစားလာခဲ့ခြင်း ဖြစ်သည်။

စိတ်ကရှိသော်လည်း ခန္ဓာကိုယ်က မလိုက်ပါနိုင်ပါ။

မနားတမ်း ခရီးဆက်လာရသဖြင့် ပင်ပန်းနေ၏။

ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာများ ရရှိထား၏။

သွေးထွက်ကလည်း လွန်လာ၏။

သူသည် အံကိုတင်းတင်းကြိတ်ကာ ခြေလှမ်းကို လှမ်းနိုင်သမျှ လှမ်းနေဆဲ ဖြစ်၏။

သို့ရာတွင် ခြေလှမ်း လှမ်းလိုက်တိုင်း ပြင်းပြသော နာကျင်မှု ဝေဒနာများကို ခံစားနေရလေသည်။

ရှေ့တွင် ရှန့်မူတောင်ကို လှမ်း၍ တွေ့မြင်နေရပြီဖြစ်၍ ဝမ်းသာသွား၏။

သို့သော် သူ၏ခန္ဓာကိုယ်ကမူ မဟန်နိုင်တော့ပါ။

နောက်ဆုံး ခြေလှမ်း ငါးလှမ်းခန့်လှမ်းပြီးနောက် လဲပြိုကျသွား၏။

'ငါလဲလို့မဖြစ်ဘူး၊ ရောက်အောင်သွားရမယ်'

သူက အံကိုကြိတ်ကာ ကုန်းထလိုက်၏။

သို့သော် မရပ်နိုင်မီ ပြန်လဲကျသွား၏။

'အား'

ခန္ဓာကိုယ်က အလွန်အမင်း နာကျင်သွား၏။

လဲကျရာမှ ပြန်မထချင်ပါ။

သို့သော် ကြိုးစားပြီး ထလိုက်ပြန်၏။

ထလိုက် လဲလိုက် ထလိုက် လဲလိုက်ပင်။

ခုနစ်ကြိမ်မြောက် လဲကျပြီးနောက်တွင်မူ ဖူဝမ်စင်း တစ်ယောက် လုံးဝ ပြန်ထမလာနိုင်တော့ပါ။

လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားရလေတော့သည်။

❦

မင်းသားလေး ဟို့ကွမ်း၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များက အထင်းသား ထွက်ပေါ်လာ၏၊



သူသည် ခေါင်းကိုသာ ခါယမ်းရင်း....

'ဖူဝမ်စင်း လွတ်သွားပြီတဲ့'

ဟု ရေရွတ်လိုက်၏။

ဟိုင်ကျိ မျက်နှာပျက်သွား၏။

သူသည် သတင်းလာပို့သောရဲမက်အား ကြည့်လိုက်ပြီး....

'ရအောင် လိုက်မဖမ်းကြဘူးလား'

ရဲမက်က....

'ကြိုးစားရှာဖွေနေပါတယ်'

ဟိုင်ကျိက....

'ကောင်းပြီ... မင်းသွားနိုင်ပြီ'

ရဲမက်သည် မင်းသားလေးဟို့ကွမ်းအား အရိုအသေပြုလိုက်ပြီးနောက် ထွက်ခွာသွားလေသည်။

ရဲမက် ထွက်ခွာသွားပြီးတော့မှ မင်းသားလေးဟို့ကွမ်းက ဟိုင်ကျိအား ပြောလိုက်၏။

'ဟိုတစ်နေ့က ကျုပ်ရဲ့ အစောင့်လေးယောက် အသတ်ခံရတယ်'

ဟိုင်ကျိက....

'မိုးယက္ခလက်ချက်ပဲ'

'ဟုတ်တယ်၊ မင်း သူ့ကို မရှင်းနိုင်ခဲ့တဲ့အတွက် သူက ပြန်ပြီး ခြိမ်းခြောက်သွားခဲ့တာပါ'

'ကျုပ် သူ့ကိုလိုက်ရှာပြီး သုတ်သင်ပါ့မယ်'

မင်းသားလေး ဟို့ကွမ်းက....

'ဟုတ်တယ်၊ သူ့ကိုရှင်းရမယ်၊ ဒါပေမယ့် ခင်ဗျားသွားလာနေတဲ့အချိန်မှာ ကျုပ်အနားမှာ ဘယ်သူရှိသလဲ'

ဟိုင်ကျိက....

'ဒါဆို မိုးယကွာကို ခဏလွှတ်ထားပါဦး'

မင်းသားလေးဟို့ကွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်းရှိတော့ကော ဖူဝမ်စင်းရောက်လာရင် ဟန့်တားနိုင်မလား'

ဟိုင်ကျိ မျက်နှာပျက်သွား၏။

မင်းသားလေးဟို့ကွမ်းက...

''ဟိုင်ကျိ၊ ခင်ဗျားထက် သိုင်းပညာကောင်းတဲ့ ဟိုင်ကျိတောင်မှ ဖူဝမ်စင်းကိုအနိုင်မရခဲ့ဘူးဗျ၊ ဒါပေမယ့် ခင်ဗျားက ဟိုင်ကျိကို ညာဏ်မရှိတဲ့လူ မဟုတ်ဘူး၊ ခင်ဗျားမှာ အကြံရှိပါတယ်၊ ကျုပ်ရဲ့လုံခြုံရေးအတွက် ခင်ဗျားပဲ စီစဉ်ဆောင်ရွက်ပေးရမယ်'



ဟိုင်ကျိက....

'စိတ်ချပါ မင်းသားလေး'

ဟို့ကွမ်းက....

'ကျုပ်အနားမှာ ကိုယ်ရံတော်ရှိရမယ်၊ ဒီကိုယ်ရံတော်ဟာ သိုင်းပညာအလွန်ကောင်းရမယ်၊ ကျုပ်ခိုင်းတာ အားလုံး လုပ်ကိုင်ရမယ်၊ ဒီသိုင်းသမားမျိုး ခင်ဗျား ရှာနိုင်တယ်မဟုတ်လား'

'ရှာနိုင်ပါတယ်'

'ကောင်းပြီ၊ ခုနစ်ရက်အတွင်း ရှာဖွေပေးပါ၊ ပြီးရင် ခင်ဗျားကြိုက်သလောက်လူခေါ်ပြီး မိုးယကွာကို ရှာဖွေ သုတ်သင်ပါ'

'အမိန့်အတိုင်းပါ မင်းသားလေး'

ဟိုင်ကျိသည် မင်းသားလေး ဟို့ကွမ်းအား အရိုအသေပြုကာ ထွက်ခွာသွားလေတော့သည်။

စားသောက်ဆိုင်....

သီးသန့်ခန်းမအတွင်းဝယ် ဟိုင်ကျိသည် တစ်ယောက်တည်း ထိုင်ကာ အရက်သောက်နေလေသည်။

သူထိုင်နေရသည်မှာ အတော်ပင် ကြာပြီဖြစ်သော်လည်း သူ၏အရက်အိုးထဲမှ အရက်မှာ လက်နှစ်လုံးခန့်သာ လျော့သေး၏။

သူသည် အရက်ကို အနည်းငယ်သာသောက်ပြီး ထိုင်ကာ စဉ်းစားတွေးတောနေခြင်းပင် ဖြစ်သည်။

ဖူဝမ်စင်း၏သိုင်းပညာအဆင့်ကို သူမသိပါ။

သို့သော် ဟိုင်ချိကို အနိုင်ယူခဲ့၍ ပေါ့ဆခြင်း မပြုနိုင်ပါ။

ဖူဝမ်စင်းအား သူတို့က မတရား အမှုဆင် ဖမ်းဆီးထောင်ချခဲ့၏။

ထို့အတွက် ဖူဝမ်စင်းက အခဲကြေမည်မဟုတ်ပါ။

ယခု ဖူဝမ်စင်းသည် ရဲမက်များလက်မှ ထွက်ပြေး တိမ်းရှောင်သွားခဲ့ပြီ ဖြစ်၏။
မကြာမီ သူတို့ထံသို့ ရောက်လိုလာနိုင်၏။

သူတို့အား မလွဲမသွေ လက်တုံ့ပြန်လာလိမ့်မည်ဟု ယုံကြည်ထား၏။



ထိုအခါ ဖူဝမ်စင်းအား ဟန့်တားရန် မလွယ်ပါ။

မင်းသားလေးဟို့ကွမ်းပြောသလိုပင် သူတို့အား ကာကွယ်ပေးမည့် အဆင့်မြင့်သိုင်းသမားတစ်ယောက် လိုအပ်ပေသည်။

သူတို့သဘောကျ ခိုင်းစေနိုင်မည့် သိုင်းသမားမျိုးကို ရှာဖွေရမည် ဖြစ်၏။ သူသည် မည်သူ့ကိုရှာဖွေရမည်နည်း တွေးရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။

ပြတင်းပေါက် အပြင်ဘက် သစ်ကိုင်းတွင် နားနေသော စာကလေးများကို တွေ့မြင်လိုက်၏။

ထိုအခါ လူတစ်ယောက်ကို ချက်ချင်း သတိရလာလေသည်။

ဟိုင်ကျိသည် သီးသန့်ခန်းတွင်းမှ ချက်ချင်းပင် ပြေးလွှားသွားလေတော့သည်။

စာကလေး....

စာကလေးဟူသည် ငှက်ကိုပြောခြင်းမဟုတ်ပါ။

စာကလေးအမည်ရှိသော လူတစ်ယောက်ကို ရည်ရွယ်ခြင်းဖြစ်၏။

သိုင်းလောကတွင်း၌ စာကလေး ဟူသော အမည်ကို သိကျွမ်းသူ အတော်ပင်များ၏။

ထို့အပြင် စာကလေးသည် အရာရာကို သိရှိသူဟုလည်း တွဲတင်စားခြင် ခံရသူ ဖြစ်၏။

သင်သိလိုသောအရာတစ်ခုကို စာကလေးထံ လာမေးလျှင် အတွယ်တကူ သိရှိနိုင်မည်ဖြစ်၏။

သို့သော် သူ့အတွက် ထိုက်သင့်သော အခကြေးငွေကို သင်က ပေးချေရမည် ဖြစ်သည်။

မေးခွန်းတစ်ခုအတွက် မည်ရွေ့မည်မျှဟု သတ်မှတ်ထားခြင်း မရှိပါ။

တန်ဖိုးအားဖြင့် ငွေတုံးကလေး တစ်တုံးခန့်မှသည် ရွှေသောင်းခန့်အထိ ရှိတတ်ပေသည်။



သိုင်းလောက၏အကြောင်းများကို စာကလေးက သိနေသော်လည်း စာကလေး၏ အကြောင်းများကိုမူ မည်သည့် သိုင်းလောကသားကမျှ ရေရေရာရာ မသိကြပါ။

ယုတ်စွအဆုံး စာကလေး၏ အမည်ရင်းကိုပင် မသိကြပါ။

ထို့ကြောင့် စာကလေး၏ မျိုးရိုးရာဇဝင်ကိုမှ ပို၍ပင် မသိကြပါ။

သူ့အား အများက စာကလေးဟု ခေါ်ခြင်းမှာ သူ၏ ကျဉ်းမြောင်းသော အိမ်ခန်းထဲတွင် စာကလေးလှောင်အိမ် ၁၀ လုံးခန့်ရှိပြီး စာကလေးများ အမြောက်အမြား မွေးမြူထားသောကြောင့်ပင် ဖြစ်ပါသည်။

ဟုင်ကျိန္ဒင့်

စာကလေးသည် ဆံပင်ဖြူနေပြီဖြစ်သည်။

သူ့အသက်ကို အများက ၆၀ ဟု ထင်ကြသည်။

တချို့ကလည်း ၄၀-ခန့်ဟု ထင်ရသည်။

သူ့အသက်အရွယ်ကို မည်သူမျှ အတိအကျခန့်မှန်းနိုင်ခြင်း မရှိပါ။

အကြောင်းမှာ သူ၏ လှုပ်ရှားမှုများက လူငယ်လူရွယ်တစ်ယောက်လို ပေါ့ပေါ့ပါးပါး သွက်လက်သောကြောင့် ဖြစ်သည်။

စာကလေးအား သိုင်းပညာ တတ်မြောက် ထားသောကြောင့် သိုင်းသမားတိုင်းက သိရှိထားကြပေသည်။

သို့ရာတွင် စာကလေးသည် သူတစ်ပါးနှင့်တစ်ခါတစ်ရံမှ တိုက်ခိုက်ခြင်း မရှိသောကြောင့် သူ၏သိုင်းပညာ အတိမ်အနက်ကို မည်သူမျှအတိအကျခန့်မှန်းနိုင်ခြင်း မရှိပါ။

အဆင့်မြင့် သိုင်းသမားတစ်ယောက်ဟုသာ အကြမ်းဖျင်း အတွယ်ူးထားကြသည်။

သို့သော်လည်း ထုံးစံအတိုင်းပင် စာကလေးသည် သူ၏ သင်္ကေတေးများကို အစာကျွေးနေလေသည်။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

'ဒေါက်....ဒေါက်....ဒေါက်'

စာကလေးက တံခါးဝဖက်လှည့်ကြည့်လိုက်သည်။

'တံခါးဖွင့်ထားတယ် ဝင်ခဲ့ပါ'



သူ့စကားအဆုံးတွင် တံခါးပွင့်သွားပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူတစ်ယောက် ဝင်လာလေသည်။

ထိုလူက စာကလေးအား ဦးညွှတ်လိုက်သည်။

စာကသေးက ထိုလူအားလှည့်မကြည့်ပါ။

သူသည် ငှက်စာကျွေးရင်းမှ ...

'ခဏထိုင်စောင့်ပါ၊ ကျုပ် မကြာခင် ငှက်စာကျွေးပြီး တော့မှာပါ'

ဟိုင်ကျိက အသင့်တွေ့သော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

သူသည် စာကလေးကို အကဲခတ်ကြည့်နေလိုက်သည်။

စာကလေးက ငှက်စာ ကျွေးပြီးတော့မှ ဟိုင်ကျိနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး....

'မနက်ဆိုရင် သူတို့တစ်တွေကို အစာကျွေးမှာ'

ဟိုင်ကျိက ပြုံးပြလိုက်သည်။

'မနက်ဆိုရင် သူတို့တွေကို အစာကျွေးမှာ'

ဟိုင်ကျိက ပြုံးလိုက်သည်။

စာကလေးက....

'ကဲ... ဘာသိချင်သလဲ'

ဟု စကားစပေးလိုက်သည်။

ဟိုင်ကျီ ပြောချင်နေကြောင်းသိလိုက်သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

ဟိုင်ကျီက ငွေလွှဲလက်မှတ်ကို ကောက်ယူကာ ကြည့်လိုက်ပြီး....

'ဒီနေ့ လာဘ်တယ်ကောင်းပါလား၊ ကျုပ် ဖြေရမယ့် အဖြေက အတော်ခက်မယ်ထင်တယ်'

ဟိုင်ကျီက....

'မခက်ပါဘူး၊ ဒါကမေးခွန်းနှစ်ခုအတွက်ပါ'

စာကလေးက....

'မေးပါ'

ဟိုင်ကျီက....

'ပထမမေးခွန်းက မိုးယက္ခကို ဘယ်မှာရှာရမလဲ'

စာကလေး မျက်မှောင်ကြုတ်သွားသည်။

အတန်ကြာမှ....

'ချုံချုန်းလုံပဲလား'

'ဟုတ်တယ်'



'သူက ယင်းကျန်းပြည်နယ်ကို သွားတာ တွေ့တယ်လို့ လွန်ခဲ့တဲ့သုံးရက်ကသာတင်းရတယ်၊ သူ့ဇာတိပြန်တာဖြစ်မယ်'

ဟိုင်ကျီက....

'ကောင်းပြီ၊ ဒုတိယမေးခွန်းကတော့ သက်တော်စောင့်တာဝန်ထမ်းဆောင်မယ့် သိုင်းသမားတစ်ယောက် လိုချင်တယ်။

'သိုင်းအဆင့်သတ်မှတ်သလား'

'ဟုတ်တယ်၊ ပထမတန်းပဲ'

စာကလေး တွေးတောလိုက်သည်။

ခဏနေမှ နာမည်တစ်ခုကို ရွတ်ပြလိုက်သည်။

ဟိုင်ကျီက မှတ်သားလိုက်သည်။

စာကလေးက....

'သူ့ရဲ့ သိုင်းပညာကကောင်းတယ်၊ ဒါပေမယ့် ပြဿနာတစ်ခုတော့ရှိတယ်'

ဟိုင်ကျီက....

'ဘာများလဲ'

စာကလေးက....

'သူဟာ နေပြည်တော်က အလိုရှိနေတဲ့လူပဲ၊ ဒါပေမယ့် သူက ဘာမဆိုခိုင်းလို့ရမယ်'

ဟိုင်ကျိက....

'ကျုပ်နားလည်ပြီ၊ သူ့အတွက် ခိုလှုံဖို့ နေရာပေးရမယ်၊ သူကလဲ အလိုရှိသမျှ ပြန်လုပ်ပေးမယ်ဟုတ်လား'

'ဟုတ်တယ်၊ ဒီလိုလူမျိုးပဲ ခင်ဗျားတို့က လိုချင်တာ မဟုတ်လား'

ဟိုင်ကျိသည် စာကလေးအား ကြည့်လိုက်သည်။

စာကလေးသည် တကယ်ပင် အရာရာကို သိရှိနေသည်ဟု ခံစားလိုက်ရသည်။

စာကလေးက....

'ကဲ....ကိစ္စပြီးရင် သွားနိုင်ပြီ'

ဟိုင်ကျိက....

သူနဲ့ ဆက်သွယ်ဖို့....

စာကလေးက....

'ခင်ဗျား ဒီမြို့တောင်ဘက်က ဘုံကျောင်းပျက်မှာ စောင့်နေပါ၊ နှစ်ရက်အတွင်း ရောက်လာလိမ့်မယ်'



ဟိုင်ကျိက စာကျလေး အခန်းတွင်းမှ ထွက်လာခဲ့လေတော့သည်။

ဘုံကျောင်းပျက်....

ဟိုင်ကျိက ဘုံကျောင်းပျက်အား ကြည့်ကာ နှာခေါင်းရှုံ့လိုက်သည်။

ဖုန်များထူထပ်ပြီး အနံ့အသက်ကလည်း မကောင်းပါ။

ဤနေရာတွင် သူက နှစ်ရက်နေထိုင်ရမည့် အရေးကို တွေးလာ စိတ်ညစ်သွားမိလေသည်။

ထိုစဉ် သူ့နေ ဘက်ကျောမှ စကားသံကို ကြားလိုက်ရသည်။

'မင်း ဟိုင်ကျိလား'

ဟိုင်ကျိ ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူနှင့် ခြေနှစ်လှမ်းခန့်အကွာတွင် ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် တောက်ပသော အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မျက်နှာက သွယ်ပြီး မျက်လုံးများက စူးရှလှသည်။

ခါးတွင် ဓားနှစ်လက်ကို ချိတ်ဆွဲထားသည်။

သူ၏လက်တွင် သံကွင်း ခုနစ်ကွင်းကို လက်ကောက်သဖွယ် ဝတ်ဆင်ထားသည်။

ထိုလူသည် သူ၏အနောက်ဘက် ခြေနှစ်လှမ်းခန့်အကွာအထိ သူမသိအောင် ချဉ်းကပ်လာနိုင်ခဲ့သည်။

ထိုလူ၏ပညာမှာ အတော်ပင်အဆင့်မြင့်မည်ဟု သိလိုက်၏၊

ဟိုင်ကျိက ပျက်ယွင်းသွားသောမျက်နှာကို ပြင်လိုက်ပြီး…

'မင်းဘယ်သူလဲ၊ ကျုပ်ကို ဘာကြောင့် သိနေတာလဲ'

ထိုလူက….

'ကျုပ်က မီးနဂါး'

ဟိုင်ကျိ၏မျက်နှာ ဝင်းလက်သွား၏။

'သူ ဤနေရာသို့ရောက်ရှိလာခြင်းသည် မီးနဂါးနှင့် တွေ့ဆုံရန် အတွက်ပင် ဖြစ်သည်မဟုတ်လား'

'ခင်ဗျား နှစ်ရက်အတွင်းရောက်လာမှာတဲ့'



'အခု ရောက်လာပြီပဲ'

'ကောင်းတယ်၊ ကျုပ်လဲ ဒီလိုနေရာမျိုးမှာ ကြာကြာ မစောင့်နိုင်ပါဘူး၊ ခင်ဗျား အလုပ်လက်ခံပြီလား'

မီးနဂါး ခေါင်းခါယမ်းလိုက်၏။

'ကျုပ်အတွက် အခွင့်အရေး ဘယ်လောက်ရှိတယ်ဆိုတာ မသိရသေးဘဲနဲ့ ကျုပ်က ဘာကြောင့်လက်ခံရမှာလဲ'

ဟိုင်ကျိက ပြုံးလိုက်၏။

'နေစရာရမယ်၊ အရက်၊ မိန်းမ လိုတာရမယ်၊ လာစဉ် ပုံမှန် ဝင်ငွေရမယ်၊ တစ်ခါတရံ အထူးကိစ္စရှိရင် ရှိသလို ဆုငွေ ရရှိမယ်'

'ဒါပဲလား'

'အထူးသဖြင့် ခင်ဗျားကို နေပြည်တော်က ရဲမက်တွေ လိုက်မရှာနိုင်တဲ့ နေရာပဲ'

မီးနဂါး မျက်လုံးများ ဝင်းလက်သွား၏။

'ကောင်းပြီ၊ နေရာပြော'

ဟိုင်ကျိက….

'လုံစန်း'

မီးနဂါး ရယ်မောလိုက်၏။

'ငါသိပြီ၊ ငါ့ကိုခေါ်ချင်တာ မင်းသားလေးဟို့ကွမ်းမှေ့'

ဟိုင်ကျိ မျက်လုံးပြူးသွား၏။

'ကျုပ်တို့မင်းသားကို သိတယ် ဟုတ်လား'

'လုံစန်းမြို့ နာမည်သိရင် မင်းသားလေးနာမည်ကိုလဲ သိရမှာပေါ့'

'ကောင်းပြီ၊ ခင်ဗျားအလုပ်လက်ခံပြီဆိုရင် မင်းသားလေးဆီကိုသာ သွားလိုက်ပါ၊ ကျုပ်က ခရီးဆက်သွားပြီလို့သာ ပြောလိုက်ပါ'

မီးနဂါးက....

'ကောင်းပြီ၊ ခင်ဗျားက ကျုပ်ရဲ့သိုင်းပညာကို မစစ်ဆေးတော့ဘူးလား'

ဟိုင်ကျိက ပခုံးတွန့်လိုက်၏။

'ဒါက မင်းသားလေးရဲ့သဘောပါပဲ'

သူသည် စကားဆုံးသည်နှင့် ဘုံကျောင်းဖျက်အတွင်းမှ ထွက်ခွာသွားလေတော့သည်။

❦



မိုးယက္ခသည် ယင်းကျန်းနယ်ထဲသို့ ရောက်ရှိလာ၏။

သူ ယင်းကျန်းနယ်တွင် မွေးဖွားခဲ့သူ ဖြစ်၏။

သို့သော် သူ၏ ဇာတိမြေသို့ ပြန်မရောက်ခဲ့သည်မှာ တစ်ဆယ့် ငါးနှစ်ခန့်မျှပင် ရှိခဲ့ပြီဖြစ်၏။

အချိန်သည် အရာရာကို ပြောင်းလဲစေခဲ့၏။

တစ်ဆယ့်ငါးနှစ်အတွင်း၌ သူ့ဘဝသည်လည်း မယုံကြည်နိုင်လောက်အောင်ပင် ပြောင်းလဲသွားခဲ့လေသည်။

ထို့ကြောင့်လည်း သူက ဇာတိမြေသို့ ပြန်မလာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ယခု ဇာတိမြေကို နင်းမိပြီ။

ဇာတိမြေ၏ လတ်ဆတ်သန့်ရှင်းသော လေတို့ကို ရှူရှိုက်မိပြီ ဖြစ်၏။

ဇာတိမြေသည် တစ်ဆယ့်ငါးနှစ်ခန့်အတွင်း အတော်ပင် တိုးတက် ပြောင်းလဲနေသည်ကို တွေ့ရ၏။

'အင်း.... ငါ့ဘဝတောင်မှ မယုံကြည်နိုင်လောက်အောင် ပြောင်းသွားခဲ့တာပဲ၊ ဇာတိမြေလဲ ပြောင်းလဲပြီပေါ့'

သူက တွေးရင်း တစ်စုံတရာကို သတိရသွား၏။

သူ၏မျက်လုံးများ ဝင်းလက်သွား၏။

'အင်း....ငါ အိမ်ကိုပြန်မယ်၊ သူတို့တွေ ငါ့ကိုသာ တွေ့ရ ဘယ်လိုများနေမယ်မသိဘူး'

သူ၏ခြေလှမ်းများက အလွန်ပင် သွက်လက်လာလေတော့ သည်။

❦

ရွာကလေး....

ရွာကလေးကား လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က တည်းကထက် အနည်းငယ် စည်ကားလာသည်မှလွဲလျှင် ထူး ခြား ကြီးမားသော ပြောင်းလဲမှုများ မရှိပါ။

ရွာလယ်လမ်းမ အနည်းငယ် ပို၍ကျယ်ပြီး ဖြောင့်ဖြူ လာ၏။

ထမင်းဆိုင်၊ ဈေးဆိုင်တို့ အနည်းငယ် များလာသည်သာ ရှိ၏။



ထို့ကြောင့် ချုံချစ်လုံသည် သူ၏အိမ်ရှိရာသို့ အလွယ်တကူ ပင် လျှောက်လာနိုင်ခဲ့၏။

မကြာမီ သူ၏အိမ်ကလေးနေရာသို့ ရောက်ရှိလာသည်။

ခြံဝင်းဝအရောက်ဝယ် သူ၏ခြေလှမ်းများက ရပ်တန့်သွားရ လေသည်။

ခြံဝင်းသည် ယခင်ကလိုမဟုတ်ပါ။

သစ်သားချောင်းများဖြင့် သပ်သပ်ရပ်ရပ် ကာရံထား၏။

ခြံဝင်းအလယ်တွင်လည်း တဲငယ်မဟုတ်တော့ပါ။

သစ်သားအိမ်တစ်လုံး ဆောက်လုပ်ထား၏။

'အင်း.... အတော်ပြောင်းလဲနေပါလား'

သူသည် စည်းရိုးတံခါးကိုဖွင့်ကာ လှမ်းဝင်လိုက်၏။

ထိုစဉ် မေးမြန်းသံ ကြားလိုက်ရလေသည်။

'ဘယ်သူလဲ'

မိုးယက္ခာ အသံလာရာသို့ ကြည့်လိုက်၏။

ပန်းပင်များကြားမှ တစ်ခေါင်းလုံး ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။

မိုးယက္ခာ ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

'ဘဘကွမ်း'

ဘဘကွမ်း ဟူသောအသံးအို မျက်မှောင်ကြုတ်သွားသည်။

သူသည် မိုးယက္ခအနီး တိုးကပ်ကာ မိုးယက္ခ၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

'ဟင်....မင်း....မင်း ချုံချစ်လုံ'

မိုးယက္ခက....

'ဟုတ်ပါတယ်၊ ကျွန်တော် ချုံချစ်လုံပါ ဘဘကွမ်း'

ဘဘကွမ်းက ...

'မင်းထွက်သွားတာ ကြာလှပြီ၊ အခုမှ ဘယ်လေနဲ့အတူ ဒီကို ပါလာတာလဲ'

ဟု ပြစ်တင်သောလေသံဖြင့် ပြောလိုက်သည်။

ဘဘကွမ်းစကားကို မိုးယက္ခခေါ် ချုံချစ်လုံ အရေး မထားနိုင်ပါ။

'ဒါတွေထားလိုက်ပါ၊ အခု ဘဘကွမ်းက ဒီကို ဘယ်လို ရောက်နေသလဲ၊ သူတို့ကောဟင်'

ဟု အလောတကြီး မေးလိုက်လေသည်။



ဘဘကွမ်းက....

'သူတို့ ဒီကထွက်သွားတာ ရှစ်နှစ်ရှိပြီ၊ ဒီအိမ်ကလေးကို ကျုပ်ကို ရောင်းသွားတယ်လေ'

'ဗျာ'

မိုးယက္ခ(ခေါ်)ချုံချစ်လုံတစ်ယောက် ပါးစပ်အဟောင်းသား ဖွင့်သွားရလေတော့သည်။

'သူ သူတို့ပြောင်းသွားပြီဟုတ်လား'

ဘဘကွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဘယ်ကိုပြောင်းသွားတာလဲ'

ဘဘကွမ်းက...

'ကဲ....လာ....လာ... အိမ်ထဲဝင်ပြီး စကားပြောကြရအောင်'

❦

ချို့ချစ်လုံခေါင်းငိုက်စိုက်ချထားသည်။

'ဒါတွေအားလုံးဟာ ကျွန်တော့်အပြစ်တွေပါပဲ'

ဘဘကျွမ်းက....

'သူတို့သားအမိလဲ ဒီရွာမှာ ဘာလုပ်ကိုင်စားတော့မလဲ'

'သူတို့မိဘတွေရွာကို ပြန်သွားတာပေါ့'

'ဟုတ်တယ်၊ ဒါပေမယ့် သူ့မိဘတွေကွယ်လွန်သွားပြီးတဲ့နောက် ထပ်ပြီးပြောင်းသွားပြန်တယ်'

'ဘယ်ကိုလဲ'

'အဲဒါတော့ ကျုပ်လဲမသိတော့ဘူး၊ သူတို့သတင်းမကြားရတာလဲ အတော်ကြာသွားပြီ'

ဘဘကျွမ်းက ချို့ချစ်လုံအား စိုက်ကြည့်ကာ ပြောလိုက်သည်။

'သေသောသူကြာရင်မေ့၊ ပျောက်သောသူရှာရင် တွေ့တဲ့မင်းထောင်မှာ တစ်ဆယ့်ငါးနှစ်လုံးလုံးပျောက်နေပြီး အခုပြန်ရောက်သာသေးလာသေးတာပဲ၊ မင်းကသာ သူတို့ကိုရှာဖွေမယ်ဆိုရင် မကြာခင် ပြန်တွေ့မယ်လို့ ငါတော့ ယုံကြည်တယ်'



ချို့ချစ်လုံက....

'စိတ်ချပါ ဘဘကျွမ်း၊ကျွန်တော်သူတို့ကို မတွေ့တွေ့အောင်လိုက်ရှာပါ့မယ်၊ ကဲ....ကျွန်တော်ကိုခွင့်ပြုပါဦး'

သူသည် ဘဘကျွမ်းအား ဦးညွှတ်အရိုအသေပြု နှုတ်ဆက်ကာ ရွာကလေးတဲမှ ထွက်ခွာလာခဲ့လေတော့သည်။

'မိုးယက္ခ မင်းကိုကျုပ်တို့စောင့်နေတာကြာပြီ'

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် မိုးယက္ခချို့ချစ်လုံ၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

ထိုစဉ် လမ်းနံဘေးရှိ သစ်ပင်ချုံနွယ်များ လှုပ်ရှားသွားပြီး လမ်းပေါ်သို့ ဝတ်စုံနက် သုံးယောက် ရောက်ရှိလာကြသည်။

မိုးယက္ခချို့ချစ်လုံက....

'မင်းတို့ ငရဲတောင်ကြားသုံးဖော်နဲ့ ကျုပ်ဘာမှ ကိစ္စမရှိဘူးထင်တယ်'

သူက အေးအေးဆေးဆေးပင် ပြန်ဖြေလိုက်သည်။

ငရဲတောင်ကြားသုံးဖော်သည် သိုင်းလောကတွင် သိပ်ကျော်ကြားသော သူများမဟုတ်ပါ။

သို့သော် ထိုသုံးယောက်သည် အနက်ရောင်သိုင်းလောကအတွင်းတွင်လည်း ကျက်စားနေသည်မှာ ကြာပြီဖြစ်သည်။

ငရဲတောင်ကြားသုံးဖော်က ...

'မိုးယက္ခ မင်း လူသတ်တဲ့အခါမှာ ရန်ငြိုးရှိဖို့လိုအပ်သလား'

မိုးယက္ခ မျက်နှာပျက်သွားသည်။

'ဒါဖြင့် မင်းတို့က သတ်ကြမယ်ဆိုပါတော့'

'သိပ်မှန်တာပေါ့'

'မင်းတို့ သတ်နိုင်တဲ့ အရည်အချင်းကော ရှိလို့လား'

သူက စကားမဆုံးမီမှာပင် အနီးဆုံးလူကို ပြေးဝင်ကာ မားနှင့်ခုတ်ချလိုက်လေသည်။

မိုးယက္ခ၏လှုပ်ရှားမှုက လျင်မြန်လှသည်။

မည်သူမျှ မထင်မှတ်သော အချိန်တွင် လက်ဦးမှု ယူကာ တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။



'အား'

ငရဲတောင်ကြားသုံးဖော်မှ လူသည်ရှောင်တိမ်းနိုင်ခြင်းမရှိလိုက်ပါ။

မိုးယက္ခ၏ဓားချက်ထိမှန်ကာ ခွေခနဲ လဲကျသွားသည်။

ငရဲတောင်ကြားမှ လူ ၂-ဦးသည် သူတို့အဖော် ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသည်ကို တွေ့သောအခါ ဒေါသခြောင်းခြောင်းထွက်သွားသည်။

'မိုးယက္ခ မင်းယုတ်မာလှချည်လား'

မိုးယက္ခက....

မင်းတို့ ငါ့ကိုသတ်ဖို့ရောက်လာတယ်၊ ငါ့ကိုယ်ငါ ကာကွယ်ဖို့တိုက်ခိုက်တယ်၊ ဒါ ယုတ်မာသလား'

'ယုတ်မာတယ်၊ မင်းအခုလို အလစ်မဆိုက်သင့်ဘူး'

မိုးယက္ခက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား.... သူသေ ကိုယ်သေ တိုက်ခိုက်မယ့် အခြေအနေမျိုးမှာ ဘာကိုသတိပေးနေရဦးမလဲ'

ငရဲတောင်ကြား နှစ်ဖော်သည် ရုတ်ခြည်းပင် မိုးယက္ခအား ဘယ်ညာမှဝိုင်းရံကာ တိုက်ခိုက်လိုက်ကြလေသည်။

မိုးယက္ခကလည်း ချက်ချင်းပင် ခေါးကို ငှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

တိုက်ပွဲကား သိပ်မကြာလှပါ။

မိုးယက္ခချုံချစ်လုံး၏ ပြင်းထန်လှသော ခေါးချက်အောက်တွင် ငရဲတောင်ကြားသုံးဖော်စလုံး သေဆုံးသွားလေတော့သည်။

မိုးယက္ခ ခေါးပြန်သိမ်းလိုက်သည်။

'ဟို့ကွမ်း....ဟို့ကွမ်း.... မင်းက ဒီလူတွေနဲ့ ငါ့ကိုလုပ်ကြံခိုင်းလို့ မရပါဘူး၊ တစ်နေ့တော့ မင်းကို လာဆုံးမမယ် သတိထား'

ဟု ကြုံးဝါးလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

❦



ဟား....ကျွတ်... ကျွတ်'

ဖူဝမ်စင်း နာကျင်စွာ ညည်းတွားလိုက်သည်။

ထို့နောက် သူက လဲလျောင်းနေရာမှ ထလိုက်သည်။

'ဟင်'

သူ၏မျက်လုံးအစုံက ပြူးကျယ်သွားသည်။

သူသည် လမ်းပေါ်တွင် လဲလျောင်းနေခြင်း မဟုတ်ပါ။

သန့်ပြန့်နေသော ခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေခြင်းဖြစ်သည်။

သူက အခန်းတွင်း နေကြည့်လိုက်သည်။

အခန်းက သန့်ရှင်းသည်။

စာအုပ်စင်များကို တွေ့ရသည်။

'ဘယ်သူ့အခန်းများလဲ'

သူတွေးနေစဉ်ပင်....

'မင်း သတိရပြီလား'

အသံနှင့်အတူ အဘိုးအိုတစ်ယောက်ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

အဘိုးအိုသည် ချည်ဖျင်ကြမ်းအင်္ကျီကိုဝတ်ဆင်ထားသည်။

သို့သော် သူ၏ ဥပမိရုပ်က အလွန်ပင်ခန့်ညားလှပေသည်။

ဖူဝမ်စင်းက....

'ကျွန်တော် ဒီကို ဘယ်လိုရောက်နေတာလဲ'

အဘိုးအိုက ကုလားထိုင်ကွင် ဝင်ထိုင်လိုက်၏။

'ကျုပ်အိမ်အပြန် လမ်းမှာ မင်းက သတိမေ့ လဲကျနေတာ တွေ့လို့ ခေါ်လာခဲ့တယ်၊ ကျုပ် တတ်သမျှ မှတ်သမျှ ကုပေးခဲ့တယ်၊ မင်းရဲ့ဒဏ်ရာက သိပ်မများလှပါဘူး၊ သွေးထွက် လွန်လို့သာ ဖြစ်သွားတာပါ၊ သုံးလေးရက်လောက် အနားယူလိုက်ရင် ပုံမှန် ပြန်ဖြစ်သွားမှာပါ'

ဖူဝမ်စင်းက အဘိုးအိုအား ဦးညွတ်လိုက်၏။

'ဘဘကို ကျေးဇူးတင်ပါတယ်၊ နောင်အခွင့်ကြုံတဲ့အခါ ဘဘကို ကျေးဇူးပြန်ဆပ်ပါရစေ'

သူက ပြောရင်း အခန်းထဲမှ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

အဘိုးအိုက ...

'မင်းဘယ်သွားမလို့လဲ၊ တကယ်ဆိုရင် မင်းက ဒီမှာ သုံးလေးရက်လောက် အနားယူပြီးမှ ခရီးဆက်သင့်တယ်'

ဖူဝမ်စင်းက...

'ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ'



'ကိစ္စတစ်ခုဟာ အရေးကြီးတာချည်းပဲ၊ ဒါပေမယ့် ဖြည်းဖြည်း ဆောင်ရွက်လဲ ရတဲ့အလုပ်ဆိုရင်တော့ မလောပါနဲ့၊ ဒါဟာ မင်းအတွက်ပြောတာပါ'

ဖူဝမ်စင်းက....

'ကျွန်တော် ဘဘရဲ့စေတနာကို နားလည်ပါတယ်၊ ဒါပေမယ့် ရှန့်မူတောင်ထိပ်ပေါ်ကို လဆန်းဆယ်ရက်နေ့အရောက် သွားရမှာမို့ပါ'

အဘိုးအိုက....

'လွန်ခဲ့တဲ့ သုံးရက်က လဆန်း ဆယ်ရက်နေ့ပဲ'

'ဗျာ'

'ဟုတ်တယ်၊ မင်း သတိမေ့နေတာ စုစုပေါင်း ငါးရက်ကြာခဲ့တယ်၊ ဒီနေ့ ဆိုရင် ခြောက်ရက်ပဲ'

ဖူဝမ်စင်း ငိုင်ကျသွား၏။

'ဟာ....ဒုက္ခပဲ'

သူသည် အလွန်ပင် ထိတ်လန့်သွားသည်။

'မဖြစ်ဘူး....မဖြစ်ဘူး၊ ကျွန်တော် ရှန့်မူတောင်ပေါ် ရောက်မှ ဖြစ်မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဘဘ'

သူသည် စကားဆုံးသည်နှင့် အခန်းတွင်းမှ ဒရောသော ပါး ပြေးထွက်သွားခဲ့လေတော့သည်။

✤

ရှန့်မှူတောင်....

ရှန့်မှူတောင်ပေါ်တွင် ကွက်လပ်ကျယ်တစ်ခုရှိ၏။

ထိုကွက်လပ်ကျယ်၏ အနောက်ဘက်တွင် နားခိုဆောင် ကလေး တစ်ခုရှိ၏။

ဖူဝမ်စင်း ရှန့်မှူတောင်ထိပ်ပေါ်သို့ ရောက်ရှိလာသောအခါ မည်သူ့ကိုမျှ မတွေ့ရပါချေ။

'ကျုပ်-ဖူဝမ်စင်း....ချင်းမိန်ဂိုဏ်းကိုယ်စား ရောက်ရှိလာပါ တယ်'

ဟု ကျယ်လောင်စွာ အော်ပြောလိုက်၏။

သူ၏အသံသည် ပဲ့တင်ထပ်ကာ ဟိန်းထွက်လာသည်။



တုံ့ပြန်သံကား မရှိပါ။

ဖူဝမ်စင်း၏ရင်ထဲ လှုပ်ရှားလာသည်။

'ဘယ်သူမှမရှိတော့ပါလား၊ ပြန်သွားကြပြီထင်တယ်'

သူသည် နားခိုဆောင်ကလေးပေါ်သို့ တက်လာခဲ့သည်။

ထိုအခါ နားခိုဆောင်၏ တိုင်တစ်လုံးတွင် စာလုံးများ ရေးထွင်းထားသည်ကို တွေ့လိုက်ရလေသည်။

✤

သစ်သားတိုင်ပေါ်တွင် စာလုံးများ အထင်းသား ပေါ်လွင်နေ၏။

ထိုစာလုံးများကို ဓားနှင့်ထွင်းကာ ရေးထားခြင်း မဟုတ်ပါ။

လူတစ်ယောက် အတွင်းအားကို အသုံးပြုကာ ထိုတိုင်ကို လက်ညှိုးနှင့် ခြစ်ကာ ရေးသွားခြင်းဖြစ်သည်ကို သိရှိနားလည် လိုက်၏။

ချင်းမိန် ပထမ....

ဖူဝမ်စင်း ထိုစာလုံးကိုကြည့်ကာ ခံပြင်းသွား၏။

'မဟုတ်ဘူးကွ'

သူသည် တိုင်ကို လက်ဝါးဖြင့်ဖိကာ ပွတ်ချလိုက်သည်။

နှစ်ကြိမ်ခန့် ပွတ်သပ်လိုက်သောအခါတွင် တိုင်ပေါ်တွင် ရေးထွင်းထားသော စာများ ပျောက်ကွယ်သွားလေသည်။

ဖူဝမ်စင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

'ဓိကနေ့ ငါ အချိန်မီမရောက်ခဲ့ဘူး၊ ငါတို့ ချင်းမိန်ဂိုဏ်းကို ဆရှုံးသတ်မှတ်လိုက်ပြီလား'

ဖူဝမ်စင်း ရုတ်ချည်းပင် ပြန်ထလိုက်၏။

'ဒါ... ဒါဆိုရင်'

သူသည် ချင်းမိန်ဂိုဏ်းမှ ဝါရင့်အဘိုးအို၏စကားကို ပြန်လည်ကြားယောင်မိသည်။

'ငါတို့ နှစ်ကြိမ်ရှုံးခဲ့တယ်၊ ဒီတစ်ကြိမ်ရှုံးရင် ချင်းမိန်ဂိုဏ်းဟာ သိုင်းလောကထဲက လုံးဝ ဖျက်ဆီးခံရလိမ့်မယ်'

'တောက်'

ဖူဝမ်စင်း ခံပြင်းစွာ တောက်ခေါက်လိုက်၏။



သူ၏အပြစ်ကြောင့် သူ၏ ချင်းမိန်ဂိုဏ်း ဒုက္ခရောက်ရပြီလော။

စိတ်များ ပူလာ၏။

သူသည် ချက်ချင်းပင် ရှန့်မူတောင်ပေါ်မှ တရကြမ်းဆင်းလာခဲ့လေတော့သည်။

မင်းသားလေးဟို့ကွမ်းက သူ့ရှေ့မှလူကို စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားက မီးနဂါး ဟုတ်လား'

'ဟုတ်တယ်'

'သိုင်းလောကထဲမှာ ခင်ဗျားနာမည်ကို ကျုပ် ကြားဖူးပါတယ်'

မီးနဂါးက ပြုံးလိုက်ပြီး....

'ကျုပ်ရဲ့နာမည်က မင်းသားလေးနာမည်နဲ့ နှိုင်းစာရင် ဘာမှ မပြောပလောက်ပါဘူး'

မင်းသားလေးတို့ကွမ်းက ရယ်မောလိုက်၏။

'သိုင်းသမားတစ်ယောက်က သိုင်းပညာ သုံးရင်တော့ အလကားပဲဗျ'

သူက ရုတ်တရက် ကျောခိုင်းလိုက်၏။

ထိုအခါ နံရံတွင် တန်းစီရပ်နေသော ကိုယ်ရံတော် ရှစ်ဦးသည် လျှပ်အစ်ပြက်ပင် မီးနဂါးထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

သူတို့အသည် မီးနဂါးအား အလစ်တွင် အပိုင်ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြခြင်းပင် ဖြစ်သည်။

ဝဲဘက်မှ လူလေးယောက်က မီးနဂါး၏ ခန္ဓာကိုယ်အပေါ်ပိုင်း လေးနေရာသို့ တိုက်ခိုက်လိုက်ကြ၏။

ညာဘက်မှ လူလေးယောက်က မီးနဂါး၏ ခြေနှစ်ဖက်ကို ဦးတည်ကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

သူတို့က သေသေချာချာ တွက်ဆပြီးမှ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်၏။

'ယား'



'ချွမ်း'

လူရှစ်ယောက် ချက်ချင်း နောက်ပြန်ဆုတ်သွား၏။

မီးနဂါး ရုတ်တရက် ပျောက်သွားသောကြောင့်....

'ဟား....ဟား....ဟား'

ထိုစဉ်မှာပင် မီးနဂါးထံမှ အေးစက်သော ရယ်မောသံ ထွက်ပေါ်လာ၏။

အားလုံးက ရယ်မောသံလာရာသို့ ကြည့်လိုက်၏။

မီးနဂါးသည် ထုတ်တန်းတွင်ထိုင်နေသည်ကို တွေ့ရ၏။

အစောင့်တစ်ဦးက....

'မီးနဂါး၊ မင်းက ကြောက်လို့ ထွက်ပြေးတာလား'

ဟု အော်ငေါက်လိုက်၏။

မီးနဂါး နှာခေါင်းရှုံ့လိုက်၏။

'မင်းတို့လောက်တော့ ကျုပ်က အောက်ဆင်းစရာ မလိုပါဘူး'

သူသည် လက်ကို အသာ ဝှေ့ယမ်းလိုက်သည်။

'အား'

'အံမယ်လေး'

‘အွန့်’

အာသံမျိုးစုံ ထွက်ပေါ်လာ၏။

မင်းသားလေးဟို့ကွမ်း၏ လူရှစ်ယောက်သည် ကြမ်းပြင်ပေါ်တွင် လူးလိမ့်ကာ အော်ဟစ်နေကြ၏။

မင်းသားလေးဟို့ကွမ်းက လက်ခုပ်တီးလိုက်၏။

‘ကောင်းလိုက်တဲ့ လက်နက်ပုန်းပညာ’

မီးနဂါးက ပေါ့ပါးစွာပင် အောက်သို့ဆင်းလာ၏၊

‘ကျုပ်ရဲ့အရည်အချင်းက လုံလောက်ရဲ့လား မင်းသားလေး’

မင်းသားလေးဟို့ကွမ်းက ဘာမျှမပြောပါ။

အရက်တစ်ခွက်ငှဲ့ကာ မီးနဂါးထံ လှမ်းပေးလိုက်သည်။

မီးနဂါး အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

မင်းသားလေးဟို့ကွမ်းဟ ...

‘မီးနဂါး၊ ကျုပ်က အရက်ထဲ အဆိပ်ခတ်ထားမှာ မကြောက်ဘူးလား’

မီးနဂါးက ပြုံးလိုက်၏။



‘မင်းသားလေးနဲ့ကျုပ် ရန်သူဆိုရင်တော့ ဘယ်သောက်ဝံ့မှာလဲဗျာ’

မင်းသားလေးဟို့ကွမ်းက....

‘သိပ်ကောင်းတယ်၊ ခင်ဗျားလိုလူတစ်ယောက် ကျုပ်ရဲ့လက်အောက်ကို ရောက်လာတာ ဝမ်းသာဂုဏ်ယူပါတယ်’

ဟိုင်ကျီဒေါသထွက်နေ၏။

မိုးယက္ခအား သာမန် စားပြတစ်ယောက်ဟု ထင်မှတ်ခဲ့သည်မှာ မှားယွင်းသွားပြီ မဟုတ်ပါလား။

မိုးယက္ခအား ရှင်းပစ်ရန် ငရဲတောင်ကြားသုံးဖော်နှင့် လုံလောက်ပြီဟု သူက ယူဆခဲ့သည်။

ယခု ငရဲတောင်ကြား သုံးဖော်သည် သက်မဲ့ဘဝသို့ ပြောင်းသွားခဲ့ပြီ မဟုတ်ပါလား။

'ဆောက်'

ဟိုင်ကျိ တောက်ခေါက်လိုက်သည်။

'မိုးယက္ခ၊ မင်းဘယ်လောက်ပြေးနိုင်မလဲ ကြည့်ရသေးတာ ပေါ့'

သူသည် လမ်းကလေးအတိုင်း ခပ်သွက်သွက်ပင် ဆက်လျှောက်သွားသည်။

မိုးယက္ခ သွား မည့်နေရာကို သိထားပြီ။

မိုးယက္ခအား ရှင်းပစ်ရန်အတွက် သူက နောက်ထပ် မည်သူ့ကို စေလွှတ်ရမည်ကို သွားရင်း စဉ်းစားလိုက်၏။

ချက်ချင်းပင် ကျားသစ်ကို သတိရသွားသည်။

ကျားသစ်သည် အလွန်ထူးချွန်သော ကြေးစားလူသတ်သမားဖြစ်သည် မဟုတ်ပါလော။

ကျားသစ်ကိုသာ တာဝန်ပေးလိုက်လျှင် မိုးယက္ခ မလွဲမသေ သေဆုံးရမည်ဟု သူ ယုံကြည်သည်။

သူ့ခြေလှမ်းများ အလွန်ပင် ပေါ့ပါးသွက်လက်သွားလေတော့သည်။



မိုးယက္ခ ချုံ့ချစ်လုံးသည် ဇနီးဖြစ်သူ၏ ဇာတိရွာမှ ပြန်ထွက်လာခဲ့သည်။

သူ၏ဇနီး မည်သည့်နေရာ ပြောင်းရွှေ့သွားသည်ကို သူ စုံစမ်းမရပါချေ။

မိုးယက္ခ စိတ်ဓာတ်ကျသွားသည်။

သူ ဓားပြအဖြစ် ကျင်လည်ကျက်စားနေစဉ်ကာလအတွင်း သူ၏မိသားစုသည် အလွန်ပင်အတိဒုက္ခရောက်ခဲ့ကြောင်း ကြားသိခဲ့ရသည်။

သူအတော်ပင် စိတ်ထိခိုက်ခဲ့ရသည်။

သူ့ဘဝ ပြောင်းလဲသွားမှုသည် သူ့မိသားစု တစ်ခုလုံးကိုပါ ပြောင်းလဲစေခဲ့သည် မဟုတ်ပါလား။

မိုးယက္ခသည် တွေးတောရင်း လျှောက်လာနေရာမှ ရုတ်ခြည်းပင် ခြေလှမ်း ရပ်တန့်သွားလေသည်။

သူသည် ရန်သူ၏ အငွေ့အသက်ကို ခံစားလိုက်ရသည် မဟုတ်ပါလား။

မိုးယက္ခသည် ဓားရိုးပေါ်လက်တင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပကတိ တိတ်ဆိတ်နေ၏။

ရန်သူအရိပ်အယောင်ကိုလည်း မတွေ့ရပါ။

သို့သော် သူသည် ရန်သူရှိနေသည်ဟု ခံစားနေရသည်။

သူ၏များပြားလှသော အတွေ့အကြုံက သတိပေးနေသည်။

မိုးယက္ခသတိ ဓားပေါ် လက်အသင့်တင်လိုက်ပြီး…

'မိတ်ဆွေ ပုန်းကွယ်မနေနဲ့ ထွက်လာခဲ့ပါ'

သူ့အသံအဆုံးတွင် ညာဘက်မှအရိပ်က လျှင်မြန်စွာတိုးဝင်လာသည်ကို တွေ့လိုက်ရသည်။

မိုးယက္ခကလည်း တုန့်ဆိုင်းမနေဘဲ ဓားကို ဆွဲထုတ်ကာ ဆီးကြို၍ ခုတ်ချလိုက်လေသည်။

'ချွမ်း'

မိုးယက္ခ နောက်သို့ သုံးလှမ်းမျှ ဆုတ်သွားရသည်။

ထို့အတူ အလစ် တိုက်ခိုက်လာသူမှာလည်း နောက်သို့ ဆုတ်သွားရသည်။

မိုးယက္ခက အလစ်တိုက်ခိုက်လာသူအား ကြည့်လိုက်သည်။

ထိုလူသည် အစက်အပြောက်များပါသော ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။



သူ၏ လက်နှစ်ဖက်တွင် သံလက်သည်းရှည်များ တပ်ဆင်ထားသည်။

ထိုလူအားကြည့်ရသည်မှာ လူနှင့်မတူပါ။

ကျားသစ်တစ်ကောင်နှင့် တူလှ၏။

မိုးယက္ခ ချက်ချင်းပင်နားလည်သွားသည်။

'လက်စသတ်တော့ ကျားသစ်ကို ခင်ဗျားက ကျုပ်ကို သတ်ဖို့ လက်ခံထားပြီ ထင်ပါရဲ့'

ကျားသစ်က…

'သိပ်မှန်တာပေါ့၊ ဒီကနေ့ဟာ မင်းအတွက် နောက်ဆုံးနေ့ပါပဲ'

သူသည် စကားဆုံးသည်နှင့် မိုးယက္ခအား ခုန်အုပ်လိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ ကျားသစ်တစ်ကောင်နှင့် တူလှသည်။

မိုးယက္ခ ရင်ထိတ်သွားသည်။

ကျားသစ်သည် နာမည်ကျော် ကြေးစား လူသတ်သမား တစ်ယောက်ဖြစ်ကြောင်း သူသိထားသည်။

လုံးဝမပေါ့ဆရပါ။

သူသည် ငါးချက်တိတိ ဆင့်ခုတ်ကာ ဟန်တားတိုက်ခိုက်လိုက်လေသည်။

'ချွမ်း...ချွမ်း'

ကျားသစ်မှာ နောက်ပြန်ဆုတ်သွားသည်။

သို့ရာတွင် မြေပေါ် ခြေကျသည်နှင့် တစ်ရှိန်ထိုး ပြန်လည်ခုန်ဝင်လာပြန်လေသည်။

သူ၏ ဘယ်ညာ လက်နှစ်ဖက်က မိုးယက္ခ၏ လည်မျိုနှင့် ဓားကိုင်လက်တို့ကို ပြိုင်တူတိုက်ခိုက်လိုက်လေသည်။

မိုးယက္ခ အံကိုတင်းတင်းကြိတ်လိုက်သည်။

ကျားသစ်၏ တိုက်ခိုက်မှုအား ခုခံရန်မလွယ်ကြောင်း သိလိုက်သည်။

ထို့ကြောင့် ဓားကွက် လုံးဝ မထုတ်ပါ။

ကျားသစ်၏တိုက်ခိုက်မှုအား လှုပ်ရှားလာသည်နှင့် သူက နောက်ကျွမ်းပစ်ကာ ခုန်ထွက်လိုက်သည်၊

ကျားသစ်နှင့် မိုးယက္ခတို့ ဝါးတစ်ရိုက်ခန့် ကွာဝေးသွားသည်။



မိုးယက္ခသည် အိမ်ထဲမှ မည်းမည်းအလုံးကလေးတစ်လုံးကို ယူကာ ပစ်ပေါက်လိုက်သည်။

'ခြေခုနစ်လှမ်း အဆိပ်မီးခိုးကိုရှောင်နိုင်ရင် ရှောင်စမ်း'

ဟုလည်း အော်ဟစ်လိုက်သည်။

'ဝုန်း'

မီးခိုးလုံးများ အူတက်လာသည်။

ကျားသစ်မျက်နှာပျက်သွားသည်။

ခြေခုနစ်လှမ်း အဆိပ် မီးခိုးသည် အလွန်ကြောက်စရာကောင်းလှသော လက်နက်ပုန်းတစ်မျိုးပင် ဖြစ်သည်။

သူသည် အသက်ကိုအောင့်ကာ နောက်ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်လေသည်။

မီးခိုးများ အူတက်နေသည်။

လေငြော့ယမ်း တိုက်ခိုက်လိုက်တော့မှ မီးခိုးများ လွင့်ပြယ်သွားသည်။

မြင်ကွင်းလည်း ထင်ရှားလာသည်။

သို့သော် သူ၏ မြင်ကွင်းထဲ၌ မိုးယက္ခအား မတွေ့ရတော့ပါချေ။

'ခွပ်–ခွပ်–ခွပ်'

မြင်းခွာသံသည် စည်းချက်ကျစွာ ထွက်ပေါ်လာသည်။

မကြာမီ တောလမ်းအတိုင်း မြင်းစီးသမားတစ်ယောက် မြင်းကို ဒုန်းစိုင်းစီးနင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းစီးသမားကား ဖူဝမ်ကင်းပင် ဖြစ်ပါသည်။

ဖူဝမ်စင်း၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ခြင်း ဟူသော အရိပ်အယောင်များက အထင်အရှားတွေ့မြင်နေရသည်။

ဖူဝမ်စင်းသည် မြင်းကို တရကြမ်းပင် ဒုန်းစိုင်းနင်းနေသည်။



ဖုန်လုံးများသည် လမ်းတစ်လျှောက် တလိပ်လိပ်တက်နေသည်။

သူသည် မရပ်မနားပင် ခရီးဆက်လာခဲ့ခြင်းဖြစ်သည်။

ခရီးမတွင်မည်စိုးသဖြင့် မြင်းတစ်ကောင်ဝယ်ကာ ခရီးဆက်လာခဲ့၏။

သုံးရက်တိတိ စားချိန်တစ်ခုမှလွဲလျှင် အိပ်ချိန်ပင် မပေးခဲ့ဘဲ ခရီးဆက်လာခဲ့၏။

ထို့ကြောင့် သူ အလွန်ပင် ပင်ပန်းနွမ်းနယ်နေ၏။

ထို့အတူ သူ၏မြင်းမှာလည်း အတော်ပင် မောပန်းနေပြီဖြစ်၏။

မြင်း၏ပါးစပ်မှပင် အမြှုပ်များ ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ဖူဝမ်စင်း သက်ပြင်းချလိုက်၏။

သူ မနားလိုပါ။

သို့သော် မြင်းကို အနားပေးသင့်နေပြီ ဖြစ်၏။

ဆက်သွား၍ မြင်းသာ တစ်စုံတစ်ခုဖြစ်လျှင် ခရီးမတွင်တော့ဘဲ ပို၍ ကြန့်ကြာသွားနိုင်ပေသည်။

ထို့ကြောင့် သူက စမ်းချောင်းကလေးသို့ ရောက်လာသောအခါ ခေတ္တရပ်နားလိုက်ပြီး မြင်းကို ရေတိုက်လိုက်၏။

သူကိုယ်တိုင်လည်း စမ်းချောင်းကလေး နံဘေးတွင် လဲလျောင်း အနားယူလိုက်၏။

ဤစမ်းချောင်းကလေးနှင့် သူတို့ချင်းမိန်တောင်သည် တစ်ရက် ခရီးသာသာမျှသာ ဝေးတော့၏။

ဖူဝမ်စင်းသည် ရိက္ခာခြောက်ကို ထုတ်ယူစားသောက်ကာ စမ်းရေဖြင့် ကိုယ်လက်များ သန့်စင်လိုက်၏။

အချိန်အတော်ပင်ကြာအောင် မြင်းကို အနားပေးလိုက်၏။

ပြီးမှ ခရီးပြန်ဆက်လိုက်၏။

မြင်းညိုကြီးသည် အနားရပြီး ရေသောက် မြက်စားခဲ့ရသဖြင့် ခွန်အား ပြန်လည်ပြည့်ဝသွားဟန်တူ၏။

ဝင့်ဝင့်ကြွားကြွားပင် ဆက်၍ ပြေးလွှားသွားလေတော့သည်။



ချင်းမိန်တောင်....

ဖူဝမ်စင်းသည် ချင်းမိန် တောင်ခြေသို့ ရောက်ရှိလာ၏။

သူသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး တောင်တက်လမ်းအတိုင်း ပြေးတက်လာခဲ့၏။

သူ၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ဖူဝမ်စင်း အလွန်ပင် လျင်မြန်စွာ ပြေးတက်လာ၏။

သို့သော် တောင်ခါးလယ်အရောက်တွင် သူ၏ ခြေလှမ်းများကို ရပ်တန့်သွားရလေသည်။

သူ၏မျက်ခုံးများ ကွေးညွတ်သွားသည်။

ဤနေရာတွင် ကင်းစခန်းရှိသည်။

ကင်းသမားသည် ၂၄ နာရီ တာဝန်ယူရသည်။

ယခု ကင်းသမားအား မတွေ့ရပါ။

ထို့အတူ လျှို့ဝှက်သော ကင်းစခန်းလေးမှာလည်း ပျက်စီးနေသည်ကို တွေ့လိုက်ရ၏....

'ဟင်'

သူ၏ ခြေဖျားလက်ဖျားများ အေးစက်သွားသည်။

သူသည် တောင်ပေါ်သို့ တစ်ရှိန်ထိုး ပြေးတက်လာ၏။

သူ၏ရင်ထဲတွင် စိုးရိမ်ပူပန်စိတ်များကလည်း တစ်စထက် တစ်စ ကြီးထွားလာလေသည်။

မကြာမီ ဖူဝမ်စင်းသည် တောင်ပေါ်သို့ ရောက်ရှိလာသည်။

တောင်ပေါ်ရောက်သည်နှင့် သူ၏ခြေများပင် မခိုင်တော့ဘဲ ဒူးထောက်ကျသွားရ၏။

သူ့ရှေ့တွင် အငွေ့များ တလူလူတက်နေသော မီးလောင်ပြင်ကလေးတစ်ခုကိုသာ တွေ့လိုက်ရသည် မဟုတ်ပါလား...။

ပထမပိုင်း ပြီး၏။

# နန္ဒကျော်သူ

## ချင်းမိန်သိုင်းလုလင်

(ဒုတိယပိုင်း ဇာတ်သိမ်း)